The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 15 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | April 24 , 2017

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ပကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံရရှိ



ဒီမိုကရေစီအစိုးရသစ် လက်ထက်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး မူဝါဒ ၁၂ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့်လည်း ယင်းစီးပွားရေးမူဝါဒများနှင့်အညီ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံ ရရှိတဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံ ရရှိခဲ့ပါတယ်။

ယခင်နှစ်နဲ့ နှိုင်းယှဉ်ကြည့်ရင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့်နဲ့

စာမျက်နှာ - ၁၈ ➢

■ အိန္ဒိယနိုင်ငံသို့ပဲစင်းငုံတင်ပို့ရာတွင် အကောက်ခွန်ကင်းလွတ်ခွင့်အတွက် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ လျှောက်ထားနိုင်

စာမျက်နှာ - ၁၅ ➢

■ နယ်စပ်ဒေသနေပြည်သူများအဆင်ပြေစေရေးအတွက်တစ်ဦးချင်းကုန်သွယ်မှု လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ITC ကတ်ဖြင့်ပို့ကုန်သွင်းကုန်လုပ်ငန်းများ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိ

စာမျက်နှာ - ၁၇ ➢

## စိန်တလုံးသရက်သီးများ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ စတင်တင်ပို့လျက်ရှိ



မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်တွင် မန္တလေးတိုင်းဒေသကြီး၊ ဟန်မြင့်မိုရ်ဒေသနှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့မှ ဦးစွာထွက်ရှိသော စိန်တလုံးသရက်သီးများအား ဧပြီလ ၃ ရက်မှစတင်၍ ကင်တာကားလေးစီး၊ ပမာဏအားဖြင့် တန်ချိန် ၁၇ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၇၈၀ တင်ပို့နိုင်ခဲ့ပါသည်။

ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဧပြီ ၃ ရက်မှ ၁၉ ရက်အထိ သရက်သီးတင်ပို့မှုမှာ ကား ၁၈၄ စီး၊ ပမာဏအားဖြင့် ၇၄၃ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၂၅၃ သန်း တင်ပို့နိုင်ခဲ့ပါသည်။ ဖရဲသီး၊ သခွားမွှေးသီးများတင်ပို့မှု အနည်းငယ်ကျဆင်းလာချိန်တွင် သရက်သီးများမှာလည်း

စာမျက်နှာ - ၁၅ ➢





福興兄弟集團公司
FBT
FU XING BROTHERS GROUP OF COMPANIES
လူကြီးမင်းတို့၏ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းခွင်အရောက်ပို့စနစ်ဖြင့် သင့်လျော်သောဈေးနှုန်း၊ အရည်အသွေး
အာမခံချက်အပြည့်အဝရှိသော ပြည်ပမှစံချိန်မီ Originalသံချောင်း (HRB-400B, BS460B, BS500B) နှင့် Coil(SAE1008B)
အမျိုးမျိုးတို့ကို ဝယ်ယူရရှိနိုင်ပါသည်၊
" FDA " ၏ ခွင့်ပြုချက်ဖြင့် ပြည်ပမှတရားဝင်တင်သွင်းထားသော ကုန်ပစ္စည်းများ ဖြစ်ပါသည်၊
Chemical, Food Additives & Milk Powder
Two Butterflies Full Cream Milk Powder (400 g)
Rainbow Milk Powder (20g)
Non Dairy Creamer (25 kg)
Potassium Sorbate (1 kg)
Corn Starch (25 kg)
Maltodextrin (25 kg)
Dextrose Monohydrate (25 kg)
Sodium Benzoate (25 kg)
Benzoic Acid (25 kg)
Potassium Chloride (25 kg)
Amanda Margarine (15 kg)
Palmia Butter Oil (18 kg)
Meizan Shortening (16 kg)
Angel Yeast (500 g)
Eagle Yeast (500 g)
Ammonium Bicarbonate (25 kg)
Sodium Bicarbonate (25 kg)
Citric Acid Monohydrate (25 kg)
Citric Acid Anhydrous (25 kg)
Sodium Citrate (25 kg)
Sodium Carboxy Methyl Cellulose (CMC) FH 1000 (25 kg)
Sodium Cyclamate Rainbow Brand (1kg)
Sodium Cyclamate Jin Tian Brand (1kg)
Sodium Cyclamate Golden Gate Brand (1kg)
Sodium Cyclamate Jin Tian Brand (25kg)
Sodium Saccharin (450g)
Sodium Hydrosulfite 85% (50 kg)
522 Sulphur Black (50 kg)
Caustic Soda Flakes 99% (25kg)
Soda Ash Light (40 kg)
Sodium Carboxy Methyl Cellulose (CMC) FH 500 (25 kg)
မုန့်ဖုတ်လုပ်ငန်းသုံး၊ ဖျော်ရည်လုပ်ငန်းသုံး၊ အခြားစားသောက်ကုန်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ နှင့် စက်မှုလုပ်ငန်းသုံး ဓာတုကုန်ကြမ်းများကို အထူးဈေးနှုန်းများဖြင့် လက်လီလက်ကားရောင်းချပေးနေပါသည်၊
RSS-1, RSS-3, RSS-5, MSR-10 & MSR-20 Rubber Grade မျိုးစုံကိုမှာယူရရှိနိုင်ပါသည်၊
1
3
FBT
Yangon Office : No. 16-17, U Chit Maung Housing, U Chit Maung Road, Tamwe Township, Yangon.
Tel : 01-554140,554080, 554083, 554087, Fax : 01- 401105, E-mail : fuxingb@gmail.com
Mandalay Office : No. 275, 81St Street, 24th & 25th Street, Aung Myay Thar San Tsp., Mandalay.
Tel : 02-21977, 02-32990, 02-34803, Fax : 02-33181, E-mail : cmfuxingmdy@gmail.com
Wholesale : A-2, Nyaung Pin Lay Plaza, Lanmadaw Tsp., Yangon. Tel : 01-210212, 210407



# တတိယအကြိမ် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃) နေပြည်တော်တွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်တွင် ကျင်းပခဲ့ရာ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တွဲဖက်အတွင်းရေးမှူး (၁) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ကော်မတီ၏ အကြံပြုချက်များကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး (၂) မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြကြပြီး ရှေ့လာမည့် ခြောက်လအတွက် လုပ်ငန်းစဉ်များ၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ ကွင်းဆင်းဆောင်ရွက်မည့် အစီအစဉ်များကို အသီးသီး ဆွေးနွေးတင်ပြခဲ့ကြသည်။

အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာဝန်းကျင် တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်၊ စီးပွားရေးနှင့်ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများတွင် နိုင်ငံ၏ အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌ ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်တို့က ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးတင်ပြကြပြီး ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC Group ဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC Group ဥက္ကဋ္ဌ Mr. Chang Zhenming ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံရာတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းက ဒေသခံပြည်သူများအား အမှန်တကယ် အကျိုးပြုနိုင်ရေးနှင့် နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေရေးဆိုင်ရာ ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 17, No.15 Monday April 24 2017

# မတ်လအတွင်း ဆန်နဲ့ ဆန်ကွဲ တန်ချိန် နှစ်သိန်းနီးပါး တင်ပို့

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်စ ဧပြီ ၈ ရက်မှ ၁၄ ရက်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၄၆ သန်းတန်ဖိုးရှိဆန် ၁၇၇၆၁ တန်ကို တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် တန်ချိန် ၃၉၀၀၊ ဧည့်မထဆန် ၆၆၀၄ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၁၆ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၇၀၄၁ တန် တင်ပို့ခဲ့ပါတယ်။ ဧပြီပထမပတ်က ၂၈၉၆၃ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်တင်ပို့မှု ၁၁၂၀၂ တန် လျော့ကျခဲ့ပါတယ်။ မတ်လ တစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၂၂၂ သန်းဖိုးရှိ ဆန်တန်ချိန် ၁၀၅၈၅၅ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် အနီးစပ်ဆုံး ဖေဖော်ဝါရီက တင်ပို့ခဲ့တဲ့ ၁၀၆၆၆၆ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက မတ်လတွင် ဆန်တင်ပို့မှု ၈၁၁ တန် လျော့ကျခဲ့ပါတယ်။

ကုန်သွယ်ရေးစခန်းများမှ ဆန်ကွဲတင်ပို့မှုမှာ ယခုတစ်ပတ်အတွင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၄၄ သန်း တန်ဖိုးရှိ ဆန်ကွဲ ၁၀၈၉ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၅ သန်း တန်ဖိုးရှိ ဆန်ကွဲ ၇၇၉ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်း တန်ဖိုးရှိ ဆန်ကွဲ ၁၁ တန်ကျော် အသီးသီးတင်ပို့ခဲ့ရာ ကုန်သွယ်ရေးစခန်းများမှ စုစုပေါင်း ဆန်ကွဲတန်ချိန် ၁၈၇၉ တန်ကျော်နဲ့ စုစုပေါင်း အမေရိကန်ဒေါ်လာ သုညဒသမ ၄၂၂ သန်း ရရှိခဲ့ပါတယ်။ မတ်လအတွင်းမှာ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၁၅၃ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၃၀၂၁ တန်ကျော် တင်ပို့ခဲ့ပြီး ဖေဖော်ဝါရီလက ၁၉၄၄၃ တန် တင်ပို့ခဲ့တဲ့အတွက် မတ်လရဲ့ ဆန်ကွဲတင်ပို့မှု ၆၄၂၂ တန် လျော့နည်းခဲ့ကြောင်း သိရှိရပါတယ်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဧပြီ ၂ ရက်မှ ၈ ရက်အထိ သီတင်းတစ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀၁ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၅၉၉၂ တန်ကျော် တင်ပို့ခဲ့ရာ အီးယူနိုင်ငံများသို့ ပေါင်းဆန် ၁၉၄ တန်ကျော်နဲ့ ဧည့်မထဆန် ၅၇၃ တန်၊ ရုရှားနိုင်ငံသို့ ပေါင်းဆန် တန်ချိန် ၄၅၀၊ ငစိန်ဆန် တန်ချိန် ၂၅၀၊ ဧည့်မထ ဆန်တန်ချိန် ၂၀၀၊ မက်ဒါးဂါးစကားနိုင်ငံသို့ ဧည့် မထ ၁၂၇၅ တန်၊ ဂီနီနိုင်ငံသို့ ဧည့်မထ ဆန်တန်ချိန် ၁၀၀၀၊ တောင်အာဖရိက နိုင်ငံသို့ဧည့်မထဆန် တန်ချိန် ၅၀၀၊ မလေးရှားနိုင်ငံသို့ ဧည့်မထဆန်တန် ချိန် ၁၀၀၀၊ ဂျပန်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၅၀၀၊ ဟောင်ကောင်သို့ငစိန် ဆန် တန်ချိန် ၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်တန်ချိန် ၁၆၇၈၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်တင်ပို့မှု ၁၀၇၈၈ တန် လျော့ကျခဲ့ပါ တယ်။

မတ်လ တစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅၈၁ သန်းဖိုးရှိ ဆန် ၅၂၈၀၈ တန် တင်ပို့ခဲ့ပြီး ဖေဖော်ဝါရီလက ၁၁၆၅၇၃ တန် တင်ပို့ခဲ့တဲ့အတွက် မတ်လဆန်တင်ပို့မှု ၆၃၇၆၅ တန် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ် ဆန်တင်ပို့မှုလျော့ကျသလို ဆန်ကွဲတင်ပို့မှုလည်း လျော့ကျခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ၃၆၁ သန်း တန်ဖိုးရှိ ဆန်ကွဲ ၅၂၂၅ တန် တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ ၁၂၅ တန်နဲ့ ဘယ်လ်ဂျီယံနိုင်ငံသို့ တန်ချိန် ၅၁၀၀ တင်ပို့ခဲ့တဲ့အတွက် ယခင်တစ်ပတ်က တင်ပို့မှုထက် ၃၁၆၉ တန် လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မတ်လတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၈၄ သန်းတန်ဖိုး ရှိ ဆန်ကွဲ ၂၄၆၃၉ တန်တင်ပို့ခဲ့ပြီး ဖေဖော်ဝါရီလ တင်ပို့မှုထက် ၅၉၈၆ တန် လျော့နည်းခဲ့ပါတယ်။

ကုန်သွယ်မှုနည်းလမ်း နှစ်မျိုးမှ မတ်လအတွင်း ဆန်နဲ့ ဆန်ကွဲ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၄၄၀ သန်းဖိုးနဲ့ တန်ချိန် ၁၉၆၃၂၃ ဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၁-၄-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၇၉ | ၃၉၇ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၄ | ၃၇၃ | △ | ၃၅၂ | ၃၅၂ | □ | ၃၈၈ | ၃၉၀ | △ | ၃၇၅ | ၄၀၅ | △ |
| ဆန်ဖြူ ၁၀% | ၃၇၃ | ၃၈၁ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၇၁ | ၃၈၇ | △ | ၃၄၅ | ၃၄၃ | ▽ | - | - | - | ၃၇၅ | ၃၈၅ | △ |
| ဆန်ဖြူ ၂၅% | ၃၆၈ | ၃၇၁ | △ | ၃၃၅ | ၃၇၁ | △ | ၃၆၈ | ၃၇၀ | △ | ၃၄၅ | ၃၆၀ | △ |
| ပေါင်းဆန် | ၃၈၃ | ၃၉၇ | △ | - | - | - | ၃၇၀ | ၃၇၅ | △ | ၄၂၀ | ၄၁၅ | ▽ |

Source: oryza.com

# ပြည်တွင်းမြို့ကြီးများ၏ (၂၁-၄-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၇၀၀၀ | □ | ၆၆၂၄ | □ | ၃၂၅၀၀ | □ |
| ပုသိမ် | ၄၆၀၀ | □ | ၁၈၅၀၀ | □ | ၇၁၈၈ | □ | ၃၁၅၀၀ | □ |
| ပဲခူး | ၄၁၀၀ | □ | ၁၆၅၀၀ | □ | ၆၁၀၀ | □ | ၂၉၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၉၅၀၀ | □ | ၃၃၀၀၀ | □ |
| စစ်တွေ | ၃၈၀၀ | □ | ၁၆၅၀၀ | □ | ၇၀၀၀ | □ | ၃၀၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၂၀၀၀ | △ | - | - | ၃၉၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၃၉၄၀ | □ | ၁၇၀၀၀ | □ | - | - | ၂၇၅၀၀ | □ |
| မန္တလေး | ၆၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၁၉၅၀၀ | □ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၄၇၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၇၂၀၀ | □ | ၂၀၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၂၀၀၀၀ | □ | - | - | ၃၃၅၀၀ | △ |
| ဘားအံ | ၄၀၀၀ | □ | ၁၇၈၀၀ | △ | - | - | ၃၆၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ဧပြီလဆန်းမှာ ဆင်း-၃ ဆန် ဗန်းမော် တရုတ်ဈေးကွက်တွင် အရောင်းသွက်

အင်းတော်မြို့နယ်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းနဲ့ ငွေကြေးလည်ပတ်စီးဆင်းမှုမှာ ဆင်း-၃ ဆန် ဗန်းမော်တရုတ်ဆန်ဈေးကွက်ပေါ် မှီခိုလျက်ရှိပါတယ်။

ယခုနှစ်အတွင်း ကုန်သည်အချို့က အစိုဓာတ်များတဲ့ ဆန်များ တင်ပို့ရာမှ အရည်အသွေး ညံ့ဖျင်းမှုကြောင့် ဆန်ဈေးကွက် ရပ်တန့်နေခဲ့ပါတယ်။ သင်္ကြန်ကာလ တက်ရိပ်မြင်လို့ လှောင်လက်များ ဝယ်ယူမှုနဲ့ ဗန်းမော်တရုတ်မှ အဆွဲရှိလာတာကြောင့် ဧပြီလဆန်းမှာ ဆင်း-၃ ဆန် ဈေးကွက် အရောင်းအဝယ်သွက်လာတာ တွေ့ရပါတယ်။

“လွယ်ဂျယ် တရုတ်ဆန်ကုန်သည်တစ်ယောက်နဲ့ We ChatApplication ကနေ ချိတ်ဆက်မိပါတယ်။ ဆင်း-၃ ဆန်ပို့ချင်လို့ ဈေးကွက်အခြေအနေစုံစမ်းရာမှ နမူနာပြခဲ့ပါတယ်။ ဝယ်မယ်ဆိုလို့ လွယ်ဂျယ်ကို တင်ပို့ခဲ့တာပါ။ ဆင်း-၃ ဆန် (၅၀ ကီလို ၁၁၂ ပေါင်) တစ်အိတ်ကို ၁၄၅ ယွမ် ရောင်းရပါတယ်။ ငွေလဲနှုန်းက ၁၉၂ ကျပ်ဖြစ်လို့ တစ်အိတ်ကို ကျပ် ၂၇၉၀၀ ရပါတယ်။ ဆန်စပါးလုပ်ငန်းရှင်တွေအားလုံး ဒီသတင်းကို သိစေချင်ပါတယ်။ အင်းတော်မှာ ဆန်စက်ကြီးငယ်လတ် ၆၀ ကျော်ရှိပါတယ်။ ဗန်းမောက်မြို့နယ်က စပါးကို အင်းတော်စက်တွေမှာ ကြိတ်ပြီးတင်ပို့တာကြောင့် ဖြစ်နိုင်ပါတယ်။ ဒီလုပ်ငန်းတွေလည်ပတ်နိုင်မှ စီးပွားရေးအဆင်ပြေကြမှာပါ။ အခု ကသာဆိပ်ကမ်းကနေ ဗန်းမော်တရုတ်ကို နေ့စဉ် ဆင်း-၃ ဆန်အိတ် တစ်ထောင်နီးပါး ပုံမှန်တင်ပို့မှုရှိနေပါတယ်”လို့ စက်ပိုင်ကုန်သည် ဦးကြင်စိန်က ပြောပါတယ်။

ဆင်း-၃ ဆန်စပါးကို ကသာခရိုင်အတွင်းရှိအင်းတော်၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့နယ်များမှာ စိုက်ပျိုးကြပြီး ဗန်းမော်တရုတ်တင်ပို့ကြတဲ့အတွက် ကသာခရိုင်ရဲ့ အဓိက စီးပွားရေးမဏ္ဍိုင်လည်းဖြစ်ပါတယ်။ ဒေသတွင်း ကုန်စည်စီးဆင်းတဲ့ဈေးကွက် ခိုင်မာမှ တောင်သူ၊ စက်ပိုင်၊ ကုန်သည်တွေလုပ်ငန်းလည်ပတ်နိုင်ပြီး ဒေသတွင်း ငွေကြေးလည်ပတ်စီးဆင်းမှု မြန်ဆန်လာလိမ့်မယ်လို့ သုံးသပ်လျက်ရှိပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**

# သင်္ကြန်လွန်ကာလ ဆန်ချောအဝယ်လိုက်လို့ ဈေးတက်

သင်္ကြန်အပြီး ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောအဝင်နည်းပြီး ဝယ်လိုအားများတဲ့အတွက် ဆန်ချောဈေးတက်ပြီး ဆန်ကြမ်းကတော့ အဝင်များတဲ့အတွက် ဈေးကျတယ်လို့ ရန်ကုန်မြို့ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။

ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ဆန်ချောဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ကျပ် ၃၃၀၀၀၊ လတ်စတစ်အိတ်ကျပ် ၃၁၀၀၀၊ ပုသိမ်မြောင်းမြ ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၄၀၀၀၊ လတ်စတစ်အိတ်ကျပ် ၃၂၀၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စ တစ်အိတ် ကျပ် ၃၁၀၀၀၊ လတ်စတစ်အိတ်ကျပ် ၂၉၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် အသစ်(ရှယ်) တစ်အိတ်ကျပ် ၃၈၅၀၀ မှ ကျပ် ၄၁၀၀၀၊ ပေါ်ဆန်းအသစ်(ရှယ်) တစ်အိတ်ကျပ် ၃၀၀၀၀ မှ ကျပ် ၃၂၀၀၀ ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၁၀၀၀ မှ ကျပ် ၂၀၀၀ အထိ ဈေးတက်ပါတယ်။ ဆန်ချောအဝင်နည်းပြီး အဝယ်များနေတဲ့အတွက် ဆန်ချောအားလုံး ဈေးတက်တာဖြစ်ပါတယ်။

ဆန်ချောဈေးတက်ပေမယ့် ဆန်ကြမ်းကတော့ အဝင် များတဲ့အတွက် ဈေးကျကြောင်း သိရပါတယ်။

ဧည့်မထဆန် တစ်အိတ် ကျပ် ၁၈၅၀၀၊ လတ်စတစ်အိတ်ကျပ် ၁၆၂၀၀၊ နွေသီးထပ်ရှယ်တစ်အိတ် ကျပ် ၁၈၅၀၀မှ ကျပ် ၁၉၀၀၀၊ နွေဆန် ရက် ၉၀ ကျပ် ၁၉၀၀၀ မှ ကျပ် ၂၀၀၀၀၊ မနောသုခ တစ်အိတ်ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀၊ အိတ်စပို့ ၂၅ မှတ် တစ်အိတ် ကျပ် ၁၅၈၀၀ မှ ကျပ် ၁၆၀၀၀၊ ဆန်ကြမ်းအသစ် (ရှယ်) တစ်အိတ် ကျပ် ၁၇၅၀၀ မှ ကျပ် ၁၈၀၀၀ ဖြစ်ပါတယ်။

ဆန်ကြမ်းတစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ အထိဈေးကျပြီး ဆန်ကြမ်းအဝင်များတဲ့အတွက် ဈေးကျကြောင်း နဲ့ အရောင်းအဝယ်ကောင်းကြောင်း၊ သင်္ကြန်အပြီးမှာ အရောင်းအဝယ်ပုံမှန်ပြန်ဖြစ်ပြီး ဝယ်လိုအားကောင်းကြောင်း ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၁-၄-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၃၁/၃ | ၂၁/၄ | ပြောင်းလဲမှု | ၃၁/၃ | ၂၁/၄ | ပြောင်းလဲမှု | ၃၁/၃ | ၂၁/၄ | ပြောင်းလဲမှု | ၃၁/၃ | ၂၁/၄ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၁၈၀၂ | ၁၇၀၃ | ▼ | ၁၈၀၀ | ၁၇၁၇ | ▼ | ၁၇၈၇ | - | - | ၁၇၇၅ | ၁၇၆၀ | ▼ |
| ၂ ပဲစင်းငုံ | ၁၂၀၈ | ၁၁၇၆ | ▼ | - | - | | ၁၁၆၀ | - | - | ၁၁၃၀ | ၁၁၂၅ | ▼ |
| ၃ ပဲတီစိမ်း | ၁၄၃၀ | ၁၄၀၀ | ▼ | - | - | - | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ၄ ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၈၀၀ | ▲ | ၁၉၀၂ | ၁၉၅၆ | ▲ | ၂၂၃၇ | - | - | ၁၉၇၀ | ၁၉၇၀ | ■ |
| ၅ ပဲလွန်းဖြူ | ၁၃၃၀ | ၁၃၃၀ | ■ | ၁၃၃၃ | ၁၃၂၄ | ▼ | - | - | - | ၁၇၄၀ | ၁၇၄၀ | ■ |
| ၆ ထောပတ်ပဲ | ၁၀၄၀ | ၁၀၄၀ | ■ | ၁၂၄၄ | ၁၂၄၄ | ■ | - | - | - | ၁၀၃၀ | ၁၀၂၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၁-၄-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|
| | ၃၁/၃ | ၂၁/၄ | ပြောင်းလဲမှု | ၁၄/၄ | ၂၁/၄ | ပြောင်းလဲမှု | ၁၄/၄ | ၂၁/၄ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၈၅ | ၈၀၀ | ▲ | ၉၃၅ | ၈၆၇ | ▲ | ၉၂၄ | ၈၈၃ | ▼ |
| ၂ ပဲစင်းငုံ | ၅၆၀ | ၅၅၀ | ▼ | ၆၃၆ | ၆၁၂ | ▼ | ၇၅၅ | ၆၆၆ | ▼ |
| ၃ ပဲတီစိမ်း | ၆၃၀ | ၆၃၀ | ■ | ၇၇၈ | ၇၇၄ | ▼ | ၈၃၂ | ၇၄၃ | ▼ |
| ၄ ကုလားပဲဖြူလုံးကြီး | ၉၇၀ | ၁၀၂၀ | ▲ | ၉၅၄ | ၉၁၄ | ▼ | ၈၉၃ | ၈၆၀ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁-၄-၁၇)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၈-၄-၁၇)ထိ | ပြည်ပတင်ပို့မှု (၁-၁-၁၇) မှ (၈-၄-၁၇) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၀၇၇၃၇ | ၈၆၂၄ | ၁၁၆၃၆၁ |
| ပဲတီစိမ်း | ၄၈၇၄၁ | ၆၄၁၇ | ၅၅၁၅၈ |
| ပဲစင်းငုံ | ၆၉၀၆၃ | ၈၈၅၆ | ၇၇၉၁၉ |
| ကုလားပဲ | ၁၁၇၃၁ | ၃၂၇၂ | ၁၅၀၀၃ |
| ပဲလွန်းဖြူ | ၇၁၄၄ | ၇၂၅ | ၇၈၆၉ |
| မြေထောက်ပဲ | ၅၇၂၉ | ၂၂၂ | ၅၆၅၁ |

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် သင်္ကြန်ကာလလွန် ဆန်စပါးဈေးကွက် အရောင်းအဝယ် အေး၍ နွေစပါးဈေးနှုန်း အနည်းငယ်ကျဆင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် သင်္ကြန်ကာလမတိုင်မီ ဧပြီလပထမပတ်အတွင်း မိုး ဆန်၊ စပါး ဈေးကွက်မှာ ယခုဧပြီလ တတိယပတ်အတွင်း ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ထူးထူးခြားခြား ပြောင်းလဲမှုမရှိတာကို တွေ့ရ ပါတယ်။

နွေသီးထပ်ရင် စပါးဈေးနှုန်းမှာ ပုသိမ်၊ ငပုတော၊ ကျောင်းကုန်းမြို့နယ်များတွင် ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၄၁၄၀၀၀ ဈေး၊ ဆန်တစ်အိတ်လျှင် ကျပ် ၁၇၀၀၀ မှ ၁၇၅၀၀ ဝန်းကျင်ဖြင့် ယခုလက်ရှိ အချိန်အထိ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ သင်္ကြန်ကာလပိတ်ရက်များတွင် အရောင်းအဝယ်အေး၊ ဈေးနှုန်းအေးလျက်ရှိကြောင်း သိရ ပါသည်။

နွေစပါးဈေးကွက်မှာ သင်္ကြန်ကာလမတိုင်မီ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ ဓနုဖြူ၊ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲမြို့နယ်များတွင် ၄၆ ပေါင်စပါးတင်း ၁၀၀ ကို ယခင်ကျပ် ၄၀၅၀၀၀ မှ ယခု လက်ရှိဈေး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၃၉၆၀၀၀ နှင့် ကျပ် ၃၈၆၀၀၀ ဝန်းကျင်ရှိပြီး ယခင်ဆန်တစ်အိတ်ကျပ် ၁၈၅၀၀ မှ ၁၈၀၀၀ခန့် မှ ယခုကျပ် ၁၇၀၀၀ မှ ၁၇၅၀၀ ဝန်းကျင်ဈေးနှင့် အရောင်းအဝယ်ဖြစ်ပြီး ၄၆ ပေါင် စပါးတင်း ၁၀၀ ကို သောင်းဂဏန်းဝန်းကျင်နှင့် ဆန်တစ်အိတ်ကို အချို့မြို့နယ်များတွင် ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ ဝန်းကျင် ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း၊ မိုးစပါး လက်ကျန်များရှိနေခြင်း၊ နွေစပါးလှိုင်လှိုင်ပေါ်လာခြင်း၊ ရန်ကုန်နှင့် အညာဒေသများမှ ဝယ်လိုအားလျော့နည်းနေသည့်အတွက် တိုင်းအတွင်းရှိ အချို့မြို့နယ်များတွင် စပါး၊ ဆန်ဈေးနှုန်းကျဆင်းမှုရှိကြောင်း ဈေးကွက်သတင်းများအရ သိရပါသည်။

**မင်းမင်းဦး(ပုသိမ်)**

# ပြည်ပပဲမျိုးစုံ ဈေးကွက်မှာ နှစ်အလိုက်ကာလတူ အချိန်ဖြစ်ပေါ်ခဲ့တဲ့ ပဲဈေးကွက်နှိုင်းယှဉ်မှု အခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်းလက်လီ၊ လက်ကားအဓိက ရောင်းဝယ်လျက်ရှိတဲ့ပဲများရဲ့ ဈေးနှုန်း အခြေအနေများကို လေ့လာရာတွင် ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ပဲတီစိမ်း၊ပဲစင်းငုံသီးနှံများအနက် ပဲတီစိမ်းသီးနှံက တစ်နှစ်နဲ့တစ်နှစ် ဈေးကွာခြားမှုမရှိပေမယ့် မတ်ပဲနဲ့ ပဲစင်းငုံသီးနှံများမှာ ၂၀၁၆ ခုနှစ်အတွင်း ဈေးနှုန်းများမြင့်တက်ခဲ့ပြီး ၂၀၁၅ နဲ့ ၂၀၁၇ ခုနှစ်များတွင် ဈေးအတက်အကျ သိပ်မဖြစ်ဘဲ ရောင်းဝယ်ခဲ့ကြတာကို တွေ့ရပါတယ်။ ပြည်တွင်း ဝယ်လက်ပဲများဖြစ်တဲ့ ကုလားပဲနဲ့ ပဲကြီးသီးနှံများ မှာ တစ်နှစ်ထက်တစ်နှစ် ဈေးကောင်းလာခဲ့တာကိုလည်း အောက် ဖော်ပြပါဇယားအတိုင်း လေ့လာသိရှိရပါတယ်။

မတ်ပဲသီးနှံမှာ ၂၀၁၅ ခုနှစ်အတွင်း တစ်တင်းကျပ် ၂၇၂၀၀ မှ ကျပ် ၃၁၂၀၀ ရရှိခဲ့ပြီး ပဲဈေးကွက်မှာ ယင်းနှစ်အတွင်း ဈေးအေးခဲ့ကြလို့ ပြည်ပဝယ်လက်မတ်ပဲဈေးကောင်းခဲ့တာကို တွေ့ရပါတယ်။ နောင်နှစ်များမှာတော့ ပြည်ပဝယ်လက်ပဲများ အားလုံးလိုလို ဈေးမြင့်တက်လာခဲ့တဲ့အတွက် မတ်ပဲသီးနှံမှာ တစ်တင်းကျပ် ၄၂၀၀၀ မှ ကျပ် ၄၈၅၀၀အထိ ဈေးအမြင့်ဆုံးနဲ့ ပဲဈေးကွက်မှာ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ၂၀၁၇ ခုနှစ်မှာတော့ မတ်ပဲသီးနှံဈေးပြန်အေးသွားလို့ ပဲအထွက် လှိုင်ချိန်မှာလည်း တစ်တင်း ကျပ်လေးသောင်းအောက်သာ ရရှိခဲ့ပါတယ်။ မတ်လအတွင်းမှာ တစ်တင်းကို ကျပ် ၃၃၅၀၀မှ ကျပ် ၃၇၇၀၀ဖြင့်ရန်ကုန်ဝယ်လက် အရောင်းအဝယ် ပုံမှန်ရှိပေမယ့် ဈေးက မြင့်တက်လာခြင်းမျိုးမရှိဘဲ ၂၀၁၇ ခုနှစ်အတွင်း ပဲဈေးအေးနေတာကို တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံမှာ ၂၀၁၅ မတ်လအတွင်း ပဲလက်ကျန် မရှိတော့လို့ အရောင်းအဝယ်မဖြစ်ခဲ့ပေမယ့် ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ် မတ်လတွင် ပဲအဝင်လည်းရှိခဲ့ကာ လက်ကျန်ပဲလည်း အသင့်အတင့်ရှိခဲ့တာကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်နေခဲ့ပြီး ပဲဈေးမှာ အခြားပဲများကဲ့သို့ အတက်အကျသိပ်မဖြစ်ခဲ့ဘဲ တစ်တင်း ကျပ်သုံးသောင်း တစ်ပတ်လည်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် မတ်လမှာ ပဲတီစိမ်း တစ်တင်း ကျပ် ၃၀၀၀၀ မှ ကျပ် ၃၂၀၀၀၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၃၀၀၀၀ မှ ကျပ် ၃၃၀၀၀ဖြင့် မန္တလေးဝယ်လက် ဝယ်လိုအားရှိခဲ့မှုအပေါ် ရောင်းချနိုင်ခဲ့ကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ မတ်ပဲသီးနှံကဲ့သို့ပင် ၂၀၁၆ ခုနှစ်တွင်သာ တစ်တင်းကျပ်လေးသောင်းကျော်အထိ ဈေးပြိုင်ရခဲ့ပြီး ၂၀၁၇ ခုနှစ်မှာတော့ ရှေ့နှစ်ရဲ့ထက်ဝက်ခန့်သာရခဲ့သလို မတ်ပဲ၊ ပဲတီစိမ်းသီးနှံများထက်လည်း ဈေးလျော့နည်းခဲ့တဲ့အတွက် ပြည်ပဝယ်လက် ပဲဈေးကွက်အတွင်း ဈေးအနိမ့်နဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြည်ပဝယ်လက် ပဲများအပြင် ပြည်တွင်းဝယ်လက် ပဲများဖြစ်တဲ့ ပဲကြီး၊ ကုလားပဲသီးနှံများထက်လည်း ဈေးနိမ့်နေခဲ့ကြောင်း သိရပါတယ်။

ကုလားပဲသီးနှံမှာ ၂၀၁၅ ခုနှစ်အတွင်း ဈေးကွက်မှာ ဈေး အနိမ့်ဆုံးဖြစ်ခဲ့တဲ့အတွက် တစ်တင်းကို ကျပ်နှစ်သောင်းအောက်သာရခဲ့ပေမယ့် တစ်နှစ်ထက်တစ်နှစ်ဈေးမြင့်လာခဲ့တာကြောင့် ၂၀၁၆ခုနှစ်တွင် တစ်တင်းကို ကျပ် ၂၉၄၀၀ မှ ကျပ် ၃၁၆၀၀၊ ၂၀၁၇ ခုနှစ်တွင် တစ်တင်းကိုကျပ် ၃၅၈၀၀ မှ ကျပ် ၃၈၀၀၀ ထိဈေးကောင်းရခဲ့ပြီး မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများထက်ပင် ဈေးကောင်းခဲ့တာကို တွေ့ရပါတယ်။ ကုလားပဲသီးနှံမှာ ပြည်ပဝယ်လိုအားမရှိပေမယ့် ပြည်ဈေးကွက်အတွင်း လှော်ပဲသမားနှင့် ပဲခွဲစက်သမားများ ပုံမှန်ဝယ်ယူခဲ့လို့ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲသီးနှံတစ်မျိုးဖြစ်ခဲ့ပါတယ်။

ပဲကြီးသီးနှံများမှာတော့ အခြားပဲများကဲ့သို့ ဈေးအတက်အကျ သိပ်မဖြစ်ခဲ့ပေမယ့် ၂၀၁၅ ခုနှစ်တွင် ကုလားပဲသီးနှံထက် ဈေးပိုရပြီး (ရွှေကျွန်း) တစ်တင်းကို ကျပ် ၂၂၀၀၀ မှ ကျပ် ၂၄၅၀၀၊ (ကမ်းနား) တစ်တင်းကိုကျပ် ၂၀၀၀၀ မှ ကျပ် ၂၃၀၀၀၊ ၂၀၁၆ ခုနှစ်တွင် ယခင်နှစ်နဲ့ ဈေးသိပ်မကွာခဲ့ဘဲ(ရွှေကျွန်း) တစ်တင်းကို ကျပ် ၂၃၅၀၀ မှ ကျပ် ၂၅၀၀၀၊ (ကမ်းနား) တစ်တင်းကို ကျပ် ၂၂၀၀၀ မှ ကျပ် ၂၃၅၀၀၊ ၂၀၁၇ ခုနှစ်တွင် ထပ်မံဈေးမြင့်တက်လာခဲ့ပြီး (ရွှေကျွန်း) တစ်တင်းကို ကျပ် ၂၉၅၀၀ မှ ကျပ် ၃၇၅၀၀၊ (ကမ်းနား) တစ်တင်းကို ကျပ် ၂၄၅၀၀ မှ ကျပ် ၃၆၀၀၀ ဖြင့် လကုန်ပိုင်းတွင် ပဲသစ်များ ဈေးကောင်းရလာခဲ့ပြီး ဒေသတွင်း ပဲကြော်ဖိုလုပ်ငန်းသမားများ ပုံမှန်ဝယ်ယူလျက်ရှိတယ်လို့ သိရပါတယ်။

ပဲပုပ်သီးနှံမှာ အခြားပဲများနှင့်နှိုင်းယှဉ်လျှင် နှစ်စဉ်လိုလို ဈေးအေးတဲ့ပဲဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် တစ်တင်း ကျပ် ၁၆၀၀၀ ဖြင့်လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ကျပ် ၁၉၀၀၀ ဖြင့်လည်းကောင်း၊ မတ်လအတွင်း ဈေးအတက်အကျမဖြစ်ဘဲ ဈေးငြိမ်နေခဲ့သလို ၂၀၁၇ ခုနှစ်မှာတော့ ဈေးပိုရလာခဲ့တဲ့အတွက် တစ်တင်းကို ကျပ် ၂၃၀၀၀ မှ ကျပ် ၂၄၀၀၀ ဈေးဖြင့် ယခုလိုကာလမျိုးတွင်လက်ကျန်ပဲများဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ရောင်းဝယ်မှုအနေဖြင့် လက်လီရောင်းဝယ်မှုများရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

| ပဲအမျိုးအစား | ၂၀၁၅ မတ်လ နိမ့် | ၂၀၁၅ မတ်လ မြင့် | ၂၀၁၆ မတ်လ နိမ့် | ၂၀၁၆ မတ်လ မြင့် | ၂၀၁၇ မတ်လ နိမ့် | ၂၀၁၇ မတ်လ မြင့် |
|---|---|---|---|---|---|---|
| မတ်ပဲ | ၂၇၂၀၀ | ၃၁၂၀၀ | ၄၂၀၀၀ | ၄၈၅၀၀ | ၃၃၅၀၀ | ၃၇၇၀၀ |
| ပဲတီစိမ်း | - | - | ၃၀၀၀၀ | ၃၂၀၀၀ | ၃၀၀၀၀ | ၃၃၀၀၀ |
| ပဲစင်းငုံ | ၂၈၉၀၀ | ၂၉၈၀၀ | ၄၀၅၀၀ | ၄၆၅၀၀ | ၂၃၂၀၀ | ၂၃၈၀၀ |
| ကုလားပဲ | ၁၆၆၀၀ | ၁၈၃၀၀ | ၂၉၄၀၀ | ၃၁၆၀၀ | ၃၅၈၀၀ | ၃၈၀၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၂၂၀၀၀ | ၂၄၅၀၀ | ၂၃၅၀၀ | ၂၅၀၀၀ | ၂၉၅၀၀ | ၃၇၅၀၀ |
| ပဲကြီး(ကမ်းနား) | ၂၀၀၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၂၃၅၀၀ | ၂၄၅၀၀ | ၃၆၀၀၀ |
| ပဲပုပ် | ၁၆၀၀၀ | ၁၆၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၀၀၀ | ၂၄၀၀၀ |

## ပြည်ကုလားပဲ အရောင်းအဝယ်သွက်သလို ဈေးလည်းတက်

သင်္ကြန်ကာလအပြီး ပြည်ပဲဈေးကွက်မှာ ပြည်တွင်းဝယ်လက်များကို အဓိကထား အရောင်းအဝယ်ဖြစ်တဲ့ ကုလားပဲသီးနှံဟာ တစ်ရက် အိတ် ၁၀၀၀ နီးပါး ဝင်ရောက်ခဲ့လို့ ပဲဝင်ရောက်မှုများခဲ့ပြီး ပြည်အနီးတစ်ဝိုက်အပြင် မင်းတုန်း၊ ကံမမြို့နယ်တွေဘက်မှလည်း ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ကုလားပဲကို ခွဲစက်သမားနဲ့ လှော်သမားများ ဝယ်ယူလျက်ရှိရာ ဝင်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဖြင့် သင်္ကြန်မတိုင်ခင်ကာလ ဈေးထက် ဈေးပိုရလာခဲ့တာကိုလည်း တွေ့ရပါတယ်။

ကုလားပဲ သီးနှံဈေးဟာ ပြည်ပဝယ်လက်ပဲများထက် ပင်ယခင်နှစ်တတည်းက ဈေးကောင်းရခဲ့ပြီး ယခုနှစ်မှာလည်း ပဲသစ်ပေါ်စအချိန်ကတည်းက တစ်တင်းကျပ် လေးသောင်းကျော် ရရှိခဲ့တဲ့အတွက် ပြည်ပဝယ်လက်ပဲများထက် ဈေးပိုနေခဲ့ကာ ယခုအချိန်မှာလည်း အဖွင့် ဈေးထက်လျော့နည်းနေခဲ့ပေမယ့် ကျန်ပဲများနှင့်ယှဉ်လျှင် ဈေးကောင်းရလျက်ရှိတဲ့ ပဲသီးနှံဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

# မျှော်လင့်ချက် ကြက်သွန်နီနှင့် ကြက်သွန်နီ မျှော်လင့်ချက်

| မျိုးသူ-ကုန်သွယ်မြှင့် |

ပြည်ပသို့ ကြက်သွန်နီတင်ပို့နေတာ နှစ်ပေါင်း ၁၀ နှစ်ခန့် ဆက်တိုက်တင်ပို့နိုင်ပြီ ဖြစ်ပါတယ်။ ဒါပေမယ့် လိမ်ဖယ်လိမ်ဖယ်ပဲ ပို့နိုင်ပါသေးတယ်။ တစ်နှစ်ကို တန်ချိန် သောင်းဂဏန်း အနည်းငယ်ပဲ တင်ပို့နိုင်တာ တွေ့နေရပါတယ်။ လက်ရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ဖေဖော်ဝါရီ ၁၇ ရက်အထိ စာရင်းအရ တန်ချိန် ၆၁၁၁၄ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉၂၆သန်းရရှိခဲ့ကြောင်း သိရပါတယ်။ အရင်နှစ်များက တင်ပို့မှုတွေကို ကြည့်ရင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ တန်ချိန် ၁၀၇၃ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၆၃ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ တန်ချိန် ၁၄၃၂၅ နဲ့ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၈၈ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ တန်ချိန် ၅၆၅၁၂ နဲ့ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၁၇၈သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ တန်ချိန် ၃၆၁၃၅ နဲ့ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၆၄ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ တန်ချိန် ၄၇၇၄၇ နဲ့ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၀၆၅ သန်းကို ရရှိခဲ့ပါတယ်။ ဒါကြောင့် လက်ရှိနှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ တင်ပို့နိုင်မှု အများဆုံးဖြစ်ပါတယ်။ ရရှိတဲ့တန်ဖိုးကတော့ ၂၀၁၃-၂၀၁၄ က ရတဲ့တန်ဖိုးကို မမီပါဘူး။ ၂၀၁၃-၂၀၁၄ ကစျေးကောင်းခဲ့ပါတယ်။

အညာဒေသ တောင်သူများအနေနဲ့ ကြက်သွန်နီက သူတို့ရဲ့ မျှော်လင့်ချက်ထဲကတစ်ခုပါ။ အထူးသဖြင့် မကွေး၊ မန္တလေးနဲ့စစ်ကိုင်းတိုင်းက တောင်သူများအတွက် ကြက်သွန်နီကို စျေးကောင်းလေးနဲ့ ရောင်းချင်ကြတာပါ။ ကြက်သွန်နီဟာ အလျော့တွက် များလွန်းတဲ့အတွက် အကျိုးအမြတ်ကို မှန်းဆရ အလွန် ခက်ပါတယ်။ စိုက်ပျိုးစဉ်က အရင်းရဲ့ နှစ်ဆကျော်လောက် ပြန်ရောင်းရရင်တောင် လျှောင်တဲ့ကာလ အနည်းအများနဲ့ ဆိုင်နေပြန်ပါတယ်။ လျှောင်တဲ့လကြာမှ ရောင်းရရင် အလျော့တွက်ကို မကာမိတတ်ပါဘူး။ ဒါပေမဲ့ တောင်သူတွေက လုပ်နေကြ အချိန်ကျရင် လုပ်စရာ၊ စိုက်စရာက ဒါပဲရှိလို့ ဒီကြက်သွန်နီပဲ စိုက်ကြရပါတယ်။ လျှောင်စရာကလည်း တောင်သူတွေမှာ သီးသန့် ကျီတို့ ပုတ်တို့က နည်းပါးပါတယ်။ ရှိတဲ့ နေရာမှာ လျှောင်ကြတာပါ။ တချို့တောင်သူဆိုရင် ကိုယ်အိပ်တဲ့ အခန်းထဲ ကြက်သွန်နီလျှောင်ပြီး သူကတော့ အပြင်မှာ ကုတင်လေးချပြီး အိပ်တာပါ။ စျေးမကောင်းရင်တော့ အပြင်ထွက် အိပ်ရကျိုး မနပ်တော့ဘူးပေါ့။ ဒီနှစ်ကတော့ တောင်သူက ပျော်ရမလား၊ စိတ်ပျက်ရမလားတောင် မသိလိုက်ပါဘူး။ ဘာလို့လဲဆိုတော့ စျေးကပေါ်ကာစမှာ စျေးအတက်ဖြစ်လိုက်တယ်၊ ဒါပေမယ့် သိပ်မကြာဘူး ပြန်ကျပြန်ရော၊ နောက်တော့ လိမ်ဖယ်လိမ်ဖယ်နဲ့ စျေးမတက်ပြန်ပါဘူး။ တရုတ်ဘက်ကိုတော့ မှန်မှန်သွားနေပါတယ်။ နောက်တော့ တစ်နိုင်ငံလုံးမှာ လျှောင်ထားနိုင်တာက သိပ်များပုံမရတော့ စက်တင်ဘာလလောက်မှာ စျေးက တစ်ချက်ဖမ်းတက်လာပါတယ်။ ဒါလည်း သိပ်မကြာပါဘူး၊ ပြန်ကျသွားပါသေးတယ်။ တရုတ်ဘက်ကနေ ကြက်သွန်နီလည်း ပြန်ဝင်လာလို့ပါ။ နောက်တော့ မိုးကြက်သွန်နီပေါ်လာပြီး စျေးတန်းပြန်ငြိမ်ပါ တယ်။ ဒါပေမဲ့ စျေးကတော့ ခြောက်ရာ၊ ခုနစ်ရာလောက်ကနေ ကောင်းရင် တစ်ထောင်အထိ ဖြစ်နေပါပြီ။ မိုးကြက်သွန်နီကလည်း မိုးနှောင်းအဖျက်မခံရမှသာ စျေးကောင်းရကြတာပါ။ စွန့်စားနေရတာပါပဲ။ ကုန်းကျတဲ့အပိုင်းတွေပဲ ကြက်သွန်အရ များကြပါတယ်။ ရတဲ့သူကတော့ အကျိုးအမြတ် တော်တော်ရလိုက်ပါတယ်။ လျှုနိုင် တန်းနိုင်ကြတာတွေ တွေ့ရပါတယ်။ မြစ်သား ပင်လေး စိုက်ကြက်သွန်နီပေါ်လာပါတယ်။ မြစ်သားဘက်ကလည်း ကြက်သွန်နီ ထွက်တာနည်းပါတယ်။ နောက်မိုးဖျက်ခဲ့လို့ပါ။ မြစ်သားကြက်သွန်နီက ခဏလေးနဲ့ ကုန်သွားသလိုပါပဲ။ မိုးကြက်သွန်နီ စျေးကောင်းရခဲ့လို့ ဆောင်းကြက်သွန်နီစိုက်အား မြင့်ခဲ့ပါတယ်။ အခုတော့ ကြက်သွန်နီက တောင်သူအတွက် အကျိုးရှိမယ်လို့ မြင်နေရသလိုပါပဲ။

ကြက်သွန်နီနဲ့ပတ်သက်ရင် ကျွန်တော်တို့ အလုပ်ရုံဆွေးနွေးပွဲတွေမှာ ပြည်ပကို နယ်စပ်တင်ပို့မှုနဲ့ ပင်လယ်ရေကြောင်းတင်ပို့မှု နှစ်ခုစလုံးနဲ့ပတ်သက်ပြီး အခက်အခဲတွေ ပြုပြင်ပြောင်းလဲစေချင်တာတွေကို ပြောခဲ့ကြပါပြီ။ ရိတ်သိမ်းချိန် မတိုင်မီနဲ့ရိတ်သိမ်းချိန်လွန်လို့ နှစ်ပိုင်းခွဲကြည့်မယ်ဆိုရင် တောင်သူက ရိတ်သိမ်းချိန်မတိုင်မီမှာ မျိုးအသစ်မဟုတ်တဲ့ အထွက်ကောင်းမျိုးလိုအပ်ချက်၊ စိုက်စရိတ်အတွက် အရင်းအနှီး ချေးငှားရေးနှင့် ချေးငှားမည့် ဘဏ်များကိစ္စ၊ နောက် မြေဩဇာနဲ့ ပိုးသတ်ဆေး၊ စိုက်နည်းစနစ်နဲ့ ပိုးသတ်ဖို့နည်းပညာ၊ လုပ်သားရှားပါးလာသဖြင့် ကြက်သွန်နီတူးဖော်ရာတွင် စက်ကိရိယာ သုံးစွဲနိုင်ရေး စတာတွေကို ဆွေးနွေးခဲ့ကြပါတယ်။ ပြုပြင်ပြောင်းလဲမှုတွေကို အစိုးရဘက်မှ တာဝန်ရှိဝန်ကြီးဌာနအသီးသီးက အများအပြား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နှေးနေတာတွေလည်း ရှိနေပါတယ်။ အရွေ့တော့ရှိတယ်လို့ ပြောချင်ပါတယ်။

နောက်တစ် ပိုင်းက ရိတ်သိမ်းချိန်လွန် အပိုင်းပါ။ ဒီနေရာမှာတော့ တောင်သူအပိုင်း၊ ကုန်သည်အပိုင်း၊ ပြည်ပတင်ပို့သူအပိုင်းဆိုပြီး ခွဲပြောရမယ် ထင်ပါတယ်။ ကြက်သွန်နီလို ကြာရှည်အထားမခံတဲ့သီးနှံများမှာ သိုလှောင်ရုံ ကောင်းကောင်းရှိရေးက အရေး အကြီးဆုံးလိုဖြစ်နေပါတယ်။ အလျော့နည်းနည်းနဲ့ ကြာရှည်သိုလှောင်နိုင်တဲ့သူက အမြတ်အစွန်း များများရပြီး ရွှေဖြစ်မှာ သေချာပါတယ်။ ပြောချင်တာကတော့ သိုလှောင်မှုအပိုင်းမှာ တစ်နည်းပြောရရင် Logistics cost ကို လျှော့ချဖို့နဲ့ သိုလှောင်ရုံပိုင်းမှာ ခေတ်မီသိုလှောင်ရုံနဲ့ နည်းပညာပိုင်းကို ပြောင်းလဲသင့်ပြီလို့ ယူဆပါတယ်။

နောက်ပြီး ပြည်ပသို့တင်ပို့ရာမှာလည်း ခေတ်မီ ကွန်တိန်နာမျိုးနဲ့ပို့နိုင်မှသာ လျော့နည်းဆုံးရှုံးမှုနဲ့ အရည်အသွေး ထိန်းသိမ်းနိုင်မှုများပြီး၊ ကိုယ့်ရဲ့ ကြက်သွန်နီလည်း စျေးကောင်းကောင်း ရနိုင်မှာပါ။ ဒါကြောင့် ကြက်သွန်နီရဲ့ မျှော်လင့်ချက်ကို စုပေါင်းဖော်ပြရရင်တော့ အရည်အသွေးပိုင်းကို သွားသင့်နေပြီလို့ ကြက်သွန်နီက တောင်းဆိုနေပါပြီ။ စိုက်ပျိုးရာမှာရော သယ်ယူပို့ဆောင်ရာ သိုလှောင်ရာ တင်ပို့ရာတွေမှာ သူ့အရည်အသွေးကို ထိန်းသိမ်းဖို့ တောင်းဆိုနေပါပြီ။ အားလုံးကတော့ အရင်းအနှီး၊ နည်းပညာ၊ ကုန် သွယ်မှုဆိုင်ရာ ဖြေလျှော့မှုတွေနဲ့ သတင်းအချက်အလက်များကို တောင်းဆိုနေပါတယ်။ ဒါကြောင့် ကြက်သွန်နီက ရတဲ့ အကျိုးအမြတ်တစ်ခုတည်းကိုသာ မျှော်လင့်မနေဘဲ ကြက်သွန်နီကဏ္ဍကြီး တစ်ခုလုံး တိုးတက်ဖို့လည်း မျှော်လင့်ချက်ထားပြီး ဆောင်ရွက်ပေးကြဖို့ တောင်းဆိုပါရစေ။ တစ်နည်းအားဖြင့် တောင်သူတွေရဲ့ မျှော်လင့်ချက်က ကြက်သွန်နီ ဖြစ်သလို၊ ကြက်သွန်နီလောကကြီးရဲ့ မျှော်လင့်ချက်ကလည်း နိုင်ငံစီးပွား တိုးတက်မှုမှာ တစ်ဖက်တစ်လမ်းက ပါဝင်နိုင်ဖို့ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။



## ပြည်မတ်ပဲစျေး အေးသည်ထက်အေး

ဧပြီလဆန်းပိုင်းမှာ ပြည်ပဲစျေးကွက်သို့ မတ်ပဲသီးနှံများ အဝင်ဆက်တိုက်ရှိခဲ့သော်လည်း စျေးနှုန်းက အတက်စျေးမဖြစ်ဘဲ အကျဘက်ကို ဦးတည်နေတာ တွေ့ရပါတယ်။ ပန်းတောင်း၊ ရွှေတောင်၊ ကျီးသဲ၊ ပေါက်ခေါင်း၊ ပေါင်းတလည်ဘက်မှ အဝင်များလို့ အိတ် ၈၀၀ မှ ၉၀၀ ကျော်အထိ ဝင် ရောက်ပြီး ရန်ကုန်ဝယ်လက်များလည်း နေ့စဉ်အဝယ်ရှိပေမယ့် စျေးနှုန်းအေးနေပါတယ်။

ဒါကြောင့် တချို့ တောင်သူတွေကလည်း ရောင်းချခြင်းမရှိသေးဘဲ တက်စျေးမျှော်ကာ ဆက်လက်သိုလှောင်ထားကြပါတယ်။ ငွေလိုသူ တောင်သူတွေကသာ ပေါက်စျေးနဲ့ ရောင်းချနေကြရတယ်လို့ သိရပါတယ်။ ယခင်နှစ် ဧပြီလဆန်းပိုင်းက မတ်ပဲသီးနှံစျေးမှာ တစ်တင်းကျပ် ၄၉၃၀၀ ရရှိပြီး သင်္ကြန်ပြီးကာလတွင် တစ်တင်းကျပ် ငါးသောင်းကျော်ရရှိခဲ့သော်လည်း ယခုနှစ်စျေးကတော့ ယခင်နှစ်ရဲ့စျေးထက် ကျပ်တစ်သောင်းကျော် လျော့နည်းခဲ့လို့ တစ်တင်း ကျပ် ၃၅၁၀၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။

**ခင်ဆွေဝင်း**

## ပြည်မြို့ရဲ့ ကြက်သွန်နီစျေးကွက်ကို စိုက်ပျိုးတောင်သူအကြိုက်တွေ့

ယခုတစ်ပတ် ပြည်မြို့ပတ်ဝန်းကျင်ဒေသများဖြစ်သော မှော်ဇာ၊ ကုန်းရိုး၊ မထော စတဲ့ဒေသများမှာ စိုက်ပျိုးတဲ့ ကြက်သွန်နီများ အများအပြား ထွက်ပေါ်နေတယ်လို့ သိရပါတယ်။ အချို့တောင်သူများမှာ ပွဲစားများမှတစ်ဆင့် ကြီးလတ်သေး(ဂွန်) တစ်ပိဿာကို ကျပ် ၅၆၀ -၅၈၀-၆၀၀ တို့နှင့် ရောင်းချလျက်ရှိပြီး အချို့တောင်သူများမှာတော့ ကုန်တွဲရထားဖြင့် ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ် (မြောင်းတကာ) သို့ သွားရောက်ကာ ရောင်းချခြင်းများလည်းရှိကြောင်း သိရပါတယ်။ တိုက်ကြီးမြို့သို့ တစ်ရက်လျှင် အိတ် ၅၀၀ မှ ၈၀၀ အထိ တင်ပို့နေတာ တွေ့ရပါတယ်။ စျေးနှုန်းအနေနဲ့ မြို့တွင်းလက်လီစျေးများတွင် ကြီးလတ် သေး(ဂွန်) တစ်ပိဿာလျှင် ကျပ် ၆၅၀ မှ ၇၅၀ ရှိပြီး စားသုံးသူထံ တိုက်ရိုက် တစ်ပိုင်တစ်နိုင် ရောင်းချမှုများရှိနေကြောင်း သိရပါတယ်။

ပြည်မြို့ရှိပွဲရုံများတွင် မကွေးတိုင်း၊ မန္တလေးတိုင်းများမှ ကြက်သွန်နီများနဲ့ ပြည်ပတ်ဝန်းကျင်ဒေသစိုက် ကြက်သွန်နီများ အပါအဝင် အများအပြား ဝင်ရောက်မှုရှိနေတယ်လို့ သိရပါတယ်။ အရောင်းအဝယ်အားဖြင့် ဒေသတွင်း ဝယ်လက်သမားများ၊ အိတ်ဆွဲသမား၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုများနှင့် သင်္ကြန်ရက်အတွင်း အလှူအတန်းများအတွက် ဝယ်ယူမှုများအပါအဝင် တစ်ရက်ကို ပိဿာ ၃၀ ဝင်အိတ် ၁၂၀၀ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပြီး ပွဲရုံလုပ်ငန်းရှင်များ အကြိုက်တွေ့နေသောကာလဖြစ်နေတာတွေ့ရပါတယ်။ စျေးနှုန်းမှာ ပွဲရုံလက်ကားစျေး တစ်ပိဿာလျှင် (ကြီး) ကျပ် ၈၀၀ မှ ၉၀၀၊ (လတ်) ကျပ် ၇၅၀ မှ ၈၀၀ ၊ (သေး) ကျပ် ၆၀၀ မှ ၆၅၀ တို့ဖြစ်ပြီး၊ ဒေသတွင်း လက်လီစျေးများတွင် (ကြီး) ကျပ် ၉၀၀ မှ ၁၀၀၀၊ (လတ်) ကျပ် ၈၀၀ မှ ၉၀၀၊ (သေး) ကျပ် ၇၀၀ မှ ၇၅၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။ ယခုဖြစ်ပေါ်လျက်ရှိတဲ့စျေးနှုန်းများမှာ အောက်ဖော်ပြပါ ယခင်နှစ်ကာလတူစျေးနှုန်းနှင့်နှိုင်းယှဉ်ကြည့်ပါက စိုက်ပျိုးတောင်သူများ အကျိုးအမြတ်များကာ စိတ်ကျေနပ်မှု ရှိပြီး စားသုံးသူများမှာလည်း သင့်တင့်တဲ့စျေးနှုန်းဖြစ်ကြောင်း တွေ့ရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

| လအမည် | ကြက်သွန်နီ(အလတ်စ) ကာလတူစျေးနှုန်း | | | |
|---|---|---|---|---|
| | ၂၀၁၆ | | ၂၀၁၇ | |
| | လက်ကား | လက်လီ | လက်ကား | လက်လီ |
| ဖေဖော်ဝါရီ | ၅၅၀ | ၇၀၀ | ၁၆၀၀ | ၁၇၀၀ |
| မတ် | ၄၀၀ | ၅၅၀ | ၁၀၀၀ | ၁၃၀၀ |
| ဧပြီ(တတိယပတ်) | ၃၅၀ | ၅၀၀ | ၇၀၀ | ၉၀၀ |

## ကြက်သွန်

# မူဆယ်မှ ကြက်သွန်နီပိုမို တင်ပို့

ဧပြီ ၈ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ် စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၅၁၁ သန်း တန်ဖိုးရှိ ကြက်သွန်နီ (20 mm-30mm) ၁၃၆၂ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၉၈၄ တန် ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ ကြက်သွန်နီ ၃၇၈ တန်ခန့် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မတ်လတစ်လလုံး မူဆယ်မှ ကြက်သွန်နီတန်ချိန် ငါးထောင်နီးပါး တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

အလားတူ မြန်မာ- ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေး စခန်းမှ လည်း အမေရိကန်ဒေါ်လာ ၃၇၅၀၀ တန် ဖိုးရှိ ကြက်သွန်နီ တန် ၁၀၀ တင် ပို့ခဲ့ရာ ယခင်တစ်ပတ်က တန် ၁၀၀ တင်ပို့ခဲ့တဲ့အတွက် ထိုင်းနိုင်ငံသို့ တာချီလိတ်မှ ကြက် သွန်နီ ပုံမှန် တင်ပို့မှုရှိတယ်လို့ သိရပါတယ်။ မတ်လအတွင်းမှာတော့ တာချီလိတ်မှ ကြက်သွန်နီတန် ၁၅၀ ကျော်နဲ့ ကြက်သွန်ဖြူ ၁၅ တန်ကို လည်းကောင်း၊ မြဝတီမှ ကြက်သွန်နီ တန် ၅၀ ကိုလည်းကောင်း ထိုင်းနိုင်ငံသို့ အသီးသီး တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# မုံရွာကြက်သွန်နီဈေးကွက် ဈေးအနည်းငယ်တက်ပြီး အရောင်းအဝယ်သွက်

မုံရွာ(ပွဲရုံ) စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ် ကြက်သွန်နီ ဈေးကွက်မှာ ကြက်သွန်နီများ ဈေးကွက်အတွင်းသို့ အများအပြား ဝင်ရောက်လျက်ရှိရာ ဈေးနှုန်းမှာ အနည်းငယ်မြင့်တက်ပြီး အရောင်းအဝယ်လည်း သင်္ကြန်အခါပြီးဖြစ်၍ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရပါတယ်။ ပွဲရုံသို့ကြက်သွန်နီနေ့စဉ် ဝင်ရောက်မှုမှာ ပိဿာချိန် ၂၅၀၀၀ ကျော်အဝင်ရှိပြီး မုံရွာပွဲရုံများမှ ဒေသတွင်း အိတ်ဆွဲများနှင့် ချင်းတွင်းမြစ်ကမ်းတစ်လျှောက် ဟုမ္မလင်း၊ ခန္တီးမြို့များအပြင် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်မှုများရှိတာကြောင့် ယခင်တစ်ပတ်ထက် အရောင်းအဝယ် ပိုမိုသွက်လျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကြက်သွန်နီဈေးနှုန်းမှာ မုံရွာပွဲရုံများ၌ လက်ကားတစ်ပိဿာ (ကြီး) ကျပ် ၇၅၀၊ (လတ်) ကျပ် ၆၅၀၊ (သေး) ကျပ် ၅၅၀ နှုန်းရှိပြီး လက်လီ ဈေးနှုန်း တစ်ပိဿာ (ကြီး) ကျပ် ၈၅၀၊ (လတ်) ကျပ် ၇၅၀၊ (သေး) ကျပ် ၆၅၀နှုန်းပေါက်လျက်ရှိပြီး ယခုတစ်ပတ်မှာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ကြက်သွန်ဖြူဈေးကွက်တွင် ကြက်သွန်ဖြူများ မုံရွာပွဲရုံသို့ ပိဿာ ၂၀၀၀ ကျော်အဝင်ရှိပြီး ယခုတစ်ပတ် ကြက်သွန်ဖြူ တစ်ပိဿာဈေးနှုန်းမှာ ပွဲရုံဈေး (ဗမာ) ကျပ် ၃၅၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ လက်လီကတော့ တစ်ပိဿာ(ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၃၅၀၀ နှုန်းပေါက်လျက် အရောင်းအဝယ်သွက် လျက်ရှိကြောင်း မုံရွာကြက်သွန်နီ ပွဲရုံမှ သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## မန်ကျည်း



# မန်ကျည်းတန်ချိန် ၁၀၀၀ ကျော်တင်ပို့

ဧပြီ ၂ ရက်မှ ၈ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၁၀၄၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံသို့ ၉၆ တန်၊ ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၁၅၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၀၀၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၃၀၀ နဲ့ ဗီယက်နမ်နိုင်ငံသို့ ၃၉၇ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မတ်လနောက်ဆုံးသီတင်းပတ် က တင်သွင်းခဲ့တဲ့ တန်ချိန် ၁၅၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ယခုတစ်ပတ်မှာ တန်ချိန် ၅၂၀ ကျော် တင်ပို့မှု လျော့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၈၄၃၈၅ ဒေါ်လာဝင်ငွေ ရရှိခဲ့ပါတယ်။

**သီတာဝင်း(DOT)**

## ချင်း

# မောင်တောမှ ချင်းစိုပိုမိုတင်ပို့

ဧပြီ ၈ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်စခန်းမှ အမေရိကန်ဒေါ်လာ ၁၃၃၂၀ တန်ဖိုးရှိ ချင်းစို ၅၅ တန်ခွဲကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှစ်တန်နီးပါး သာတင်ပို့ခဲ့လို့ ယခုတစ်ပတ်မောင်တောမှ ချင်းစိုတန် ၅၀ ကျော် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မတ်လတစ်လလုံးမှာတော့ မောင်တောမှ ချင်းစို ၄၂ တန်နဲ့ စစ်တွေမှ ၂၅ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ပြည်တွင်း၊ ပြည်ပအတွက် အဝယ်လိုက်လို့ ရှမ်းချင်းလက်ကျန် နည်းလာ

သင်္ကြန်ပြီးကာလမှာတော့ မိုးကလည်းရွာပြီး၊ တောင်သူတွေကလည်း လုပ်ငန်းခွင်ကို ဝင်ရောက်မှုနည်းနေသေးတာကြောင့်၊ အောင်ပန်းဈေးကွက်မှာ လည်း ချင်းအဝင်က နည်းနေပါတယ်။ ဒီနှစ်ကတော့ ချင်း၊ နနွင်း နှစ်မျိုးစလုံး အရောင်းအဝယ်ကောင်းနေတယ်လို့ သိရပါတယ်။ ကလော၊ ပင်းတယ၊ ဟဲဟိုး၊ ပင်လောင်း စတဲ့ နယ်တွေက ချင်းတွေကို ပြည်တွင်း၊ ပြည်ပ ဝယ်လက်တွေ ဝယ်ယူနေလို့ အောင်ပန်းဈေးကွက်ထဲဝင်တဲ့ ပစ္စည်းတွေတောင် ငါးပုံတစ်ပုံခန့်သာ ကျန်တော့တယ်လို့လည်း သိရပါတယ်။

အောင်ပန်းဈေးကွက်ကိုဝင်တဲ့ ချင်းကို ပြည်ပတင်ပို့ဖို့အတွက် အထိုင်ချပြီး ဝယ်ယူနေတဲ့ကုမ္ပဏီတွေရှိလာသလို ပြည်တွင်းသုံးအတွက်လည်း ဈေးပတ်သမားတွေ ဝယ်ယူမှုကြောင့် သင်္ကြန်မတိုင်မီကာလမှာ အတော်များများ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း ဒေသခံပွဲရုံတွေထံမှ သိရပါတယ်။ အောင်ပန်း၊ ပင်းတယတစ်ဝိုက်မှာ အဓိကဝယ်ယူနေတဲ့ ဖြိုးကျော်ကုမ္ပဏီကတော့ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်စတဲ့နိုင်ငံကြီးတွေကို တင်ပို့ဖို့အတွက် ဝယ်ယူနေတာဖြစ်ပြီး သင်္ကြန်မတိုင်ခင်မှာပဲ ပိဿာချိန် ခြောက်သိန်းခန့် ဝယ်ယူဖြစ်ခဲ့တယ်လို့ ၎င်းကုမ္ပဏီက တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။ ဧပြီလမှာတော့ သင်္ကြန်ပွဲတော်နဲ့ ရှမ်းပြည် ဓလေ့အတိုင်း အလှူပွဲတွေ ဆက်တိုက်ကျင်းပနေတာကြောင့် လတ်တလောမှာတော့ အဝယ်ခဏရပ်ထားရတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်း(စို) တစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံးကျပ် ၃၅၀ မှ အမြင့်ဆုံး ကျပ် ၅၀၀ ဈေးရှိပြီး၊ ချင်းခြောက်ကတော့ တစ်ပိဿာကို ကျပ် ၁၀၀၀ ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

# ချင်းတန်ချိန် ၈၀ ကျော် တင်ပို့

ဧပြီ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၈၃ ဒသမ ၈၂၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ တန်ချိန် ၅၇ ဒသမ ၃၂၅ တန်၊ စင်ကာပူနိုင်ငံသို့ ၁၈ တန်နဲ့ သီရိလင်္ကာနိုင်ငံသို့ ၈ ဒသမ ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ချင်းတင်ပို့မှုမရှိဘဲ ယခုတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၈၃၁၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နနွင်း

# မူဆယ်မှ နနွင်းတက် လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၈ ရက် မှ ၁၄ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂၆၀၂၇ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၁၈၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ တန်ချိန် ၄၁၀ နဲ့မြဝတီမှ ၇၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် မူဆယ်မှ နနွင်းတင်ပို့မှုမှာ ၂၂၂ တန် လျော့နည်းခဲ့တာ တွေ့ရပါတယ်။

မတ်လ တစ်လလုံးအနေနဲ့ကတော့ မူဆယ်မှ နနွင်းတက် တန်ချိန် ၁၅၀၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး စစ်တွေမှ တန်ချိန် ၁၃၀ ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# နနွင်းတန်ချိန် ၃၀၀ ကျော် တင်ပို့

ဧပြီ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၃၁၀ ဒသမ ၀၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၆ တန်နဲ့ အိန္ဒိယနိုင်ငံသို့ ၂၅၄ ဒသမ ၀၄ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်းတန်ချိန် ၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၃၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှ ကန်ဒေါ်လာ၈၅၀ ဝန်းကျင်ရရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၂၆၃၆၂၅ ဒေါ်လာ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# ဖြိုးကျော်ကုမ္ပဏီက နနွင်းအခြောက်ရော အစိုပါဝယ်ယူ

ယခင်နှစ်ကတည်းက အရောင်းအဝယ်ကောင်းခဲ့တဲ့ ရှမ်းနနွင်းက ဒီနှစ်မှာလည်း အရောင်းအဝယ် ဖြစ်နေပါတယ်။ ပြည်ပတင်ပို့ဖို့အတွက် ဝယ်လက်နဲ့ ပြည်တွင်း ဝယ်လက်တွေ ဝယ်ယူမှုရှိတာကြောင့် အရောင်းအဝယ် သွက်နေတယ်လို့ သိရပါတယ်။

ပြည်ပဝယ်လက်တွေက နနွင်း(နီ)ကို ပိုပြီးကြိုက်ပါတယ်။ ဒါပေမယ့် နနွင်း(နီ)က အထွက်နည်းတယ်လို့ ဆိုပါတယ်။ ချင်းဝယ်ယူတဲ့ ဖြိုးကျော်ကုမ္ပဏီကတော့ အောင်ပန်းဈေးကွက်ကို ဝင်လာတဲ့ နနွင်း(နီ)တွေကို အကုန်ဝယ်ယူပါတယ်။ အစိုအတိုင်းလည်း ဝယ်ယူမှုရှိတာကြောင့် အနုပြုတ်ခြောက်လုပ်ပြီးချိန်မှာတော့ ပစ္စည်းနည်းသွားတယ်လို့ သိရပါတယ်။ ရှမ်းနနွင်းကိုတော့ သီရိလင်္ကာနိုင်ငံကို တင်ပို့ဖို့အတွက် ဝယ်ယူနေကြတယ်လို့ သိရပါတယ်။

ဒီတစ်ပတ်တော့ ဈေးကွက်မှာ နနွင်းအဝင်နည်းနေပါသေးတယ်။ ပြည်ပတင်ပို့ဖို့အတွက် နနွင်း(စို) က ပိဿာချိန် လေးသိန်းခန့်နဲ့ နနွင်း(ခြောက်) ပိဿာချိန် တစ်သိန်းခန့်ကိုလည်း ဖြိုးကျော်ကုမ္ပဏီက ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ် နနွင်းပေါက်ဈေးတွေက နနွင်း(ဝါ) တစ်ပိဿာကို အနိမ့်ဆုံးကျပ် ၁၂၀၀ မှ ကျပ် ၂၇၀၀ ဈေးရှိပြီး နနွင်း(နီ) တစ်ပိဿာကို ကျပ် ၃၀၀၀ ဈေးရှိတယ်လို့ နနွင်းပွဲရုံတွေမှ သိရှိရပါတယ်။

**ဧခိုင်-တောင်ကြီး**

# အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ် ဖြစ်ပေါ်လာပုံနှင့် ပဏာမခြေလှမ်းများ

| သိန်းမြင့်ဝေ |

## ဘဏ်ဖြစ်ပေါ်လာပုံ

အိန္ဒိယနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် (Export -Import Bank of India) သည် နိုင်ငံ၏ ပို့ကုန်ကို ငွေကြေးဖြည့်ဆည်းထောက်ကူပေးလျက်ရှိသော ပထမတန်း အဖွဲ့အစည်းဖြစ်ပါသည်။ အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်ကို “၁၉၈၁ ခုနှစ် အိန္ဒိယနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် အက်ဥပဒေ” (Export-Import Bank of India Act 1981) အရ ၁၉၈၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ အိန္ဒိယအစိုးရသည် အိန္ဒိယမှ တင်ပို့သော ပို့ကုန်များကို မြှင့်တင်ရန်သာမက အထွေထွေစီးပွားရေးတိုးတက်မှုနှင့်အတူ နိုင်ငံ၏ ပြည်ပကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို တိုးမြှင့်ရန်အတွက် ပို့ကုန်သွင်းကုန်ဘဏ်ကို စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

အိန္ဒိယ ပို့ကုန်သွင်းကုန်ဘဏ် (Exim Bank of India) သည် နိုင်ငံဖြတ်ကျော် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရာတွင် တွန်းအားတစ်ရပ်ဖြစ်သည့်အပြင် အဓိကကျသော အဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။ ကမ္ဘာပေါ်တွင်ရှိသော အခြားပို့ကုန်ချေးငွေအေဂျင်စီများ (Export Credit Agencies) ကဲ့သို့ပင် ပို့ကုန်ချေးငွေထုတ်ချေးသူအဖြစ် စတင်ဆောင်ရွက်ခဲ့သော အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်သည် ကာလရှည်ကြာလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ တစ်နည်းအားဖြင့် အိန္ဒိယနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ ရှင်သန်တိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်လာခဲ့ပါသည်။ အထူးသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (Small and medium enterprises- SMEs) ရှင်သန်ကြီးထွားရေးကို ပံ့ပိုးကူညီနိုင်ခဲ့သည်။ ထိုကဲ့သို့ ပံ့ပိုးကူညီရာတွင် စီးပွားရေးလုပ်ငန်း၏ အဆင့်တိုင်းတွင်ရှိသော ထုတ်ကုန်နှင့် ဝန်ဆောင်မှုအမျိုးမျိုးကို ပံ့ပိုးကူညီခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် နည်းပညာတင်သွင်းခြင်းနှင့် ပို့ကုန်အမျိုးအမယ်များပြားရေးမှသည် ပို့ကုန်ထုတ်လုပ်ခြင်း (Export Production)၊ ပို့ကုန်ဈေးကွက်ဖော်ဆောင်ခြင်း (Export marketing)၊ သင်္ဘောမတင်မီနှင့် သင်္ဘောတင်ပြီးနောက်ပိုင်း ရင်းနှီးမြှုပ်နှံခြင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုတို့အထိ ပံ့ပိုးကူညီခဲ့ပါသည်။

## ပဏာမခြေလှမ်းများ

အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ် အနေဖြင့် ဘဏ်၏လုပ်ငန်းများကို အောက်ပါအတိုင်း စတင်လုပ်ဆောင် ခဲ့သည်-

အိန္ဒိယ ပို့ကုန်သွင်းကုန်ဘဏ်သည် အိန္ဒိယနိုင်ငံမှ ပြည်ပသို့ တင်ပို့ရန် အလားအလာရှိသည့် ပို့ကုန်များကို အဓိကတွန်းအားပေးသည့် အဖွဲ့အစည်းပင်ဖြစ်ပါသည်။ အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်သည် အလားအလာကောင်းသော ပို့ကုန်လုပ်ငန်းရှင်များကို ဘက်စုံဝန်ဆောင်မှုပေးခြင်းဖြင့် ကူညီပါသည်။ အဆိုပါ ပို့ကုန်လုပ်ငန်းရှင်များ၏ ပို့ကုန်အဆက်အသွယ်များ တိုးပွားခိုင်မာရေးကို ကူညီဆောင်ရွက်ပေးပါသည်။ အထူးသဖြင့် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အာဖရိက ဖွံ့ဖြိုးရေးဘဏ်နှင့် ဥရောပပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးဘဏ်ကဲ့သို့သော နိုင်ငံစုံငွေကြေးထောက်ပံ့သော အေဂျင်စီများ (Multilateral funded agencies) က ပံ့ပိုးကူညီသော ပို့ကုန်အဆက်အသွယ်များ တိုးတက်ခိုင်မာရေးကို ကူညီဆောင်ရွက်သည်။

အိန္ဒိယ ပို့ကုန်သွင်းကုန်ဘဏ်သည် ပြည်ပငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ပြည်ပအစိုးရများနှင့် ၎င်းတို့၏အေဂျင်စီများသို့ ချေးငွေအမျိုးအစားများကို တိုးချဲ့ထုတ်ချေးပါသည်။ ထိုကဲ့သို့ ထုတ်ချေးခြင်းအားဖြင့် အိန္ဒိယနိုင်ငံက ထုတ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ၎င်းတို့က ဝယ်ယူတင်သွင်းကြမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အိန္ဒိယနိုင်ငံထုတ် ကုန်စည်နှင့် ဝန်ဆောင်မှုများကို အကြွေး ဝယ်ယူတင်သွင်းနိုင်ရန်အတွက် အိန္ဒိယပို့ကုန် သွင်းကုန်ဘဏ်က ငွေကြေးထုတ်ချေးခြင်း ဖြစ်ပါသည်။ အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်သည် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအတွက် ချေးငွေအန္တရာယ်များ (Credit risks) မှလည်း ကာကွယ်ပေးသည်။ အထူးသဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သော ပို့ကုန်လုပ်ငန်းရှင်များကို ချေးငွေအန္တရာယ်များမှ ကာကွယ်ပေးသည်။

ပြည်ပတွင် သွားရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသော အိန္ဒိယနိုင်ငံသားများအတွက် လိုအပ်ချက်အမျိုးမျိုး (A variety of facilities) ကို အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်၏ ပြည်ပရင်းနှီးမြှုပ်နှံမှု ငွေကြေးပံ့ပိုးကူညီရေးအစီအစဉ်က ဖြည့်ဆည်းပေးသည်။ ယင်းကဲ့သို့ ဖြည့်ဆည်းပေးရာတွင် ပြည်ပ၌ နိုင်ငံခြားလုပ်ငန်းများနှင့် ငွေကြေးအရင်း အနှီးပူးပေါင်းဆောင်ရွက်လိုသော အိန္ဒိယကုမ္ပဏီများကို ချေးငွေထုတ်ချေးခြင်းနှင့် ပြည်ပလုပ်ငန်းများတွင် အိန္ဒိယ ပို့ကုန်သွင်းကုန်ဘဏ်က တိုက်ရိုက်ငွေကြေးထည့်ဝင်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တွေ့မြင်နိုင်သည်။ ထို့ပြင် တိုက်ရိုက်ငွေကြေးထည့်ဝင်ခြင်း မဟုတ်သော လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးသည်။ ဥပမာအားဖြင့် ပြည်ပလုပ်ငန်းများက ပြည်တွင်းတွင် ငွေကြေးချေးယူခြင်းအတွက် ငွေကြေးချေးငွေအမိန့်များထုတ်ပေးခြင်း (Letters of Credit) နှင့် အာမခံချက်ပေးခြင်းတို့ (Guarantees) ကို ဖြည့်ဆည်းပေးသည်။

အိန္ဒိယ ပို့ကုန်သွင်းကုန်ဘဏ်သည် အိန္ဒိယရူပီးဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေကြေးများဖြင့်ဖြစ်စေ ချေးငွေများ ထုတ်ချေးခြင်းအားဖြင့် ငွေရေးကြေးအကူအညီပေးပါသည်။ ထိုကဲ့သို့ အကူအညီပေးရာတွင် လက်ရှိထုတ်လုပ်လျက်ရှိသော လုပ်ငန်းများကို တိုးချဲ့ရန် သို့မဟုတ် အဆင့်မြှင့်တင်ရန်အတွက်လည်းကောင်း၊ ထုတ်ကုန်သစ်ထုတ်လုပ်ရန်အတွက်လည်းကောင်း ကူညီပေးသည်။ ထို့ပြင် ကုန်ထုတ်လုပ်ရာတွင် အသုံးပြုသော စက်ပစ္စည်းကိရိယာ သို့မဟုတ် နည်းပညာရရှိရေးအတွက်လည်း ငွေကြေးပံ့ပိုးကူညီပါသည်။ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် ပို့ကုန်ဦးစားပေးထုတ်လုပ်သည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) ကို အဓိကထားကူညီပါသည်။ SME များ၏ ပို့ကုန်စွမ်းရည်များ (Export capabilities) တိုးတက်ရေးနှင့် နိုင်ငံတကာ ပြိုင်ဆိုင်နိုင်စွမ်း (International competitiveness) မြင့်မားရေးအတွက် ရည်ရွယ်၍ ငွေရေးကြေးရေးအကူအညီပေးခြင်းဖြစ်ပါသည်။

အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်သည် ပို့ကုန်ဈေးကွက်ရှာဖွေရေးအတွက် ငွေကြေးကူညီသော အစီအစဉ် (Export Marketing Finance Programme) ကိုထားရှိပါသည်။ ဤအစီအစဉ်အရ အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်သည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ပို့ကုန်ဈေးကွက်ဖော်ဆောင်ရေး လုပ်ဆောင်ချက်များအတွက် SME များကို ထောက်ပံ့ပေးသည်။ မဟာဗျူဟာကျသော ပို့ကုန်ဈေးကွက်ဖွံ့ဖြိုးရေး စီမံကိန်းနှင့် စနစ်ကျသော ပို့ကုန်ဈေးကွက်ဖွံ့ဖြိုးရေးစီမံကိန်းများ (Strategic and systematic export market development plans) ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော အသုံးစရိတ်များကို ပံ့ပိုးကူညီပါသည်။

အိန္ဒိယ ပို့ကုန်သွင်းကုန်ဘဏ်သည် ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ အိန္ဒိယကျေးလက်လုပ်ငန်းများကို ကမ္ဘာ့ဈေးကွက်နှင့် ချိတ်ဆက်ပေးရန်ဖြစ်သည်။ ထို့ပြင် ကျေးလက်လုပ်ငန်းများ၏ ပို့ကုန်စွမ်းရည်ကိုမြှင့်တင်ပြီး ကျေးလက်ဆင်းရဲသားများအတွက် အကျိုးရှိစေရန်လည်း ရည်ရွယ်သည်။

SME များကို ကူညီရန်အလို့ငှာ အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်သည် ပို့ကုန်ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်း (Export Marketing Services-EMS) အစီအစဉ်ကို ထားရှိသည်။ EMS မှတစ်ဆင့် ပြည်ပဈေးကွက်များတွင် SME ထုတ်ကုန်များအလိုက် ဈေးကွက်ဖော်ဆောင်ရန်ဖြစ်သည်။ အလားအလာရှိသော စီးပွားရေးလုပ်ငန်းမိတ်ဖက်များ ရှာဖွေဖော်ထုတ်ခြင်းမှသည် ပို့ကုန်အမှာစာများရရှိသည်အထိ အဆင့်တိုင်းတွင် ဝန်ဆောင်မှုပေးရန်ဖြစ်ပါ သည်။

အိန္ဒိယ ပို့ကုန်သွင်းကုန်ဘဏ်သည် ငွေရေးကြေးရေးပံ့ပိုးကူညီသည့် အစီအစဉ်များအပြင် တန်ဖိုးရှိသော သတင်းအချက်အလက်များ၊ အကြံဉာဏ်များနှင့် ဝန်ဆောင်မှုများကိုလည်း ဖြည့်ဆည်းပေးသည်။ ဤသတင်း အချက်အလက်နှင့် အကြံဉာဏ်များက ပို့ကုန်လုပ်ငန်းရှင်များအား ဆုံးရှုံးနိုင်ခြေများနှင့် ပို့ကုန်အခွင့်အလမ်းများကို သုံးသပ်နိုင်စေပါသည်။ ထို့ပြင် ပို့ကုန်လုပ်ငန်းရှင်များ၏ ပြိုင်ဆိုင်နိုင်မှုကို တိုးတက်စေပြီး နိုင်ငံတကာဈေးကွက်တွင် ရင်ပေါင်တန်းလုပ်ဆောင်လာစေနိုင်ပါသည်။

**Source:eximbankindia**

## ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ဝါရှင်တန်ဒီစီမှ ထွက်ရှိသည့် ပန်းသီးသေတ္တာပုံး ခြောက်သန်းခန့်ကို အိန္ဒိယနိုင်ငံက တင်သွင်းနိုင်ဖွယ်ရှိ

ဝါရှင်တန်ဒီစီမှ ပန်းသီး စိုက်ပျိုးသူနှင့် ထုပ်ပိုးသူများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းဖြစ်သော Washington Apple Commission အဖွဲ့သည် ယခုနှစ်တွင် ဝါရှင်တန်ဒီစီမှ ထွက်ရှိသည့် ပန်းသီးသေတ္တာပုံး ၅ ဒသမ ၅သန်းမှ ၆ သန်းခန့်အား အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်မည်ဟု Washington Apple Commission အဖွဲ့က မျှော်မှန်းထားကြောင်း သိရှိရသည်။

၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ဝါရှင်တန်ဒီစီမှထွက်ရှိသည့် ပန်းသီးသေတ္တာပုံး သုံးသန်းခန့်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံသို့ ပန်းသီးသေတ္တာပုံးပေါင်း ၅ ဒသမ ၅ သန်းမှ ၆ သန်းခန့် တင်ပို့နိုင်မည်ဟု မိမိတို့မျှော်မှန်းထားကြောင်း၊ မိမိတို့ပန်းသီးများပြည်ပသို့ တင်ပို့မှုအများဆုံးနိုင်ငံများတွင် အိန္ဒိယနိုင်ငံလည်း ပါဝင်ကြောင်း Washington Apple Commission မှ နိုင်ငံတကာဈေးကွက် အရောင်းဌာန ညွှန်ကြားရေးမှူးဖြစ်သူ ရီဘက်ကာ လိုင်းယွန်က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသို့ တင်ပို့သည့် အဓိကသီးနှံများအနက် ၃၀ ရာခိုင်နှုန်းခန့်မှာ ဝါရှင်တန်ဒီစီမှ ထွက်ရှိသည့် ပန်းသီးတစ်မျိုးဖြစ်သော အရသာရှိသည့် အနီရောင်ပန်းသီးဖြစ်ကြောင်း၊ ယခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ပန်းသီးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ရရှိမည်ဟု ခန့်မှန်းထားကြောင်း ရီဘက်ကာ လိုင်းယွန်က ပြောကြားခဲ့သည်။

ကော်မရှင်အဖွဲ့အနေဖြင့် အိန္ဒိယနိုင်ငံတွင် ဝါရှင်တန်ပန်းသီး ပိုမိုရောင်းချနိုင်ရန်အတွက် အိန္ဒိယနိုင်ငံတွင်းရှိမြို့ကြီး ၈၉ မြို့အား ဦးစားပေးအုပ်စုအဆင့်များခွဲ၍ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဝါရှင်တန်မြို့မှ ပန်းသီးများ သယ်ဆောင်သည့် သင်္ဘောသည် အိန္ဒိယနိုင်ငံဆိပ်ကမ်းမြို့များသို့ ရောက်ရှိရန် ရက်ပေါင်း ၃၀ မှ ၃၅ ရက်အထိ ကြာမြင့်ကြောင်း၊ အိန္ဒိယနိုင်ငံသည် နိုင်ငံတွင်းသို့ ပန်းသီးတင်သွင်းမှုအပေါ် အခွန် ၅၀ ရာခိုင်နှုန်းခန့် ကောက်ခံလျက်ရှိကြောင်း၊ ဝါရှင်တန်ပန်းသီးများကို မက္ကဆီကိုနိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိပြီး မက္ကဆီကိုပြီးလျှင် ကနေဒါနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ အမြောက်အမြား တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

**စန္ဒာထွန်း (TTI)**

# စာတ်ဆီ/ဒီဇယ်

## ဒီဇယ်၊ စာတ်ဆီ ပုံမှန်အဝင်ရှိ

ဧပြီ ၂ ရက်မှ ၈ရက်အထိသီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၈၁၅၁၆၀ တန်ဖိုးရှိ ဓာတ်ဆီ ၃၁၄၂ ဒသမ ၉၆၆ တန်နဲ့ ကန်ဒေါ်လာ ၃၇၇၉၀၂၇၀ တန်ဖိုးရှိ ဒီဇယ် ၇၉၇၆၅ ဒသမ ၆၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ (92)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ဒီဇယ်တင်သွင်းတန်ချိန် ၃၄၀၀၀ ကျော်နဲ့နှိုင်းယှဉ်ရင်ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန်၄၅၀၀၀ ကျော်ပိုမိုတင်သွင်းခဲ့ပြီး ယခင်တစ်ပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၄၅၆၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီတန်ချိန် ၄၂၀၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဒီဇယ်တင်သွင်းမှုပိုပြီး ဓာတ်ဆီတင်သွင်းမှု လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဒီဇယ် ၆၈ ဒသမ ၇၁၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ဓာတ်ဆီရောဒီဇယ်ပါပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (95)နဲ့ (92)တို့ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၀၀ကျပ်၊ အောက်တိန်း (92) ၇၁၀ ကျပ်၊ အောက်တိန်း (95) ၇၅၀ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၇၁၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီ ဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဧပြီလ၁၈ရက်မှာ ဒီဇယ် ဝယ်ဈေး ကျပ်၁၄၃၀၀၀၊ ရောင်းဈေး ကျပ် ၁၄၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ကဈေးနဲ့နှိုင်းယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၁၀၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဧပြီ ၁၉ရက်မှာ ဓာတ်ဆီ ဝယ်ဈေး ကျပ် ၁၅၀၀၀၀၊ ရောင်းဈေး ကျပ် ၁၅၄၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ဈေးငြိမ်ခဲ့ပေမယ့် ဓာတ်ဆီဈေး ကျလာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ်ကျပ် ၃၀၀၀၊ ဓာတ်ဆီ တစ်ဂါလံ ကျပ် ၃၂၀၀ နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင်ဓာတ်ဆီ၊ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ၈၆၅ကျပ်၊ ဒီဇယ် ကျပ် ၇၂၀၊ အဆင့်မြင့်ဒီဇယ် ၇၅၅ ကျပ်၊ အောက်တိန်း (92) ၇၈၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ ဧပြီ ၁၈ ရက်မှာ ဒီဇယ်ဝယ်ဈေးကျပ် ၁၄၅၀၀၀၊ ရောင်းဈေးကျပ် ၁၄၉၀၀၀ နဲ့တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဧပြီ ၁၈ ရက်တွင် ဝယ်ဈေး ကျပ် ၁၅၁၀၀၀၊ ရောင်းဈေးကျပ် ၁၅၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဓာတ်ဆီရောဒီဇယ်ပါ ဈေးနည်းနည်း မြင့်လာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များရဲ့ တစ်ဂါလံဈေးမှာ ဒီဇယ် ကျပ် ၃၀၀၀၊ ဓာတ်ဆီ ကျပ်၃၁၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးများမှာ ဓာတ်ဆီကျပ် ၃၃၀၀၊ ဒီဇယ် ၃၄၄၅ ကျပ်၊ အောက်တိန်း ကျပ် ၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင် များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၃၀၀၊ ဒီဇယ် တစ်ဂါလံ ကျပ် ၃၅၀၀၊ အောက်တိန်း တစ်ဂါလံကျပ် ၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်**မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဓာတ်ဆီ၊ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးနှုန်းများမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၂၀၀၊ ဒီဇယ်တစ်ဂါလံ ကျပ် ၃၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလံ ကျပ် ၃၂၀၀၊ ဒီဇယ်တစ်ဂါလံ ကျပ် ၃၂၀၀ နဲ့အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

MIRT-DOT

## ဗဟိုဘဏ်က ဈေးဖွင့်ထားသော်လည်း ပြင်ပငွေလဲစင်တာအချို့နှင့် ပုဂ္ဂလိကဘဏ်များပိတ်ထား၍ ပြင်ပဈေးကွက်တွင်သာ အရောင်းအဝယ်ဖြစ်နေ

သင်္ကြန်ကာလအပြီးတွင် အစိုးရရုံးများ ဖွင့်လှစ်ထားသော်လည်း ပုဂ္ဂလိကဘဏ်များ၊ ပြင်ပငွေလဲစင်တာအချို့ ပိတ်ထားသဖြင့် ငွေလဲဈေးကွက်များတွင် အရောင်းအဝယ်မရှိ ဖြစ်နေကြောင်း သိရသည်။ ပုဂ္ဂလိက ငွေလဲစင်တာများနှင့် ပုဂ္ဂလိက ဘဏ်များ၏ငွေလဲကောင်တာများကို ဧပြီ ၂၄ ရက်မှသာ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အစိုးရရုံးများ ဖွင့်လှစ်ထားသည့် ဧပြီ ၁၈ ရက်မှ ၂၁ ရက်အထိကာလအတွင်း ဗဟိုဘဏ်က ၎င်း၏ရည်ညွှန်း ငွေလဲနှုန်းကို ဧပြီ ၁၈ ရက်က ၁၃၅၉ ကျပ်ဟု သတ်မှတ်ခဲ့သော်လည်း ဧပြီ ၂၁ ရက်တွင် ၁၃၅၂ ကျပ်သို့ လျှော့ချ သတ်မှတ်ခဲ့သည်။ ဖွင့်လှစ်ထားသည့် အချို့သောငွေလဲစင်တာများတွင်လည်း အရောင်း အဝယ်မှာ အနည်းငယ်မျှလောက်သာရှိနေကြောင်း သိရသည်။

"သင်္ကြန်ပြီးတော့ အစိုးရရုံးတွေက ဖွင့်ပေမယ့် ငွေလဲစင်တာတော်တော်များများက ပိတ်ပါတယ်။ ကျွန်တော် တို့ ဆိုင်ကတော့ ဧပြီ ၂၀ ရက်ကမှ ပြန်ဖွင့်တာပါ။ အရောင်းအဝယ်ကတော့ ခပ်အေးအေးပါပဲ"ဟု ပြင်ပငွေလဲစင်တာတစ်ခုတွင် အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက ဆိုသည်။

**မယ်သီတာ**

## ပြည်တွင်းရွှေဈေး ဆက်လက်မြင့်တက်နေသော်လည်း အရောင်းအဝယ်အေးနေ

မဟာသင်္ကြန်ပွဲတော်အပြီးကာလများတွင် မြန်မာ့ရွှေဈေးသည် ဆက်တိုက်မြင့်တက်လာခဲ့ပြီး အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၁၂၀၀၀အထိအမြင့်ဆုံး ရောက်ရှိခဲ့သည်။ ကမ္ဘာ့ရွှေဈေးမြင့်တက်မှုများကြောင့် ပြည်တွင်းရွှေဈေးများ မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ဈေးမြင့်တက်လာသော်လည်း အရောင်းအဝယ်မှာမူ အေးစက်နေကြောင်း ရွှေဈေးကွက်အတွင်းမှသိရသည်။

မဟာသင်္ကြန်ကာလပိတ်ရက်ရှည်များကြောင့် ဈေးကွက်အတွင်း အချို့သောဆိုင်များမှာ ပိတ်ထားဆဲဖြစ်ပြီး ဖွင့်ထားသည့်ဆိုင်များမှာလည်း အရောင်းအဝယ်မဖြစ်သလောက်ရှိနေကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၈၇ အထိ ရောက်ရှိခဲ့သဖြင့် ပြည်တွင်းရွှေဈေးများလည်း မြင့်တက်ခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။ ထို့ပြင် အခေါက်ရွှေဝယ်ယူသူများထံမှ ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကောက်ခံနေသဖြင့် ရွှေဈေးကွက်အတွင်း အရောင်းအဝယ်မှာ ယခင်ကထက် ပိုမိုအေးစက်လျက်ရှိကြောင်း၊ သို့သော် အထည်ဈေးကွက်မှာမူ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

"အခွန်ကိစ္စကြောင့် အခေါက်ရွှေဝယ်တဲ့သူနည်းသွားသလို ရောင်းတဲ့သူတွေဘက်ကလည်း ဈေးကို ခါတိုင်းလို ဖွင့်မရောင်းနိုင်ကြဘူး။ ဒါကြောင့် ဈေးကွက်ထဲမှာ အရောင်းအဝယ်အေးနေရတာပါ"ဟု ရွှေကုန်သည်ဦးစံမြင့်ကဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ယခုတစ်ပတ်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၁၂၀၀၀ အထိ မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း တစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၂၈၇အထိအမြင့်ဆုံးရောက်ရှိခဲ့သည်။

**မယ်သီတာ**

## ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာဈေးနှုန်းများ ဆက်လက်ငြိမ်သက်နေ

သင်္ကြန်အပြီး ရက်များဖြစ်သည့် ဧပြီ ၁၈ရက်မှ ၂၁ ရက်အထိ ကာလအတွင်း ရန်ကုန်စတော့အိတ်ချိန်း၌ ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာများ၏ဈေးနှုန်းများ ငြိမ်သက်လျက်ရှိကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

သင်္ကြန်အပြီးရက်များတွင် အစိုးရရုံးများ ဖွင့်လှစ်လျက်ရှိသည့်နည်းတူ ရန်ကုန်စတော့အိတ်ချိန်းရုံးသည်လည်း ဖွင့်လှစ်ကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိသော်လည်း အရောင်းအဝယ်အေးလျက်ရှိသည်။ ထို့ပြင် စတော့ရှယ်ယာများ၏ ဈေးနှုန်းများမှာလည်း သင်္ကြန်မတိုင်မီက ဈေးအတိုင်းသာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

စတော့ရှယ်ယာ ဈေးနှုန်းများ အပြောင်းအလဲမရှိ ငြိမ်သက်လျက်ရှိသည့်နည်းတူ အရောင်းအဝယ်ဖြစ်မှု ပမာဏမှာလည်း ကျဆင်းလျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ စတော့ရှယ်ယာ ဈေးကွက်ပြန်လည်ဖွင့်လှစ်ခဲ့သည့် ဧပြီ ၁၈ ရက်က FMI၏ အစုရှယ်ယာဈေးနှုန်းမှာ ကျပ် ၁၇၀၀၀၊ MCB ၏အစုရှယ်ယာ ဈေးနှုန်းမှာ ကျပ် ၈၇၀၀၊ MTSH ၏ အစုရှယ်ယာဈေးနှုန်းမှာ ကျပ် ၄၁၀၀၊ FPB ၏ အစုရှယ်ယာဈေးနှုန်းမှာ ကျပ် ၃၀၀၀၀ ဖြင့် ပမာဏအနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့သည်။

ရက်သတ္တတစ်ပတ်၏နောက်ဆုံးရက်ဖြစ်သည့် ဧပြီ ၂၁ ရက်တွင် FMI က အစုရှယ်ယာပေါင်း ၇၅၀၊ MTSH က အစုရှယ်ယာပေါင်း ၅၁၄၀၊ FPB က အစုရှယ်ယာပေါင်း ၁၄၅၆ ရောင်းချခဲ့ရပြီး MCB ကမူ လုံးဝရောင်းချခဲ့ရခြင်းမရှိကြောင်း YSX ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**မယ်သီတာ**

## Currency Exchange Rate

April 21, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.33 |
| BDT | Bangladesh Taka | 82.85 |
| CAD | Canada Dollars | 1.35 |
| CNY | China Yuan Renminbi | 6.88 |
| EUR | Euro | 0.93 |
| H KD | Hong Kong Dollars | 7.78 |
| I NR | India Rupees | 64.58 |
| I DR | Indonesia Rupiahs | 13316.99 |
| JPY | Japan Yen | 109.32 |
| MYR | Malaysia | 4.40 |
| PKR | Pakistan Rupees | 104.84 |
| PHP | Philippines Pesos | 49.75 |
| RUB | Russia Rubles | 56.14 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1133.83 |
| LKR | Sri Lanka Rupe | 152.15 |
| THB | Thailand Baht | 34.39 |
| GBP | United Kingdom Pounds | 0.78 |
| VND | VietnamDon | 22716.95 |

*Source:xe.com*

## World Gold Price

April, 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 17 | - | - | - |
| 18 | 1286 | 1286 | 1286 |
| 19 | 1289 | 1286 | 1286 |
| 20 | 1282 | 1280 | 1280 |
| 21 | 1281 | 1281 | 1281 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 17-4- 2017 | - | - |
| 18-4-2017 | - | - |
| 19-4- 2017 | 911.00 | 910.40 |
| 20-4 -2017 | 909.50 | 909.00 |
| 21-4- 2017 | 909.00 | 909.60 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဧပြီလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 17 | 6 .88 | 34.25 | 80.99 | 64.42 |
| 18 | 6. 88 | 34.37 | 81.35 | 64.54 |
| 19 | 6 .88 | 34.29 | 81.95 | 64.54 |
| 20 | 6 .89 | 34.36 | 81.95 | 64.65 |
| 21 | 6.88 | 34.39 | 82.85 | 64.58 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 17- April | - | - | - | - | - |
| 18- April | 18.38 | 2601.31 | 1960.90 | 5736.64 | 982.00 |
| 19- April | 18.15 | 2533.89 | 1930.88 | 5706.40 | 976.00 |
| 20- April | 18.13 | 2548.22 | 1935.58 | 5629.12 | 966.00 |
| 21- April | 17.96 | 2671.42 | 1981.06 | 5727.23 | 974.00 |

Source:kitco.com

## Energy NYMEX

21-4-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 50.80 | 0.09 | 0.18 |
| Brent Crude Futr (USD/bbl) | 53.08 | 0.09 | 0.17 |
| Gasoline Rbob Fut (Cent/gal) | 167.20 | 0.15 | 0.09 |
| Natural Gas Futr (USD/MMBtu) | 3.17 | 0.01 | 0.32 |
| Heating Oil Futr (Cent/gal) | 157.96 | 0.07 | 0.04 |

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန် ၈၀၀၀ ကျော်ဝင်

ဧပြီ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၀၇၁၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၈၂၉၁ ဒသမ ၁၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၁၂ ဒသမ ၄၀ တန်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၈၁၀၀၊ ထိုင်းနိုင်ငံမှ ၇၅ တန်နဲ့ ကိုရီးယားနိုင်ငံမှ ၃ဒသမ ၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တီပီအိုင်ဘိလပ်မြေနဲ့ အခြားဘိလပ်မြေများတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် က တင်သွင်းခဲ့တဲ့တန်ချိန် ၇၁၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၆၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### ဘိလပ်မြေဈေးကွက် အရောင်းသွက်

ဧပြီလ ၂ ရက်မှ ၈ ရက် အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေ တန်ချိန် ၈၂၀၀ ကျော်ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၇၁၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၀၀ ကျော် အဝင်ပိုခဲ့ပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၃၃၀၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၇၃၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၉၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုပြီးနယ်စပ်လမ်းမှဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ပိတ်ရက်ရှည်အတွင်း အိမ်ဆောက်သူ၊ အိမ်ပြင်သူတွေကြောင့် ဘိလပ်မြေ အရောင်းအဝယ်ပိုသွက်လာတယ်။ ဘိလပ်မြေဈေးကတော့ ဆင်(ထိုင်း)က ဈေးနည်းနည်းကျ လာပြီး ကျန်ဘိလပ်မြေ များက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲမှာ ကြံ့နှစ်ကောင်ဘိလပ်မြေက လူကြိုက်များပြီး အရောင်းအဝယ်လည်း ကောင်းလာတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၅၀၀၊ စိန်(ထိုင်း) ကျပ် ၅၇၀၀၊ မော်လမြိုင် ဆင် ကျပ် ၅၅၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** တည်ဆောက်ရေး လုပ်ငန်းများကြောင့် အရောင်းအဝယ်သွက်ပေမယ့်ဈေးငြိမ်နေတယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံးကျပ် ၄၅၀၀၊ မြန်မာဆင်ကျပ် ၄၁၀၀၊ ဆင်(ထိုင်း) ကျပ် ၆၇၀၀၊ စိန်(ထိုင်း)ကျပ် ၆၈၀၀၊ ဆင်မင်းကျပ် ၄၂၀၀၊ ကျားခေါင်း ကျပ် ၄၀၀၀၊ မြင်းခေါင်း ကျပ် ၄၅၀၀နဲ့ အရောင်း အဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး ဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်အေးနေသေး တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စိန်ဘိလပ်မြေက ကျပ် ၄၀၀၊ အပါချီက ကျပ် ၂၀၀၊ နဂါးက ကျပ် ၄၀၀ ဈေးမြင့်လာခဲ့ပြီး ဆင်ဘိလပ်မြေက ဈေးငြိမ်နေတယ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၂၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၅၀၀၊ ကမ္ဘောဇ ကျပ် ၄၆၀၀၊ နဂါးကျပ် ၄၉၀၀၊ ဆင်(ထိုင်း) ကျပ် ၆၆၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### မြေဩဇာ အဝင်ပို

ဧပြီ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၀၄၆၅၇၈ တန်ဖိုးရှိ မြေဩဇာ ၁၆၈၂၀ ဒသမ ၁၀ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံမှ ၂၂၂၃ တန်၊ ဂျပန်နိုင်ငံမှ ၉၇၈၅ တန်၊ ကိုရီးယားနိုင်ငံမှ ၅၈၁ ဒသမ ၄၀ တန်၊ လာအိုနိုင်ငံမှ တန်ချိန်၅၀၀၊ မလေးရှားနိုင်ငံမှ ၁၅၄ တန်၊ ထိုင်းနိုင်ငံမှ ၁၂၆၁ ဒသမ ၇၀ တန် နဲ့ ဗီယက်နမ်နိုင်ငံမှ ၁၃၁၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ယူရီးယား၊ အမိုးနီးယား ဆာလဖိတ်၊ အာမို၊ ကွန်ပေါင်း၊ မိုနိုပိုတက်ဆီယမ်၊ ဩဂဲနစ်၊ ပိုတက်နဲ့ ပိုတက်ဆီယမ် ကလိုရိုဒ်တို့ဖြစ်တယ်လို့ သိရပါတယ်။ မတ်လနောက်ဆုံး သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၃၄၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၃၃၀၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### ရန်ကုန်မြေဩဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဧပြီ ၂ ရက်မှ ၈ ရက် အထိသီတင်းတစ်ပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ တန်ချိန် ၁၆၈၀၀ ကျော်အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တန်ချိန် ၃၄၄၀ ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၃၃၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၁၂၆၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၂၁၃၀၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၈၆၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေဩဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအေးပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၂၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** သင်္ကြန်အပြီးဆိုင်တွေလည်း ဖွင့်ခါစဖြစ်တဲ့အတွက် ဝယ်သူနည်းလို့ အရောင်းလည်းအေးတယ်လို့ သိရပါတယ်။ သင်္ကြန်မပိတ်ခင် ဈေးနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ မြေဆီဈေး နည်းနည်းတက်တယ်လို့ သိရပါတယ်။ မိုးလည်းနည်းနည်းရွာလာတာကြောင့် နောက်တစ်ပတ်တွေမှာ အရောင်းအဝယ်ကောင်းလာနိုင်တယ်လို့ စိုက်ပျိုးရေးပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၃၅၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၇၀၀ နဲ့အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်မှာ ပြောင်းစိုက်ခင်းအတွက် အရောင်းအဝယ်နည်းနည်းဖြစ်တယ်လို့သိရပါတယ်။ ပုလဲမြေဩဇာသာ အရောင်းအဝယ်ဖြစ်သလို ဈေးလည်းနည်းနည်းမြင့်လာတယ်။ ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၁၅၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၅၀၀၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည်(တရုတ်)ကျပ် ၃၇၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၃၅၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၈၀၀၀၊ မြားကမ္ဘာ ကျပ် ၁၅၄၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ /နို့မှုန့်

### နို့ဆီတန်ချိန် ၁၃၀၀ နီးပါးနဲ့ နို့မှုန့်တန်ချိန် ၁၈၀ နီးပါးဝင်

ဧပြီ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်းကန်ဒေါ်လာ၁၇၁၈၃၇၀ တန်ဖိုးရှိ နို့ဆီ ၁၂၈၆ ဒသမ ၄၇၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စပိန်နိုင်ငံမှ ၁၁ ဒသမ ၈၁၆ တန်၊ ဩစတြေးလျနိုင်ငံမှ ၁၅၅ ဒသမ ၄၆ တန်၊ မလေးရှားနိုင်ငံမှ ၂၄ ဒသမ ၈၁၄ တန် နဲ့ စင်ကာပူနိုင်ငံမှ ၁၀၉၄ ဒသမ ၃၈၉ တန်တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ မာရီးဂိုး၊ ဒွန်း၊ ကောင်းဘဲလ် ၊ အိုကေတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မရှိဘဲ ဒီတစ်ပတ်မှ အားကောင်းကောင်းနဲ့ တင်သွင်းခဲ့တာဖြစ်ပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၁၂၈ ဒသမ ၅၃၅ တန်၊ မလေးရှားနိုင်ငံမှ ၄၈ဒသမ ၄၀၆ တန်၊ ဩစတြေးလျနိုင်ငံမှ သုည ဒသမ ၀၅၉ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ သုညဒသမ ၀၀၇၄ တန် ၊ စုစုပေါင်း ၁၇၇ ဒသမ ၀၀၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် က တင်သွင်းခဲ့တဲ့ ၁၀၂ တန်ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၇၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါ တယ်။

နယ်စပ် စခန်းများဖြစ်တဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၁၅၅၀တန်ဖိုးရှိနို့ဆီ ၁၂ ဒသမ ၀၃၈ တန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄၁၃၉၅ တန်ဖိုးရှိ နို့ဆီ ၄၄ ဒသမ ၃၄ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၄ မှ ၁၄/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၄ မှ ၇/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၈၇.၅၀ | ၅၂၆.၅၀ | (-) | ၁၃၉.၀၀ |
| ၂။ | လွယ်ဂျယ် | ၅၇၅.၀၀ | ၁၁၀၅.၀၀ | (-) | ၅၃၀.၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၁.၅၀ | ၅၂.၅၀ | (-) | ၁.၀၀ |
| ၄။ | ကန်ပိုက်တီ | ၄၀၃၁.၅၀ | ၄၈၁၀.၀၀ | (-) | ၇၇၈.၅၀ |
| ၅။ | တာချီလိတ် | ၂၀၀၀.၀၀ | ၂၀၀၀.၀၀ | | - |
| ၆။ | မြဝတီ | ၆၂.၀၀ | ၃၉၀.၇၄ | (-) | ၃၂၈.၇၄ |
| ၇။ | ကော့သောင်း | ၁၃၀၇၂.၁၅ | ၁၂၂၂၅.၀၀ | (+) | ၈၄၇.၁၅ |
| ၈။ | မြိတ် | ၃၁၈၂.၅၀ | ၆၂၃၀.၀၀ | (-) | ၃၀၄၇.၅၀ |
| | စုစုပေါင်း | ၂၃၃၆၂.၁၅ | ၂၇၃၃၉.၇၄ | (-) | ၃၉၇၇.၅၉ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၄ မှ ၁၄/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၄ မှ ၇/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၄၀၅.၂၅ | ၁၈၂၂၆.၃၀ | (-) | ၈၈၂၁.၀၅ |
| ၂။ | လွယ်ဂျယ် | ၂၆.၀၀ | ၈၆.၀၀ | (-) | ၆၀.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၈၁.၀၀ | - | (+) | ၁၈၁.၀၀ |
| ၄။ | ကန်ပိုက်တီး | ၁၆၅.၀၀ | - | (+) | ၁၆၅.၀၀ |
| ၅။ | မြဝတီ | ၁၁၁၃.၄၀ | ၁၂၀၇.၆၂ | (-) | ၉၄.၂၂ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၁၈၀၀.၀၀ | ၁၈၅၀.၀၀၀ | (-) | ၅၀.၀၀ |
| | စုစုပေါင်း | ၁၂၆၉၀.၆၅ | ၂၁၃၆၉.၉၂ | (-) | ၈၆၇၉.၂၇ |

ခင်မိုးသူ

# သကြၤန်ကာလ နှမ်းတင်ပို့မှု သိသိသာသာ လျော့နည်း

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဧပြီ ၈ ရက်မှ ၁၄ ရက် သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၉၇၆၇၄ တန်ဖိုးရှိ နှမ်းနက် ၂၂၈ တန်ကျော် တစ်မျိုးတည်းသာ တင်ပို့ခဲ့ပါတယ်။ ယခင် ရက်သတ္တပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ တန် ၅၄၀ နဲ့ မူဆယ်မှ နှမ်းနက် ၁၁၇ တန်ခွဲ တင်ပို့ နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ် တရုတ်နိုင်ငံသို့ နှမ်းတန်ချိန် ၄၂၈ တန်ကျော် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

နှမ်းတင်ပို့မှု မရှိပေမယ့် မူဆယ် ကုန်စည်ဒိုင်မှာ ဧပြီ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း နှမ်းဖြူ တစ်တန် ၁၃၂၃၀၇၇ ကျပ်နဲ့ နှမ်းနက် တစ်တန် ၂၀၉၂၃၀၈ ကျပ် ဈေးရှိတယ်လို့ သိရပါတယ်။ မတ်လတစ်လလုံး တရုတ်နိုင်ငံသို့ မူဆယ်နဲ့ ချင်းရွှေဟော်မှတစ်ဆင့် နှမ်းရောင်စုံ တန်ချိန် ၂၃၀၀ ကျော် တင် ပို့နိုင်ခဲ့ပြီး မြဝတီမှတစ်ဆင့် ထိုင်းနိုင်ငံသို့ နှမ်းနက် တန်တစ်ရာကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

**မော်မော်အောင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၁-၄-၂၀၁၇)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| ရန်ကုန် | ၄၆၀၀ | ၄၆၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၇၆၅ | ၁၇၆၅ | □ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၈၄၀ | ၁၈၅၀ | △ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မကွေး | ၄၅၀၀ | ၄၄၀၀ | ▽ | ၃၇၀၀ | ၄၀၀၀ | △ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၄၁၀၀ | ၄၁၀၀ | □ | ၃၇၀၀ | ၃၇၀၀ | □ | ၂၁၅၀ | ၂၁၅၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |

# ဧပြီတတိယပတ် မုံရွာကုန်စည်ဒိုင်တွင် ပဲမျိုးစုံဈေးကွက် အရောင်းအဝယ်ပုံမှန်ဖြစ်

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်သို့ ပဲမျိုးစုံသီးနှံများဝင်ရောက်လျက်ရှိရာ အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် မတ်ပဲသီးနှံတစ်တင်း ပေါက်ဈေးမှာ ကျပ် ၃၃၅၀၀ ဖြစ်ပြီး၊ နေ့စဉ်အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ပါတယ်။ ပဲစင်းငုံသီးနှံမှာ ကျပ် ၂၂၂၀၀ နှုန်းပေါက်ပြီး အိတ် ၂၀၀၀ ခန့်၊ ပဲတီစိမ်းသီးနှံကတော့ ဝင်ရောက်မှုမှာလည်း နည်းသွား၍ အနည်းငယ်သာအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ပဲကြီးတစ်တင်း ပေါက်ဈေးမှာ



(ကြီး) ကျပ် ၃၆၀၀၀ နှုန်းနှင့်နေ့စဉ်အိတ် ၆၀၀ ခန့်၊ စွန်တာနီပဲတစ်တင်း ပေါက်ဈေးမှာ ကျပ် ၂၀၀၀၀၊ ပဲနီလုံးကြား ကျပ် ၂၀၈၀၀ နှုန်းပေါက်ပြီး နေ့စဉ် နှစ်မျိုးပေါင်း အိတ် ၃၅၀ ခန့်၊ ပုဂံပဲတစ်တင်းပေါက်ဈေးမှာ ကျပ် ၃၁၀၀၀ နှုန်းနှင့်အိတ် ၁၀၀ ခန့်၊ ပဲပုပ်စေ့တစ်တင်းပေါက်ဈေးမှာ ကျပ် ၂၄၀၀၀ နှုန်းဖြင့် အိတ် ၂၀၀ ခန့်၊ ပဲယင်းတစ်တင်းပေါက်ဈေးမှာ ကျပ် ၁၆၀၀၀ နှုန်းဖြင့် အိတ် ၇၀၀ ခန့်၊ ကုလားပဲမျိုးစုံ တစ်တင်းပေါက်ဈေးမှာ ကုလားပဲဖြူလုံးကြီး ကျပ် ၄၆၀၀၀၊ ထိုင်ဝမ် ကျပ် ၃၈၀၀၀၊ 929 ကျပ် ၃၉၅၀၀ နှုန်းပေါက်ဈေးရှိပြီး၊ သုံးမျိုးပေါင်းအိတ် ၃၀၀၀ ခန့်၊ ထောပတ်ပဲတစ်တင်းပေါက်ဈေးမှာ ကျပ် ၁၈၅၀၀ နှုန်းနှင့်အိတ် ၈၀၀ ခန့်၊ မြေထောက်ပဲတစ်တင်း ပေါက်ဈေးမှာ ကျပ် ၂၉၀၀၀ ဖြင့် အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်များ ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ဆီထွက်သီးနှံ ဈေးကွက်မှာ မြေပဲလုံးဆန်များ အိတ် ၁၅၀၀ ကျော်ရှိပြီး ဝယ်လက်အဆွဲရှိတဲ့အတွက် အရောင်းအဝယ်ဖြစ်လျက် ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် မြေပဲလုံးဆန်တစ်ပိဿာပေါက်ဈေးနှုန်းမှာ ကျပ် ၂၅၀၀၊ လုံးဆန်တစ်ပိဿာကျပ် ၂၄၀၀၊ ဆီဆန်တစ်ပိဿာ ကျပ် ၂၁၀၀ ပေါက်ဈေးရှိပြီး နေ့စဉ် အိတ် ၁၅၀၀ ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင် သတင်းရပ်ကွက်မှ သိရပါသည်။ **ကြည်ကြည်နွယ်(မုံရွာ)**

# လက်လီ ပဲဈေးကွက်အတွင်း ပြည်စားတော်ပဲဈေး အမြင့်ဆုံးရ

ပြည်ပဲဈေးကွက်အတွင်းသို့ ဧပြီလဆန်းပိုင်းတွင် စားတော်ပဲသီးနှံများ တစ်ရက်ကိုအိတ် ၄၀ ကျော် ၅၀ ဝင် ရောက်ခဲ့သလို အရောင်းအဝယ်ဖြစ်မှုကလည်း လက်လီသမားများနဲ့ အဓိကထားအရောင်းအဝယ်ဖြစ်ကြောင်း သိရပါ တယ်။

ပဲဈေးနှုန်းကတော့ ဈေးကွက်အတွင်း ဈေးအမြင့်ဆုံး ရလျက်ရှိလို့ ပြည်ပဝယ်လက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံ တို့ထက်ပင် ဈေးပိုရခဲ့ပြီး တစ်တင်းကျပ် ၄၀၀၀၀ ဖြင့် သင်္ကြန်မတိုင်ခင်ကာလကထက် ဈေးအနည်းငယ်ပိုရနေခဲ့တာကို တွေ့ရပါတယ်။ အခြားပဲများနှင့်ယှဉ်လျှင် စားတော်ပဲသီးနှံသည် လက်လီသမားများဖြင့်သာ အရောင်းအဝယ် ဖြစ်ခဲ့သော်လည်း နှစ်စဉ်လိုလို ဈေးကောင်းရခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

# သင်္ကြန်အပြီး မုံရွာပဲဈေးကွက်မှာ ပဲစင်းငုံဈေးငြိမ်၊ ကုလားပဲ ဈေးမြင့်

သင်္ကြန်ကာလအပြီး ဧပြီတတိယပတ်မှစကာ ပဲစင်းငုံအနီ ဈေးငြိမ်နေပြီး ကုလားပဲမျိုးစုံမှာ အမြင့်ဈေးများဖြင့် အဝယ်သွက်လာကြောင်း ကုန်သည်တစ်ဦးထံမှ သိရပါတယ်။ ပဲစင်းငုံအနီတစ်တင်းကျပ် ၂၃၀၀၀ ကျော်ဝန်းကျင်ဈေးဖြင့် အဝယ်အေးအေး၊ ဈေးအေးအေးရှိနေပြီး 929 ကုလားပဲတစ်တင်း ကျပ် ၃၉၀၀၀၊ $V_3/V_7$ ကုလားပဲများမှာ တစ်တင်းကျပ် ၄၈၀၀၀ မှ ကျပ် ၄၉၀၀၀ အထိ ရန်ကုန်ဝယ်လက် အဝယ်ရှိနေပြီး အရောင်းအဝယ်သွက်ကြောင်း သိရပါတယ်။

ကုလားပဲမျိုးစုံမှာ အိန္ဒိယဝယ်လက်အပြင် ဒူဘိုင်းဈေးကွက်မှပါ အဝယ်ရှိလာလို့ အဝယ်သွက်ဈေးမြင့်ခဲ့ကြောင်း သိရပြီး ဈေးဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း ကုန်သည်တစ်ဦးက သုံးသပ်ပြောကြားခဲ့ပါတယ်။

**အောင်မင်း (တန့်ဆည်)**

## စားအုန်းဆီ

# မလေးရှား စားအုန်းဆီဈေး ခြောက်ရက်ကြာ ကျဆင်းနေရာမှ ပြန်လည်မြင့်တက်

ပဲပုပ်ဆီ ဈေးနှုန်းများ မြင့်တက်မှုကို အကြောင်းပြု၍ မလေးရှား စားအုန်းဆီ ကြိုရောင်းဈေးသည် ဧပြီ ၂၀ ရက်က ရက်သတ္တနှစ်ပတ်အတွင်း အမြင့်ဆုံးနှုန်းအထိ မြင့်တက်ခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။ ယခု တစ်ကြိမ် မြင့်တက်ခဲ့ခြင်းမှာ ခြောက်ရက်ကြာ ကျဆင်းနေရာမှ ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) တွင် ဇူလိုင်အတွက် စာချုပ် ချုပ်ဆိုရောင်းချသော စားအုန်းဆီ၏ အခြေခံစံထားဈေးနှုန်းမှာ တစ်တန်ကို ၂၅၀၄ ရင်းဂစ်( အမေရိကန်ဒေါ်လာ ၅၆၉ ဒသမ ၆၁) နှုန်းရှိခဲ့သည့်အတွက် ၁ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ဧပြီ ၂၀ ရက်က စုစုပေါင်း ရောင်းချရသည့် စားအုန်းဆီ ပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၆၄၅၄၂ တွဲ ရှိခဲ့သည်။

"ပို့ကုန်တွေက ကျဆင်းနေပါတယ်။ ဒါကြောင့် ဈေးကွက်မှာလည်း ပြန်လည်ရောင်းချမှုတွေ များလာပြီဖြစ်တဲ့အတွက် ဈေးပြန်လည်မြင့်တက်ဖို့ ပဲပုပ်ဆီဈေးနှုန်း အခြေအနေကို အကဲခတ်စောင့်ကြည့်နေရပါတယ်"ဟု ကွာလာလမ်ပူရှိ ကြိုရောင်းကြိုဝယ် လုပ်ငန်းဆောင်ရွက်နေသူ ကုန်သည်တစ်ဦးက ပြောသည်။

ကမ္ဘာ့ ဟင်းရွက်ဆီဈေးကွက်မှာ ဈေးကွက်ဝေစု ရရန်အတွက် စားအုန်းဆီနှင့် ပဲပုပ်ဆီတို့ ဈေးနှုန်းယှဉ်ပြိုင်လျက်ရှိနေရာ ပဲပုပ်ဆီဈေးနှုန်း အတက်အကျက စားအုန်းဆီ ဈေးနှုန်း အတက်အကျအပေါ်တွင် ဩဇာသက်ရောက်လျက်ရှိသည်။

အမေရိကန်နိုင်ငံ ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့ (Chicago Board Of Trade) တွင် ပဲပုပ်ဆီဈေးက သုည ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်နေပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်



(Dalian Commodity Exchange) တွင် စက်တင်ဘာအတွက် ချုပ်ဆိုသည့် စားအုန်းဆီဈေးနှုန်းမှာ သုညဒသမ ၀၃ ရာခိုင်နှုန်းမြင့်တက်လျက်ရှိသည်။

Ramadan မတိုင်မီ စားအုန်းဆီဈေးများ မြင့်တက်လာလိမ့်မည်ဟု ကုန်သည်များက ခန့်မှန်းထားသော်လည်း ဧပြီ ၁ ရက်မှ ၂၀ ရက်အတွင်း စားအုန်းဆီတင်ပို့မှုမှာ ခန့်မှန်းထားသည့် ပမာဏအောက် ကျဆင်းခဲ့သည်။ ကမ္ဘာပေါ်တွင် စားအုန်းဆီတင်ပို့ရာ၌ အင်ဒိုနီးရှားနိုင်ငံပြီးလျှင် အများဆုံးဖြစ်သော မလေးရှားနိုင်ငံမှ ဧပြီ ၁ ရက်မှ ၂၀ ရက်အတွင်း စားအုန်းဆီ တင်ပို့မှုမှာ ယခင်လ ကာလတူနှင့်နှိုင်းယှဉ်ပါက တစ်ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ တစ်ခုဖြစ် သည့် Intertek Testing Services ၏ စာရင်းများအရသိရသည်။ သို့သော်လည်း Societe Generale de Surveillance က ထုတ်ပြန်သော ကိန်းဂဏန်းများအရမူ အလားတူကာလအတွင်း ၄ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။ ထုံးစံအားဖြင့် Ramadan ကာလမှာ အိန္ဒိယနှင့် အရှေ့အလယ် ပိုင်း ဒေသကဲ့သို့သော ဒေသများတွင် စားအုန်းဆီသုံးစွဲမှု မြင့်တက်သောကာလဖြစ်သည်။

**ဉာဏ်တင်**

# စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် ယှဉ်ပြိုင်မှုဥပဒေအကြောင်း တစေ့တစောင်း

| ဟန်လင်းဇော်(ယှဉ်ပြိုင်မှု) |

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် သက်ဆိုင်ရာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု အတိုင်းအတာပေါ်တွင် မူတည်နေသည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏စီးပွားရေး ပိုမိုဖွံ့ဖြိုးစေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက် လာစေရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ယူရေးဆွဲခဲ့သည့် မြန်မာနိုင်ငံယှဉ်ပြိုင်မှုဥပဒေကို ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် (၉)ဖြင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ၂၄ ရက်တွင်ပြဋ္ဌာန်းခဲ့ပြီး၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် စတင်အာဏာသက်ဝင်မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက အမိန့်ကြေညာစာ ထုတ်ပြန်ပေးခဲ့ရာ ယခုအချိန်တွင် အဆိုပါဥပဒေသည် အာဏာသက်ဝင်နေပြီဖြစ်ပါသည်။

ယှဉ်ပြိုင်မှုဥပဒေနှင့် ပတ်သက်၍ စီးပွားရေး လုပ်ငန်းရှင်များနှင့် ဥပဒေရေးရာလုပ်ငန်းဆောင်ရွက်နေသူများက စိတ်ဝင်စားမှုများရှိသော်လည်း အများပြည်သူများ အနေဖြင့် ယင်းဥပဒေနှင့် ရင်းနှီးကျွမ်းဝင်မှု နည်းပါးနေသေး ကြောင်းကို တွေ့ရှိရပါသည်။ သို့သော် နိုင်ငံတကာ စီးပွားရေးနယ်ပယ်တွင်မူ မြန်မာနိုင်ငံ၏ ယှဉ်ပြိုင်မှုဥပဒေပြဋ္ဌာန်းနိုင်မှုနှင့် ယင်းဥပဒေအား အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိပါသည်။

ယှဉ်ပြိုင်မှုနှင့်ပတ်သက်ပြီး အများပြည်သူများသိရှိနိုင်စေရန် အလို့ငှာ အနည်းငယ်ရှင်းပြလိုပါသည်။ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း လုပ်ငန်းနယ်ပယ်တွင် အောင်မြင်စွာ ရပ်တည်နိုင်ရန် အတွက် အပြိုင်အဆိုင် ကြိုးပမ်းကြရာတွင် အချို့က ရိုးရှင်းစွာ ရပ်တည်လည်ပတ်ကြသည်များရှိသလိုအချို့မှာမူ ရိုးသားမှုမရှိသော နည်းလမ်းဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည်ကို တွေ့မြင်နိုင်ပါသည်။ အချို့က ဈေးကွက်အတွင်း မိမိတို့၏ပြိုင်ဘက်များအဖြစ် ပေါ်ထွက်မလာနိုင်အောင် နည်းလမ်းမျိုးစုံသုံး၍ ဈေးကွက်ကို ချုပ်ကိုင်ထားမည်။ ပြိုင်ဘက်များရှိပါ ကလည်း ၎င်းတို့ပြိုလဲပျက်စီး၍ ဈေးကွက်ထဲမှ ပျောက်ကွယ်သွားစေရန် အားထုတ်ဆောင်ရွက်ကြမည်။ တချို့မှာ မိမိတို့၏ဈေးကွက်ဝေစုများ ပိုမိုရရှိလာအောင်၊ စားသုံးသူများ ပိုမိုကြိုက်နှစ်သက်လာအောင် အပြိုင်အဆိုင် ကြိုးပမ်းအားထုတ်မှုများ မပြုကြတော့ဘဲ မိမိတို့နှင့်ပြိုင်ဘက်လုပ်ငန်းရှင်များအကြား သဘောတူညီမှုများရယူကာ ပူးပေါင်းကြံစည်ကြသည်များ လည်း ရှိမည်။

အကျဉ်းချုပ်အားဖြင့်ဆိုရသော် မိမိတို့လုပ်ငန်းရှင်များအချင်းချင်းတူညီသော အခြေအနေတစ်ခုတွင် တရားမျှတစွာဖြင့် ယှဉ်ပြိုင်ဆောင်ရွက်နိုင်မှုကို သဘောကျနှစ်သက်သည့် လုပ်ငန်းရှင်များရှိသလို၊ ထိုကဲ့သို့ မဟုတ်ဘဲ မိမိတို့တစ်ဦးတည်း သို့မဟုတ် မိမိတို့လုပ်ငန်းစု တစ်ခုတည်းကသာ ဈေးကွက်ကို လက်ဝါးကြီးအုပ်၍ လိုသလိုခြယ်လှယ်လုပ်ကိုင်လိုသည့် လုပ်ငန်းရှင်ကြီးများလည်း ရှိနေကြသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ဈေးကွက်တစ်ခုတွင် လုပ်ငန်းများ အချင်းချင်း အပြိုင်အဆိုင် ယှဉ်ပြိုင်ဆောင်ရွက်မှုများမရှိပါက စီးပွားရေးသည် လှုပ်ရှားရှင်သန်တိုးတက်မှုများဖြစ်ပေါ်မလာဘဲ နိုင်ငံ့စီးပွားရေးသည်လည်း အလိုလိုကျဆင်းလာမည်ဖြစ်ပါသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် စားသုံးသူများ ရသင့် ရထိုက်သည့်အခွင့်အရေးများကို ရရှိနိုင်မည်မဟုတ်ဘဲ ၎င်းတို့အတွက် အကာအကွယ်ပေးနိုင်မှုကိုလည်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ပေးနိုင်မည် မဟုတ်ပေ။

ဈေးကွက်အတွင်း ယှဉ်ပြိုင်ဆောင်ရွက်နိုင်မှုကို မလိုလားသည့်




သို့မဟုတ် အတားအဆီးဖြစ်နေသည့် အခြေအနေမျိုးကို ထိန်းချုပ်ပြီး၊ လွတ်လပ်စွာယှဉ်ပြိုင်ဆောင်ရွက်နေသည့် ဈေးကွက်အခြေအနေမျိုး ပေါ်ပေါက်လာအောင် ဖော်ဆောင်ရန် လိုအပ်ပါသည်။ ယင်းအခြေအနေကို ဆောင်ရွက်နိုင်ရန်မှာ သက်ဆိုင်သူများအားလုံး လေးစားလိုက်နာရမည့် လိုအပ်သော စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးမှု၊ အန္တရာယ်ဖြစ် ပေါ်လာ နိုင်သည့် အပြုအမူများကို တားမြစ်ထားမှုဆိုသည့် ဥပဒေတစ်ရပ် မရှိမဖြစ် လိုအပ် လာပါတော့သည်။

ထိုကဲ့သို့သော အခြေအနေများကြောင့် လည်းကောင်း၊ အာဆီယံဒေသအတွင်းတွင် လွတ်လပ်စွာ ကုန်သွယ်မှုပြုနိုင်ရန်ဆိုသည့် အာဆီယံ၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် အတွက်လည်းကောင်း မိမိတို့နိုင်ငံတွင် ယှဉ်ပြိုင်မှုဥပဒေ ပြဋ္ဌာန်းပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။ ယခုအခါတွင် ယှဉ်ပြိုင်မှုဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်သော်လည်း ယင်းဥပဒေနှင့်အညီ ထိန်းကျောင်းပြုပြင်မှုများကို ဦးဆောင်လုပ်ကိုင်မည့်အဖွဲ့အစည်းနှင့် ထိရောက်သည့် ထိန်းကျောင်း ဆောင်ရွက်မှုများ လိုအပ်နေပါသေးသည်။ တစ်ဆက်တည်းမှာပင် ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များနှင့် ဥပဒေပါ အချက်အလက်များကို အထူးသဖြင့် စီးပွားရေး လုပ်ငန်းရှင်များ အပါအဝင် ပြည်သူ လူထုတစ်ရပ်လုံးက သိရှိနားလည်၍ ပြဋ္ဌာန်းထားသည့် ဥပဒေကို လေးစားလိုက်နာနိုင်စေရန်၊ ဥပဒေဘောင်အတွင်း အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်ဆိုသည်မှာ ယခုလုပ်ဆောင်နေသည့် အသိပညာပေးလုပ်ငန်းများ၊ ဥပဒေဆိုင်ရာ အကြံပြုခြင်းလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးသွားရန် ထပ်မံလိုအပ်နေသေးကြောင်း သိရှိရပါသည်။

နိုင်ငံအတွင်း လွတ်လပ်၍မျှတသော စီးပွားရေးယှဉ်ပြိုင်မှု ပတ်ဝန်းကျင်ဖြစ်ပေါ်စေရေးအတွက် ကြိုးပမ်းနေသည်မှာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းမဟုတ်ပါ။ အာဆီယံအဖွဲ့ဝင်နိုင်ငံ အားလုံးမှာလည်း နိုင်ငံအလိုက် ကိုယ့်အတိုင်းအတာနှင့် ကိုယ်ကြိုးပမ်းလျက် ရှိကြပါသည်။ ထိုမှတစ်ဆင့် လွတ်လပ်မျှတ၍ကောင်းမွန်သော စီးပွားရေး ပတ်ဝန်းကျင်တစ်ခုကို ပိုင်ဆိုင်သည့် အာဆီယံဒေသဖြစ်ပေါ်လာရေးအတွက် ဦးတည်ကြိုးပမ်းလျက်ရှိကြပါသည်။

ဤသို့ ဒေသတွင်း အတိုင်းအတာအားဖြင့် ယှဉ်ပြိုင်မှုနယ်ပယ်ကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလျက်ရှိရာ ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များအတွက် ဆွေးနွေးညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း တို့ပြုလုပ်နိုင်ရန် ၂၀၀၇ ခုနှစ်တွင် အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ကို အာဆီယံအဖွဲ့ဝင် နိုင်ငံများအားလုံး ပါဝင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဥက္ကဋ္ဌတာဝန်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နှစ်စဉ်အလှည့်ကျတာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ၂၀၁၇ ခုနှစ်အတွက် ထမ်းဆောင်ရမည်ဖြစ်ပါသည်။ အလှည့်ကျဥက္ကဋ္ဌနိုင်ငံ၏ တာဝန်ဝတ္တရားအရ အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေးကို တစ်နှစ်လျှင် နှစ်ကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်၌ (၁၉)ကြိမ်မြောက် အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ပထမအကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး၊ ဒုတိယ အကြိမ်အဖြစ် အကြိမ်(၂၀)မြောက် အစည်းအဝေးများကို ယခုနှစ် နိုဝင်ဘာလတွင် နေပြည်တော်၌ ကျင်းပပြုလုပ်ရန် စီစဉ်ထားရှိပါ သည်။

(၁၉) ကြိမ်မြောက် အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ ဂျာမနီနိုင်ငံဘက်မှ ကိုယ်စားလှယ်များ၊ အာဆီယံ- ဩစတြေးလျ၊ နယူးဇီလန်မှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၆ ဦး စုံလင်စွာတက်ရောက်ခဲ့ပြီး ထိရောက်သော ဆွေးနွေးညှိနှိုင်းမှုများဖြင့် အောင်မြင်စွာကျင်းပပြုလုပ် နိုင်ခဲ့ပါသည်။

အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများ အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် နိုင်ငံများအလိုက် ယှဉ်ပြိုင်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများ၊ ယှဉ်ပြိုင်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရန် စီမံထားရှိမှု အခြေအနေများ၊အခြား ဆွေးနွေးဖက် အဖွဲ့အစည်းများနှင့် ရှေ့ဆက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ အာဆီယံနိုင်ငံများအတွက်လိုအပ် သည့် အထောက်အပံ့ ပေးအပ်မည့် အစီအစဉ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ယှဉ်ပြိုင်မှု အေဂျင်စီများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း စီမံချက်အတွက် ပြင်ဆင်ရေးဆွဲ ထားသော အစီရင်ခံစာ ကိစ္စရပ်များ စသည့် အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များအကြောင်းကို အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

## UnionPay ကတ်ကိုင်ဆောင်သူ တရုတ်နိုင်ငံသားများအား ဟောင်ကောင်တွင် အိမ်ခြံမြေဝယ်ယူခြင်းကို တားမြစ်

တရုတ်နိုင်ငံ၏ ဘဏ်အချင်းချင်း ငွေပေးချေမှု ပလက်ဖောင်းတွင် အကြီးဆုံးဖြစ်သည့် Union Pay သည် တရုတ်ပြည်မကြီးအတွင်း ရင်းနှီးငွေ စီးထွက်မှုအား တင်းကျပ်စွာ ထိန်းချုပ်နိုင်ရေး အစီအမံအဖြစ် ကတ်ကိုင်ဆောင်သူ တရုတ်နိုင်ငံသားများအား ဟောင်ကောင်တွင် အိမ်ခြံမြေဝယ်ယူခြင်းကို တားမြစ်ခဲ့ သည်။ တရုတ်ပြည်မကြီးမှ ထုတ်ဝေ သော UnionPay အမှတ်အသားပါသည့် မည်သည့်ကတ်မဆို ဟောင်ကောင်ရှိတိုက်ခန်းများအား ဝယ်ယူခြင်းအတွက် ငွေပေးချေမှု မှတ်ပုံတင်ခြင်းတွင် အသုံးပြုနိုင်တော့မည်မဟုတ်ကြောင်းနှင့် Union Pay ကတ်ကိုင်ဆောင်သူများ ဟောင်ကောင်ရှိ အိမ်ခြံမြေများကို ဝယ်ယူခွင့်မပြုရန် ညွှန်ကြားချက်အား လက်ခံရရှိခဲ့ကြောင်း အိမ်ရာဌာန၏ အကြီးအကဲက ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအထိ တရုတ်ပြည်မကြီးမှ ဟောင်ကောင်သို့ ရင်းနှီးငွေ စီးထွက်မှုမှာ အမေရိကန်ဒေါ်လာ ၇၂၈ ဘီလီယံ ရှိခဲ့ကြောင်း၊ တတိယသုံးလပတ်တွင် ၂၄၆ ဘီလီယံ ရှိပြီး၊ ၎င်းအနက်အများစုမှာ အိမ်ခြံမြေဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံခဲ့ကြကြောင်း၊ မကြာသေးမီကာလအတွင်း UnionPay ကတ်ဖြင့် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများမှာ များပြားလှသဖြင့် အဆိုပါငွေ ပေးချေမှုများအား စုံစမ်းစစ်ဆေးမှု များပြုလုပ်ခဲ့ကြောင်း UnionPay က ပြောကြားခဲ့သည်။

UnionPay အနေဖြင့်လွန်ခဲ့သည့် အောက်တိုဘာလအတွင်းက ဟောင်ကောင်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် အာမခံပေါ်လစီများ ဝယ်ယူခြင်းအား တားမြစ်ခဲ့ပြီး ၎င်းနောက် တရုတ်နိုင်ငံဗဟိုဘဏ်မှ နိုင်ငံ၏ကူးသန်းရောင်းဝယ်ရေးဘဏ်များအား ငွေကြေးနှစ်မျိုးဖြင့် သုံးစွဲနိုင်သော credit card ထုတ်ပေးခြင်းအား တားမြစ်ခဲ့သည်။ တရုတ်နိုင်ငံမှ ထုတ်ဝေသည့် Visa ကတ်နှင့် Master Card အား သက်တမ်းကုန်ဆုံးပါက UnionPay မှ ထုတ်ဝေသည့်ကတ်များနှင့် လဲလှယ်ရမည်ဖြစ်ကြောင်း ပြည်သူ့နေ့စဉ် သတင်းစာတွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# FTZs အသစ် ခုနစ်ခုဖွင့်လှစ်၍ တရုတ်နိုင်ငံ၏စီးပွားရေးကို အရှိန်မြှင့်ဆောင်ရွက်မည်

တရုတ်၌ လွတ်လပ်သော ကုန်သွယ်မှုဇုန် (FTZs) အသစ်ခုနစ်ခုကို ဧပြီလ ၈ ရက်က ထပ်မံဖွင့်လှစ်ခဲ့ပြီး လွတ်လပ်သော စီးပွားရေးနှင့် Belt & Road Initiative ကို အရှိန်မြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားလိုက်ပါသည်။

အဆိုပါ FTZs ခုနစ်ခုအနက် ဟေနန်၊ စီချွမ်၊ ရှန်ရှီး၊ ချုံချင်းနှင့် ဟူဘေပြည်နယ်တို့မှာ ကုန်းတွင်းပိုင်းတွင်ဖြစ်ပြီး လျောင်နင်းနှင့်ကျဲကျန်းပြည်နယ်များမှာ ကမ်းရိုးတမ်းဒေသများဖြစ်ကြောင်း သိရပါသည်။ တရုတ်၌ ပထမဆုံးတည်ထောင်ထားသည့် ရှန်ဟိုင်း FTZs ဖွင့်လှစ်ပြီး နောက်ပိုင်းလေးနှစ်အကြာတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် တီယန်ကျင်း၊ ဖူကျင်းနှင့် ကွမ်းတုံတို့၌ FTZs ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယခုအသစ်ထပ်မံဖွင့်လှစ်လိုက်သည့် ခုနစ်ခုအပါအဝင် တရုတ်၌ FTZs စုစုပေါင်း ၁၁ ခုရှိပြီဖြစ်သည်။ အသစ် FTZs ခုနစ်ခုမှာ ၁၂၀ စတုရန်းကီလိုမီတာ အသီးသီး ကျယ်ဝန်းပြီး ဇုန်ခွဲသုံးခုစီထားရှိမည်ဖြစ်သည်။ ကုန်းတွင်းပိုင်းပြည်နယ်များတွင် စီးပွားရေး လမ်းဖွင့်ဆောင်ရွက်မှု တိုးမြှင့်ရန်ရည်ရွယ်၍ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ဆောင်ရွက်ခြင်း၊ ပြည်နယ်အစိုးရအသီးသီးကို စီရင်ဆုံးဖြတ်ပိုင်ခွင့်ခွဲဝေပေးခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ခြင်းတို့ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

FTZs ခုနစ်ခုတွင် ဦးစားပေးနယ်ပယ်အသီးသီးထားရှိကြောင်း ဥပမာအားဖြင့် ရှန်ရှီးပြည်နယ်ကို Belt & Road လမ်းကြောင်းနိုင်ငံများနှင့် ကုန်သွယ်ရေး ဆက်သွယ်မှုမြှင့်တင်ခြင်း၊ ဟေနန်ပြည်နယ်ကို ကုန်စည်ပို့ဆောင်ရေးနှင့် Logistic Service အဓိကဆောင်ရွက်ခြင်း၊ ဟူဘေပြည်နယ်ကို ယန်ဇီမြစ်ဝှမ်းဒေသ စီးပွားရေးဇုန်ဖွံ့ဖြိုးမှုလွယ်ကူချောမွေ့စေရန် အဆင့်မြင့်နည်းပညာလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးဆောင်ရွက်မည်ဖြစ်သည်။

ထို့အပြင် အနောက်ပိုင်းပြည်နယ်များဖြစ်သည့် ယူနန်၊ ကွမ်ရှီးနှင့် ရှင်းကျန့်ဒေသများတွင်လည်း FTZs ဖွင့်လှစ်ရန် အလားအလာရှိကြောင်း သိရှိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ပေကျင်းမြို့**

# အဖိုးတန် ရွှေ၊ ငွေ၊ သတ္တုများ ရောင်းဝယ်ရေး စတော့အိတ်ချိန်း တည်ထောင်နိုင်ရန် မြန်မာနိုင်ငံအား ဟောင်ကောင်ရှိ Gold Exchange က ကူညီသွားမည်

မြန်မာနိုင်ငံအတွင်း အဖိုးတန်ရွှေ၊ ငွေ၊ သတ္တုများ အရောင်းအဝယ်ပြုလုပ်ရန်အတွက် စတော့အိတ်ချိန်း တည်ထောင်ရာတွင် မြန်မာအစိုးရအား ဟောင်ကောင်ရှိ Gold Exchange က ကူညီသွားမည်ဖြစ်ကြောင်း Chinese Gold & Sliver Exchange Society ဥက္ကဋ္ဌ Cheung ၏ ပြောကြားချက်အရ သိရှိရကြောင်း South China Morning Post သတင်းစာတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားနေချိန်တွင် Gold Exchange တည်ထောင်ရန်မှာ အချိန်ကောင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံက ဆောင်ရွက်လျက်ရှိသော " One Belt, One Road " စီမံကိန်း၏ လမ်းကြောင်းတစ်လျှောက်တွင် တည်ရှိနေသည့်အတွက် ဒေသတွင်းကုန်သွယ်မှု၏ အခြားပုံစံသစ်အဖြစ်နှင့် ကုန်စည်များအတွက် တိုးတက်ဖြစ်ပေါ်နေသော အခွင့်အလမ်းများအား ဆုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟောင်ကောင် မြန်မာကုန်သည်ကြီးများအသင်းမှတစ်ဆင့် အကြံပေးလုပ်ငန်းနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများအား ဝန်ဆောင်မှုကြေးကောက်ခံလျက် မြန်မာနိုင်ငံအား ကူညီပေးရန် ဟောင်ကောင်အိတ်ချိန်းက သဘောတူပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်မှ စည်းမျဉ်း စည်းကမ်းဆိုင်ရာ တရားဝင်အတည်ပြုချက်ရရှိရန် လိုအပ်ကြောင်း၊ အသင်းအနေဖြင့် Gold Exchange အတွင်း ရှယ်ယာပိုင်ရှင်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ပြုလုပ်ခြင်းသည် ၁၉၁၀ ခုနှစ်တွင်စတင်တည်ထောင်ခဲ့သည့် ဟောင်ကောင်အိတ်ချိန်းအနေဖြင့် ၎င်း၏ ဝန်ဆောင်မှုအား ပြည်ပသို့ တိုးချဲ့ရာတွင် ပထမဆုံးအကြိမ် ကြိုးပမ်းမှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

" One Belt, One Road " စီမံကိန်းကို ၂၀၁၃ ခုနှစ်က စတင်မိတ်ဆက်ခဲ့ပြီး အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား နိုင်ငံပေါင်း ၆၀ အား ချိတ်ဆက်လျက် ကားလမ်းများနှင့် မီးရထားလမ်းအပါအဝင် အခြေခံ အဆောက်အအုံစီမံကိန်းများနှင့်ကုန်သွယ်မှုများ တိုးမြှင့်ရန်ဖြစ်သည်။ မြန်မာနိုင်ငံသည် " One Belt, One Road " စီမံကိန်းတွင် ပါဝင်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍနှင့် အခြားအခြေခံအဆောက်အအုံ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအသင်း၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံ၏ စီးပွားရေးမှာ ၂၀၁၆ ခုနှစ်တွင် ၈ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပြီး၊ ကမ္ဘာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း အမြင့်ဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ခဲ့ကြောင်း ဖော်ပြထားသည်။

မြန်မာအစိုးရအနေဖြင့် ၂၀၁၅ တွင် မြန်မာနိုင်ငံတွင် စုစုပေါင်းကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်းနှင့် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်အစိုးရနှင့် စီးပွားရေးဆက်ဆံမှုတိုးမြှင့်ရန် ဆန္ဒရှိကြောင်း၊ ဟောင်ကောင်၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား မြန်မာနိုင်ငံအတွင်း၌ ရင်းနှီးမြှုပ်နှံရာတွင် အခွင့်အလမ်းများစွာရှိကြောင်း အသင်းဥက္ကဋ္ဌ Albert Oung မှ ပြောကြားခဲ့သည်။ ရွှေဈေးအနေဖြင့် လအနည်းငယ်အတွင်း ၁၀ ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်းအထိ ဆက်လက်မြင့်တက်နိုင်သေးကြောင်း၊ နိုင်ငံရေးမသေချာမှုများမြင့်တက်လျက်ရှိရာ ရင်းနှီးမြှုပ်နှံသူများက အဖိုးတန်ရွှေ၊ ငွေများတွင် ရွှေ့ပြောင်းရင်းနှီးမြှုပ်နှံကြကြောင်း၊ မြန်မာနိုင်ငံတွင် ယခုနှစ်နောက်ပိုင်းတွင် စတင်နိုင်မည်ဟု ခန့်မှန်းကြောင်း၊ ဟောင်ကောင်မှာ တရုတ်ပြည်မကြီးနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအား အမေရိကန်ဒေါ်လာ၊ ဟောင်ကောင်ဒေါ်လာမှ ယွမ်ငွေကြေးအပါအဝင် ငွေကြေးအမျိုးမျိုးဖြင့် ရွှေရောင်းဝယ်မှုပြုလုပ်ရန် ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း အသင်းဒုတိယဥက္ကဋ္ဌ Jrearz မှ ပြောကြားခဲ့ကြောင်း South China Morning Post သတင်းစာတွင် ဖော်ပြထားပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## Youth Exchanges မှတစ်ဆင့် တရုတ်ပြည်မကြီးအတွင်း အလုပ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများအား ဟောင်ကောင်လူငယ်များ ရရှိမည်

ဟောင်ကောင်အား တရုတ်ပြည်မကြီးသို့ လွှဲပြောင်းပေးအပ်သည့် နှစ် ၂၀ ပြည့်အထိမ်းအမှတ်အဖြစ် ဟောင်ကောင်လူငယ်များအနေဖြင့် "Youth Exchanges" မှတစ်ဆင့် တရုတ်ပြည်မကြီး၏ စီချွမ်ပြည်နယ်ရှိ ပန်ဒါ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းနှင့် ပေကျင်း၏ နန်းတွင်းပြတိုက်တွင် အလုပ်လုပ်နိုင်ပြီဖြစ်သည်။ အစိုးရအနေဖြင့် ယခုနှစ်အတွင်း ပညာသင်ဆုကြေးပေးသည့် အစီအစဉ်ဖြစ်သည့် Youth Exchanges မှတစ်ဆင့် ကွမ်တုံပြည်နယ်တွင် လူငယ်ပေါင်း ၇,၂၀၀ နှင့် နောက်နှစ်တွင် အလုပ်သင်အတွက် ၁,၄၈၀ အား စေလွှတ်ထောက်ပံ့သွားမည်ဖြစ်သည်။

ဟောင်ကောင်နှင့်ကွမ်တုံမှာ နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးရရှိစေရန် အချင်းချင်းအပြန်အလှန် အကျိုးပြုသွားမည်ဖြစ်ကြောင်းနှင့် ဒေသနှစ်ခုကြား "One Belt, One Road" တစ်လျှောက်တွင် အခြေခံအဆောက်အအုံ၊ ဘဏ္ဍာရေး၊ တီထွင်ဆန်းသစ်မှုနှင့် နည်းပညာများကဲ့သို့ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများအား ဆွေးနွေးခဲ့သည်။

လူငယ်များအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ဗဟုသုတရရှိစေမည့်အပြင် ဒေသနှစ်ခုမှ လူငယ်များအကြား နားလည်မှုတိုးမြှင့်နိုင်မည်ဖြစ်သည်။ ဟောင်ကောင်အစိုးရအနေဖြင့် တရုတ်ပြည်မကြီးအတွင်း လူငယ်အလုပ်သင်များအတွက် ရန်ပုံငွေစီမံချက်တစ်ရပ်စတင်သွားမည်ဖြစ်ပြီး၊ အလုပ်အကိုင်ဈေးကွက်၊ လုပ်ငန်းခွင်လေ့ ထုံးစံသဘာဝနှင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ လေ့လာနိုင်စေရန်အတွက် တရုတ်ပြည်မကြီးရှိ လုပ်ငန်းများနှင့် အစိုးရအဖွဲ့အစည်းများတွင် အလုပ်သင်အဖြစ် လုပ်ကိုင်နိုင်ရန် အဆိုပါရန်ပုံငွေမှ ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ **ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ယူနန်ပြည်နယ်၏ ခရီးသွားလုပ်ငန်းအား မြှင့်တင်ဆောင်ရွက်

ယူနန်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း တိုးမြှင့်စေ ရန်အတွက် လုပ်ငန်းစဉ် ၂၂ ခုဖြင့် ဧပြီ ၁၅ ရက်မှ စတင် ဆောင်ရွက်မည် ဖြစ်ကြောင်း ပြည်နယ်ခရီးသွားလုပ်ငန်း အုပ်ချုပ်မှုဌာနက ပြောကြားလိုက်ပါသည်။ ထိုလုပ်ငန်းစဉ်များမှာ ခရီးသွားများအား အတင်းအကျပ်ဈေးဝယ်ရန် ဆွဲဆောင်ခြင်း၊ အလွန်ဈေးနှုန်းချိုသာသော ခရီးစဉ်များဖြင့် ဆွဲဆောင်ခြင်းတို့ကို တားမြစ်ခြင်း၊ အတုအယောင်ခရီးစဉ်များအား အပြစ်ပေးဆောင်ရွက်ခြင်း၊ ခရီးသွားလမ်းညွှန်သူများအတွက် လုပ်ထုံးလုပ်နည်းများကို အွန်လိုင်းဖြင့် သတင်းဖြန့်ဝေခြင်း၊ အကဲဖြတ်ခြင်း စသည်တို့ ပါဝင်ပါသည်။

အဆိုပါ ဆောင်ရွက်ချက်အသစ်ကို ခရီးသွား လုပ်ငန်းဌာနနှင့်အတူ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ဈေးနှုန်းနှင့် အခွန်အခကြီးကြပ်မှု၊ ပြည်သူ့လုံခြုံရေး စသည့် အစိုးရအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ယူနန်ပြည်နယ်သည် ပြည်တွင်းပြည်ပ ခရီးသွားများ အဓိကလာရောက်လည်ပတ်သည့် ဒေသဖြစ်ပြီး မကြာသေးမီက ကမ္ဘာလှည့်ခရီးသည်များအား ခရီးသွားလမ်းညွှန်များက ဈေးနှုန်းအလွန်တင်၍ရောင်းချမှု၊ လိမ်လည်မှုနှင့် အခြားတိုင်ကြားမှုများ ပေါ်ထွက်လာခဲ့ကြောင်း၊ ထို့ကြောင့် ယခုအစီအစဉ်ကို တင်းကျပ်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယူနန်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကော်မရှင်က ပြောကြားပါသည်။ တားမြစ်ထားသည့် လုပ်ဆောင်ချက်များအား ကျူးလွန်ပါက လုပ်ငန်းလိုင်စင် သိမ်းယူခြင်းနှင့် အခြားအပြစ်ပေးခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း၊ ယူနန်၌ ခရီးသွားလုပ်ငန်းစနစ်တကျဖြစ်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခင်က ခရီးသွား လမ်းညွှန်လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရန်၊ ရှောင်ရန်များ ထုတ်ပြန်ခဲ့သော်လည်း ထိရောက်မှုနည်းပါးခဲ့ကြောင်း၊ ယခုအစီအစဉ်ကို သေချာစွာ ဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

Vol: 17, No.15 Monday April 24 2017

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၁–၄–၂၀၁၇)

ဇော်ဝင်း

## မကွေး ဈေးကွက်မှာ မတ်ပဲဈေးတက်ရိပ်ပြ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲဈေး တက်ရိပ်ပြပါတယ်။ မတ်လနောက်ဆုံးပတ်က တစ်ပိဿာ ကျပ် ၁၇၁၀ရှိခဲ့တဲ့ မတ်ပဲဈေးက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၇၆၀ (တစ်တန် ကျပ် ၁၀၇၇၈၀၀) နဲ့ ဈေးမြင့်အရောင်းအဝယ် ဖွင့်ခဲ့ပြီး တစ်ပတ်အတွင်း တစ်ရက်ကို အိတ် ၁၀၀၀ မှ ၁၅၀၀ ကြား အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီက မတ်လနောက်ဆုံးပတ်မှာ တစ်ပိဿာကျပ် ၁၁၃၀ ရှိခဲ့ရာမှ ယခု တစ်ပတ်မှာတော့ တစ်ပိဿာ ၁၁၂၅ ကျပ်နဲ့ ဈေးနိမ့် အရောင်းအဝယ်ဖွင့်ခဲ့ပြီး တစ်ရက်ကို အိတ် ၁၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲလွန်းဖြူကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၇၈၅ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၃၇၄၀ (တစ်တန် ကျပ် ၁၀၆၅၅၅၀) နဲ့ အိတ် ၅၀၀ မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံမှာလည်း မတ်လ နောက်ဆုံးပတ်က နှမ်းဖြူ ထိပ်စ တစ်ပိဿာ ကျပ် ၂၄၉၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၂၉၀ (တစ်တန်ကျပ် ၁၄၀၂၃၇၀ ) နှမ်းနက်စမုံက တစ်ပိဿာ ၂၇၃၅ ကျပ် (တစ်တန် ကျပ် ၁၆၇၄၈၈၀)နဲ့ ဆက်လက်ဈေးငြိမ်နေပြီး နှမ်းမျိုးစုံ တစ်ရက်ကို အိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံ ဈေးကွက်မှာ နှမ်းနီဈေးတက်ပြီး သိပ္ပံနှမ်းနက် ဈေးကျ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ နှမ်းမျိုးစုံ အနက် နှမ်းနီ ဈေးမြင့်တက်ခဲ့ပါတယ်။ မတ်လနောက်ဆုံးပတ်က နှမ်းနီ တစ်ပိဿာ ကျပ် ၁၈၉၀ ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၉၃၅ ကျပ် (တစ်တန်ကျပ် ၁၁၈၄၉၇၀) နဲ့ ဈေးမြင့်ခဲ့ပြီး တစ်နေ့ အိတ် ၁၀၀ မှ ၂၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်က မတ်နောက်ဆုံးပတ်မှာ တစ်ပိဿာကိုကျပ် ၂၈၉၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၂၇၈၀ ကျပ်(တစ်တန်ကျပ် ၁၇၀၂၄၄၀) နဲ့ ဈေးနိမ့်အရောင်းအဝယ်ဖြစ်ကာ တစ်ရက်ကို အိတ် ၂၀၀ မှ ၂၅၀ ကြား အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲမျိုးစုံအနက် ပဲစင်းငုံနီ ဈေးတက်ခဲ့ပေမယ့် ပဲတီစိမ်း ဈေးကျခဲ့ကြောင်း သိရပါတယ်။ မတ်နောက်ဆုံးပတ်မှာ ပဲစင်းငုံနီ တစ်ပိဿာ ၁၁၄၀ ကျပ်ရှိခဲ့ရာ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၅၇၅ ကျပ် (တစ်တန်ကျပ် ၉၆၄၅၁၀) ထိဈေးမြင့်ခဲ့ပြီး တစ်ရက်အိတ် ၃၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်က တစ်ပိဿာကို ၁၆၂၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၃၅ ကျပ် (တစ်တန်ကျပ် ၆၉၅၀၆၀) ထိ ဈေးကျခဲ့ပြီး တစ်ရက်ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် လားရှိုး ဈေးကွက်မှာ ပြောင်းဈေးကတော့ မတ်လ နောက်ဆုံးပတ်က ဈေးအတိုင်း တစ်ပိဿာကျပ် ၃၃၀ (တစ်တန်ကို ကျပ် ၂၀၂၀၈၀ ) နဲ့ ဈေးဖွင့်အရောင်းအဝယ် ဖွင့်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီး ဈေးကွက်မှာ ပြောင်းဈေး အနည်းငယ်ကျ

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်ကျခဲ့ပါတယ်။ မတ်လနောက်ဆုံးပတ်က ပြောင်းဈေး တစ်ပိဿာ ကျပ် ၂၉၀ ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၈၅ ကျပ် (တစ်တန် ကျပ် ၁၇၄၅၃၀) နဲ့ အနည်းငယ် ဈေးနိမ့်ခဲ့ကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျခဲ့ပါတယ်။ မတ်လနောက်ဆုံးပတ်က မတ်ပဲတစ်ပိဿာ ၁၇၇၅ ကျပ်၊ ပဲစင်းငုံနီတစ်ပိဿာကျပ် ၁၁၃၅ ဈေးနဲ့ အရောင်းအဝယ်ဖွင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ မတ်ပဲတစ်ပိဿာ ၁၇၂၅ကျပ် (တစ်တန် ကျပ် ၁၀၅၆၃၇၀)၊ ပဲစင်းငုံနီ တစ်ပိဿာ ၁၁၃၅ ကျပ် (တစ်တန် ကျပ် ၆၉၅၀၆၀) နဲ့ အသီးသီး ဈေးနိမ့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲတီစိမ်းကလည်း ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၃၅၀( တစ်တန်ကျပ် ၈၂၆၇၂၀)၊ ကုလားပဲဖြူလုံးကြီး 929 က တစ်ပိဿာကျပ် ၁၉၅၀ (တစ်တန်ကျပ် ၁၁၉၄၁၆၀)၊ ကုလားပဲဖြူလုံးကြီး V7က တစ်ပိဿာ ၂၄၅၀ ကျပ် (တစ်တန်ကျပ် ၁၅၀၀၃၅၀) နဲ့ အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေး တက်ရိပ်ပြသော်လည်း ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ ဈေးတက်ခဲ့ပေမယ့် ပဲစင်းငုံနီဈေးကျခဲ့ပါတယ်။ မတ်လနောက်ဆုံးပတ်က မတ်ပဲ FAQ(RC)တစ်တန်ကျပ် ၁၂၇၀၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၁၀၅၂၀၀၀၊ မတ်ပဲ SQC (RC) တစ်တန် ကျပ် ၁၀၆၆၀၀၀ ဖြစ်ခဲ့တာမို့ တစ်တန်ကို ကျပ် ၁၄၀၀၀ မြင့်တက်ခဲ့ပါတယ်။ အလားတူ မတ်ပဲ SQ (RC) ကလည်းတစ်တန်ကျပ် ၁၃၃၂၅၀၀ ဖြစ်ခဲ့တဲ့အတွက် တစ်တန်ကို ကျပ် ၆၂၅၀၀ ဈေးမြင့်တက်ခဲ့ပါတယ်။ ပဲစင်းငုံနီ ကတော့ မတ်လ နောက်ဆုံးပတ်မှာ တစ်တန်ကို ကျပ် ၇၄၅၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၇၃၀၀၀၀ ဖြစ်ခဲ့တာမို့ တစ်တန်ကို ကျပ်၁၅၀၀၀ ဈေးကျခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေး ဈေးကွက်မှာ မတ်ပဲ၊ ပဲတီစိမ်း ရွှေဝါ၊ နှမ်းနက်စမုံနဲ့ နှမ်းဖြူတို့ ဈေးကျ

ယခုတစ်ပတ် မန္တလေး ဈေးကွက်မှာ မတ်ပဲ၊ ပဲတီစိမ်း ရွှေဝါ၊ နှမ်းနက်စမုံနဲ့ နှမ်းဖြူတို့ မတ်လနောက်ဆုံးပတ်က ဈေးနဲ့ နှိုင်းယှဉ်ပါက ဈေးကျခဲ့ပါတယ်။ မတ်လနောက်ဆုံးပတ်က မတ်ပဲဈေး တစ်ပိဿာ ၁၇၈၃ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၇၁၇ ကျပ် (တစ်တန်ကျပ် ၁၀၄၉၆၉၀) အလားတူ ပဲတီစိမ်းရွှေဝါကလည်း မတ်လနောက်ဆုံးပတ်က တစ်ပိဿာ ၁၉၁၀ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၄၉ ကျပ် (တစ်တန် ၁၁၃၂၃၀၀ ကျပ် ) အထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကလည်း မတ်လနောက်ဆုံးပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၃၀၆၇ ကျပ်မှ ယခုတစ်ပတ်မှာ ကျပ် ၂၈၀၀ (တစ်တန်ကျပ် ၁၇၁၄၆၉၀)၊ နှမ်းဖြူထိပ်စက ယခင်တစ်ပိဿာကျပ် ၂၄၀၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၃၁၁ ကျပ် (တစ်တန် ၁၄၁၅၂၃၀) နဲ့ ဈေးနိမ့်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

# ၂၀၂၀ ခုနှစ်တွင် သားရေထည်ပစ္စည်းနှင့် ဖိနပ်များပြည်ပသို့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံရရှိရန် ဗီယက်နမ်နိုင်ငံ ခန့်မှန်း

ဗီယက်နမ်နိုင်ငံသည် ၂၀၂၀ ခုနှစ်တွင် ပြည်ပသို့ သားရေထည်ပစ္စည်းနှင့် ဖိနပ်များတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄ ဘီလီယံမှ ၂၆ ဘီလီယံအထိရရှိရန် ရည်မှန်းထားကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန (MoIT) ၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

ဗီယက်နမ်သားရေထည်ပစ္စည်းနှင့် ဖိနပ်လုပ်ငန်းသည် နိုင်ငံ၏ အဓိကပို့ကုန်လုပ်ငန်းများအနက် တစ်ခုအပါအဝင်အဖြစ် ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်အထိ သားရေနှင့်ဖိနပ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် MoIT က ပြန်လည်ပြင်ဆင်ရေးဆွဲထားသည့် စီမံချက်တွင် ဖော်ပြထားသည်။ အဆိုပါ စီမံချက်တွင် ၂၀၁၆-၂၀၂၀ ခုနှစ်အတွင်း သားရေထည်ပစ္စည်းနှင့် ဖိနပ်ထုတ်လုပ်မှုတန်ဖိုးမှ ၁၁ ဒသမ ၆၂ ရာခိုင်နှုန်း၊ ၂၀၂၁-၂၀၂၅ ခုနှစ်အတွင်း ၈ ဒသမ ၈၇ ရာခိုင်နှုန်းနှင့် ၂၀၂၆-၂၀၃၅ ခုနှစ်အတွင်း ၆ ဒသမ ၀၄ ရာခိုင်နှုန်း နှစ်အလိုက် ထုတ်လုပ်မှုတန်ဖိုးတိုးတက်ရန် မျှော်မှန်းထားကြောင်း သိရှိရသည်။

ထို့အပြင် ၂၀၁၆-၂၀၂၀ ခုနှစ်အတွင်း နှစ်အလိုက် ပို့ကုန်တင်ပို့မှုမှ ၁၀ ရာခိုင်နှုန်း၊ ၂၀၂၁-၂၀၂၅ ခုနှစ်အတွင်း ရှစ်ရာခိုင်နှုန်း၊ ၂၀၁၆-၂၀၃၅ ခုနှစ်အတွင်း လေးရာခိုင်နှုန်း တိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖိနပ်ထုတ်လုပ်မှုလုပ်ငန်းတွင် ၂၀၂၀ ခုနှစ်၌ ပြည်တွင်းပါဝင်မှုတန်ဖိုး (Local content rate) ၄၅ ရာခိုင်နှုန်း နှင့် ၂၀၃၅ ခုနှစ်၌ ပြည်တွင်းပါဝင်မှုတန်ဖိုး ၅၅ ရာခိုင်နှုန်း တိုးမြှင့်ရရှိရေး ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် သားရေထည်ပစ္စည်းနှင့် ဖိနပ်ပြည်ပသို့ တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၁၆ ဒသမ ၂ ဘီလီယံ ပို့ကုန်ဝင်ငွေရရှိခဲ့ပြီး အဆိုပါပမာဏသည် ၂၀၁၆ ခုနှစ်တွင် ရရှိသည့် ပြည်ပပို့ကုန်စုစုပေါင်းတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန် ထားချက်အရ ၂၀၁၇ ခုနှစ်တွင် သားရေထည်ပစ္စည်းနှင့် ဖိနပ်ပြည်ပသို့ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ၁၇ ဒသမ ၈၈ ဘီလီယံ ပို့ကုန်ဝင်ငွေရရှိရန် ခန့်မှန်းထားကြောင်း သိရှိရသည်။

**စန္ဒာထွန်း (TTI)**

# ပြည်ထောပတ်ပဲ လက်လီသမားနဲ့ အရောင်းအဝယ်ဖြစ်လို့ ဈေးလျှော့

ပြည်ဈေးကွက်အတွင်း လက်လီသမားနဲ့ နေ့စဉ်အရောင်းအဝယ်အဖြစ်များတဲ့ ပဲထဲမှာ ထောပတ်ပဲသီးနှံလည်း ပါဝင်နေခဲ့ပြီး ယခုချိန်တွင် ပဲဝင်ရောက် မှုကလည်း တစ်ရက်အိတ် ၄၀/၅၀သာ အဝင်ရှိလို့ လက်လီသမားလောက်သာ အဝယ်ရှိခဲ့ကြတယ်လို့ သိရပါတယ်။

ပြည်ခရိုင်အတွင်း ထောပတ်ပဲသီးနှံကို ရွှေတောင်၊ ပန်းတောင်းမြို့နယ်များတွင်သာ စိုက်ပျိုးပြီး ပဲထွက်ရှိချိန်တွင်သာ ဈေးကွက်သို့ ဝင်ရောက်ကာ ကျန်ကာလများမှာတော့ လက်ကျန်ပဲများဖြင့်သာ ရောင်းဝယ်ခဲ့ကြတဲ့အတွက်လည်း လက်လီသမားများဖြင့် ပုံမှန်ရောင်းဝယ်လေ့ရှိတဲ့ ပဲဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၂၂၀၀၀ ဖြင့် မတ်လကုန်ဈေးထက် ဈေးလျှော့နည်းသွားခဲ့ပေမယ့် ယခင်နှစ်က ဧပြီလဆန်းတွင် တစ်တင်း ကျပ် ၁၅၀၀၀ ခန့်သာရရှိနေလို့ ယခင်နှစ်ဈေးထက် တော့ ဈေးပိုရနေကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

# အိန္ဒိယနိုင်ငံသို့ ပဲစင်းငုံတင်ပို့ရာတွင် အကောက်ခွန်ကင်းလွတ်ခွင့်အတွက် ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ်များ လျှောက်ထားနိုင်

| ရှင်စောသု (ကုန်သွယ်/ ဦးစီး) |

ယခုအခါ လူမှုကွန်ရက်စာမျက်နှာများတွင် အိန္ဒိယနိုင်ငံက ၎င်းတို့ထံတင်သွင်းသော ပဲများအပေါ် ပုံမှန်အကောက်ခွန်နှုန်းကို တိုးမြှင့်ကောက်ခံတော့မည်ဟူ၍ သတင်းများ ပျံ့နှံ့လျက်ရှိပါသည်။ ရေးသားဖော်ပြချက်များအရ မြန်မာ့ပဲစင်းငုံကို အိန္ဒိယ နိုင်ငံသို့ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ သန်း ၃၀၀ နီးပါး ဝင်ငွေရရှိနေပြီး၊ ယင်းကဲ့သို့ အခွန် ၁၀ ရာခိုင်နှုန်းနှင့်အထက် ကောက်ခံပါက မိမိတို့ရရှိရမည့်ဝင်ငွေမှ အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော် ဆုံးရှုံးရမည့် အနေအထားဖြစ်ကြောင်း၊ လွန်ခဲ့သောနှစ် နှစ်ခန့်က ပဲစင်းငုံတစ်တန်လျှင် ငွေကျပ်သိန်း ၂၀ ရရှိခဲ့ပြီး၊ ယခုအခါတွင် ငွေကျပ် ခုနစ်သိန်းခွဲအထိ ဈေးကျဆင်းခဲ့သဖြင့် မြန်မာနိုင်ငံမှ ပဲလုပ်ငန်းလုပ်ကိုင်သူများအဖို့ အခက်အခဲ၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရကြောင်း ဖော်ပြပါရှိပါသည်။

အိန္ဒိယနိုင်ငံသည် ပဲစင်းငုံ (HS Code 0703.60) Toor Whole/ Peagon Peas (ရုက္ခဗေဒအမည် "Cajanus Cajan") ကို ထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်သော်လည်း ပြည်တွင်းစားသုံးမှု မြင့်မားသောကြောင့် ပြည်ပသို့ တင်ပို့နိုင်ခြင်းမရှိဘဲ မြန်မာ၊ တန်ဇန်နီးယား၊ ကင်ညာ၊ မာလာဝီ၊ ယူဂမ်ဒါနှင့် မိုဇမ်ဘစ်နိုင်ငံတို့မှ တင်သွင်းပါသည်။

မြန်မာနိုင်ငံသည် ပဲစင်းငုံ ထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ တင်ပို့လျက်ရှိရာ တင်ပို့မှုအများဆုံးမှာ အိန္ဒိယနိုင်ငံသို့ဖြစ်ပြီး၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ယူအေအီးနိုင်ငံများသို့လည်း အများဆုံးတင်ပို့ပါသည်။ မြန်မာနိုင်ငံမှ ဘဏ္ဍာနှစ်အလိုက် ပဲစင်းငုံတင်ပို့မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ဘဏ္ဍာနှစ်အလိုက် ပဲစင်းငုံတင်ပို့မှု**

| ဘဏ္ဍာနှစ် | တန်ချိန် | တန်ဖိုး (ကန်ဒေါ်လာသန်း) |
|---|---|---|
| ၂၀၁၁-၂၀၁၂ | ၃၁၉၅၇၃ | ၁၉၀.၄၄၅ |
| ၂၀၁၂-၂၀၁၃ | ၂၈၆၁၂၄ | ၁၇၀.၃၅၃ |
| ၂၀၁၃-၂၀၁၄ | ၁၈၇၇၇၇ | ၁၁၄.၅၁၄ |
| ၂၀၁၄-၂၀၁၅ | ၃၀၇၈၀၅ | ၂၈၇.၅၄၆ |
| ၂၀၁၅-၂၀၁၆ | ၂၂၆၇၅၁ | ၂၂၉.၈၀၂ |
| ၂၀၁၆-၂၀၁၇ | ၁၈၄၇၀၀ | ၁၅၉.၈၅၈ |

အိန္ဒိယနိုင်ငံသည် ၎င်းနိုင်ငံအတွင်းသို့ တင်သွင်းသော ပဲစင်းငုံ အပေါ် ကောက်ခံသော MFN Rate ပုံမှန်အကောက်ခွန်နှုန်း (သွင်းကုန် အခွန်) မှာ WTO Website တွင်ဖော်ပြ ထားချက်အရ HS 2012 Version (Updated on 2015) ဖြင့် ၁၀ရာခိုင်နှုန်း ကောက်ခံပါသည်။

လတ်တလော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အသိပေးကြေညာထားသော Notifications များအရ အိန္ဒိယ နိုင်ငံသည် ပဲစင်းငုံများအပေါ် အကောက်ခွန်နှုန်း တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း အသိပေးကြေညာထားခြင်းမရှိပါ။ ထို့အပြင် အိန္ဒိယနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၏ Central Board of Excise and Customs ၏ Website တွင်လည်း ပဲစင်းငုံတင်သွင်းမှုအပေါ် အကောက်ခွန်တိုးမြှင့် ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာထားခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

လတ်တလောတွင် အိန္ဒိယနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၏ Central Board of Excise and Customs သည် ယခင်က Notification No.12/2012-Customs ဖြင့် ထုတ်ပြန်ခဲ့သော ပဲကုန်စည်အုပ်စုများအနက်မှ ပဲစင်းငုံကို သီးခြားခွဲထုတ်၍ ပုံမှန်အကောက်ခွန်နှုန်း ၁၀ ရာခိုင်နှုန်းကို သတ်မှတ်ဖော်ပြသည့် No.10/ 2017-Customs ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့စွဲ Notification ဖြင့် ထုတ်ပြန်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် မြန်မာနိုင်ငံ ပါဝင်ဆောင်ရွက်လျက်ရှိသော အာဆီယံ-အိန္ဒိယ လွတ်လပ်သော ကုန်သွယ်မှုဒေသ၏ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်အရ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် CO Form-AI နှင့်အတူ မြန်မာနိုင်ငံ၏ ပင်ရင်းထုတ်ကုန် ပဲစင်းငုံများကို အိန္ဒိယနိုင်ငံသို့ တင်ပို့ပါက ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှစတင်ကာ အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားပြီး ဖြစ်ပါသည်။

ထို့အပြင် အိန္ဒိယနိုင်ငံက တစ်ဖက်သတ်ပေးအပ်သော Duty Free Tariff Preference (DFTP) အစီအစဉ်အရ ပဲစင်းငုံမှာ Duty Free List တွင် ပါဝင်ရာ DFTP Form ဖြင့် အိန္ဒိယနိုင်ငံသို့ တင်ပို့ပါက အကောက်ခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသည်။ အဆိုပါ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (နေပြည်တော်၊ ရန်ကုန်) နှင့် ကုန်သွယ်ရေးစခန်းများတွင် လျှောက်ထားရယူနိုင်ပါသည်။

သို့ဖြစ်ရာ အိန္ဒိယနိုင်ငံသို့ ပဲအမျိုးမျိုး တင်ပို့လျက်ရှိသော မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များ အနေဖြင့် သက်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များကို ကုန်သွယ်ရေးဦးစီးဌာနတွင်လျှောက်ထားရယူခြင်းဖြင့် ဈေးကွက်ဝင် အခွင့်အလမ်းများ ရရှိနိုင်ပါကြောင်း အသိပေး ရေးသားလိုက်ရပါသည်။

# စိန်တလုံးသရက်သီးများ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ စတင်တင်ပို့လျက်ရှိ

မျိုးဦး

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် မန္တလေးတိုင်းဒေသကြီး၊ ဟန်မြင့်မိုရ်ဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဦးစွာထွက်ရှိသော စိန်တလုံးသရက်သီးများအား ဧပြီလ ၃ ရက်မှစတင်၍ ကင်တာ ကားလေးစီးဖြင့် ပမာဏအားဖြင့် တန်ချိန် ၁၇ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၇၈၀ တင်ပို့နိုင်ခဲ့ပါသည်။

ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဧပြီ ၃ ရက်မှ ၁၉ ရက်အထိ သရက်သီးတင်ပို့မှုမှာ ကား ၁၈၄ စီး၊ ပမာဏအားဖြင့် ၇၄၃ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၅၃ သန်း တင်ပို့နိုင်ခဲ့ပါသည်။ ဖရဲသီး၊ သခွားမွှေးသီးများ တင်ပို့မှု အနည်းငယ်ကျဆင်းလာချိန်တွင် သရက်သီးများမှာလည်း တစ်နေ့ထက်တစ်နေ့ တင်ပို့မှု များပြားလာပါသည်။

ကင်တာကားတစ်စီးကို ဂျပ်ဖာ ၂၈၀၊ အလေးချိန်အားဖြင့် ၄ ဒသမ ၂၅ တန်ခန့် ပါရှိပါသည်။ အလုံးကြီးလျှင် ၁၅ ကီလိုပါ တစ်ဖာကို အလုံး ၃၀ မှ ၄၀ ကြား ပါဝင်ပြီး ၁၂၀ ယွမ်အထိ ဈေးရကာ လက်ရှိပေါက်ဈေးအရ တစ်လုံးကို ကျပ် ၅၅၀နှင့်အထက် ရရှိပါသည်။ အလုံးသေးလျှင် ၁၅ ကီလိုပါတစ်ဖာကို အလုံး ၅၀ မှ ၆၀ ကြားပါဝင်ပြီး၊ ယွမ် ၈၀ ဝန်းကျင် ဈေးရရှိကာ လက်ရှိပေါက်ဈေးအရ တစ်လုံးကို ကျပ် ၂၅၀ အထက် ဈေးရရှိပါသည်။ ထုပ်ပိုးမှုစနစ်ပေါ် မူတည်၍ သရက်သီးထိခိုက်မှု အနည်းအများကိုကြည့်ကာ ဈေးနှုန်းကွာခြားမှုများရှိကြောင်းလည်း သိရှိရပါသည်။ သရက်သီး အလုံးအကြီးအသေးပေါ်မူတည်၍ တစ်ကီလိုလျှင် ၅ ဒသမ ၃ ယွမ်မှ ရှစ်ယွမ်ခန့်ရရှိကြောင်းသိရှိရပြီး ပေါ်ဦးပေါ်ဖျား အချိန်ဖြစ်သည့်အတွက် တစ်ဖက်နိုင်ငံမှ ဈေးကောင်းပေး၍ အဝယ်လိုက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် စိန်တလုံးသရက်သီးများကို မန္တလေး၊ တောင်ကြီး၊ စစ်ကိုင်း၊ ကျောက်ဆည် ဒေသများတွင် အများဆုံးစိုက်ပျိုးကြပါသည်။ ဉယျာဉ်စိုက်တောင်သူများအနေဖြင့် သရက်ခြံများစိုက်ပျိုးခြင်းကြောင့် မိမိဒေသတွင်းပြည်သူများ အလုပ်အကိုင်များ ရရှိပြီး ဝင်ငွေများလည်း ရရှိကြောင်း သိရပါသည်။ သရက်သီးထွက်ရှိသည့် ဒေသအလိုက် အရည်အသွေးပေါ်မူတည်၍ ဈေးကောင်းပေးဝယ်ကြပြီး တောင်ကြီး၊ မန္တလေး၊ ကျောက်ဆည်မှ ထွက်သော သရက်သီးများကို ပိုမိုနှစ်သက်ကြ



သည်။

သရက်သီးကို အိတ်စွပ်ကာ ပလတ်စတစ်ခြင်းနှင့်ထည့်ပြီး သယ်ဆောင်မှုရှိသကဲ့သို့ စက္ကူနှင့်ပတ်ပြီး စက္ကူဂျပ်ဖာပုံးဖြင့်ထည့်ပြီး သယ်ဆောင်မှုများလည်း တွေ့ရပါသည်။ သရက်သီးစတင်သီးချိန်မှစပြီး အသီးအနည်းငယ်ကြီးလာသည့်အခါ ပြမစွဲအောင် စက္ကူအိတ်စွပ်ပြီး ရင့်လာသည့်အခါ ခူးဆွတ်၍ စက္ကူအိတ်ဖယ်ပြီး အသီးအားအိတ်စွပ်၍ စနစ်တကျ သယ်ဆောင်ပါက အသီးမနာသည့်အတွက် ရောင်းချသည့်အခါ ဈေးကောင်းပိုမိုရပါသည်။ ထို့ကြောင့် စိုက်ပျိုးသူတောင်သူများအနေဖြင့် စိန်တလုံးသရက်သီးအား အသီးစတင်သီးချိန်တွင် ဖြစ်သလိုထားပြီး ခူးဆွတ်ရောင်းချခြင်းထက် အဆင့်လိုက် စနစ်တကျ အိတ်စွပ်ထိန်းသိမ်းကာ ခူးဆွတ်ပြီး အိတ်စွပ်၍ တင်ပို့ပါက ဈေးကောင်းရကြောင်း တွေ့ရှိရပါသည်။ ပိုးမထိုးအောင် အိတ်စွပ်ပြီး ထိန်းသိမ်းစိုက်ပျိုးသည့် အပြစ်အနာကင်းသည့် သရက်သီးများမှာ ဈေးကောင်းပိုရပါသည်။

သယ်ယူခအနေဖြင့် မန္တလေးမှ မူဆယ်သို့ တစ်တန်ကို ကျပ်ခြောက်သောင်းနှုန်းရရှိ၍ ကားသမားများအတွက်လည်း တွက်ခြေကိုက်သည့် ဈေးဖြစ်ပါသည်။ ထို့ပြင် ဒေသခံတောင်သူများအနေဖြင့်လည်း ITC ကတ်ဖြင့် တိုက်ရိုက်တင်ပို့နိုင်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံမှ တင်ပို့သော စိန်တလုံးသရက်သီး အရည်အသွေးမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်လာပြီး အရည်အသွေး ကောင်းခြင်း၊ မကောင်းခြင်းအပေါ် မူတည်ပြီး ဈေးနှုန်းကွာဟမှုရှိသည်ကို စိုက်ပျိုးထုတ်လုပ်သူများက နားလည်လက်ခံလာကြပြီဖြစ်ပါသည်။ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသော ဉယျာဉ် စိုက်တောင်သူအများစုကလည်း စိုက်ပျိုးရေး နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များကို ပိုမိုနားလည်ပြီး အားထုတ်လာသည့်အတွက် အရည်အသွေးကောင်းမွန်သော သရက်သီးများ တစ်နှစ်ထက် တစ်နှစ် ပိုမိုစိုက်ပျိုးထုတ်လုပ်လာနိုင်ပြီ ဖြစ်ပါသည်။ တစ်ဖက်နိုင်ငံမှ အလုအယက် ဝယ်ယူလျက်ရှိသည့် မြန်မာ့စိန်တလုံး သရက်သီးျားမှ စိုက်ပျိုးထုတ်လုပ်သူတောင်သူများအတွက် ဈေးကောင်းရပြီး အကျိုးဖြစ်ထွန်းမှု ပိုနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

Vol: 17, No.15 Monday April 24 2017

## ကော့သောင်း ကုန်သွယ်ရေးစခန်းရဲ့ မတ်လ ကုန်သွယ်ဆောင်ရွက်မှု လျှာထားချက် ကျော်လွန်

ကော့သောင်းကုန်သွယ်ရေးစခန်းသည် မတ်လအတွင်း ပို့ကုန် လျာထားချက် အမေရိကန် ဒေါ်လာ ၄ သန်း၊ သွင်းကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၉ သန်းလျာထားတဲ့အတွက် ကုန်သွယ်မှုပမာဏ လျာထားချက် အမေရိကန် ဒေါ်လာ ၁၃ သန်းဖြစ်ရာ ကုန်သွယ်မှုအမှန် ဆောင်ရွက်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂၈ သန်း၊ သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၃၅ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆၃၅ သန်းဖြစ်တယ်လို့ သိရပါတယ်။ သို့ဖြစ်၍ ကုန်သွယ်မှုပမာဏဆောင်ရွက်နိုင်မှု ရာခိုင်နှုန်း ၁၃၅ ဒသမ ၆၆ ရာခိုင်နှုန်းဖြစ်၍ လျာထားချက် ကျော်လွန်ဆောင်ရွက်နိုင်တယ်လို့ကော့သောင်းကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

ကော့သောင်း ကုန်သွယ်ရေး စခန်းရဲ့ မတ်လအတွင်း ကုန်သွယ်မှုသည် အနီးစပ်ဆုံးကာလထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၄၄ သန်းနဲ့ ယမန်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၃ သန်း ပိုမိုခဲ့တယ်လို့ သိရပါတယ်။

အနီးစပ်ဆုံးကာလထက် ပို့ကုန်ပိုင်းတွင် ပိုမိုရခြင်းမှာ အဓိက ပို့ကုန်ပစ္စည်းဖြစ်တဲ့ ရေထွက်ပစ္စည်းနဲ့ ဆီအုန်းကြိတ်ဖတ် ဘိလပ်မြေနဲ့ ဆေးဝါးပစ္စည်းများ၊ ငါးဖမ်းပိုက်ကွန်များ ၊ မော်တော်ယာဉ်နဲ့ မော်တော်ယာဉ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များ၊ အခြားလူသုံးကုန်ပစ္စည်းများ ပိုမိုတင်သွင်းနိုင်ခြင်းကြောင့် ဖြစ်တယ်လို့သိရပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းရဲ့ မတ်လအတွင်း အများဆုံးတင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ ငါးမျိုးစုံ၊ ကင်းမွန်၊ အခြားရေထွက်ပစ္စည်းများ၊ ပုစွန်၊ ရေဘဝဲ ၊ ဆီအုန်းကြိတ်ဖတ်ကုန်ကြမ်း၊ ကဏန်း၊ အုန်းသီး၊ အုန်းသီး(အခွံ)တို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့တဲ့ ကုန်ပစ္စည်း များကတော့ ဘိလပ်မြေ၊ ဆေးဝါးပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ သံနှင့် သံမဏိ ဆောက်လုပ်ရေး ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ ဓာတ်မြေသြဇာများ၊ ငါးဖမ်းပိုက်ကွန်များ၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ အလှကုန် ပစ္စည်းများ၊ ဆပ်ပြာနှင့် ဆပ်ပြာမှုန့်တို့ ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## စစ်တွေကုန်သွယ်ရေးစခန်းရဲ့ မတ်လအတွင်း ကုန်သွယ်မှု အနီးစပ်ဆုံး ကာလထက်ရော ယမန်နှစ် ကာလတူထက်ပါ ပိုမို

စစ်တွေကုန်သွယ်ရေး စခန်းရဲ့ မတ်လအတွင်း ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၃၇၀ သန်း ဖြစ်တဲ့အတွက် အနီးစပ်ဆုံးကာလထက် အမေရိကန်ဒေါ်လာ သုညဒသမ ၁၄၂ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

အနီးစပ်ဆုံး ကာလထက် ကုန်သွယ်မှု ပိုမိုရခြင်းမှာ မတ်လအတွင်း သွင်းကုန် ဆောင်ရွက်နိုင်မှု မရှိသော်လည်း ပို့ကုန်ပိုင်းတွင် လယ်ယာထွက်ကုန်ပစ္စည်းများ ဖြစ်တဲ့ နနွင်းတက်၊ ဆီးသီးခြောက်၊ မြေပဲ(အခွံပါ)၊ ချင်းအစို၊ ကုလားပဲ၊ ရေထွက်ပစ္စည်းများဖြစ်တဲ့ ရေချိုငါးမြစ်ချင်း၊ KATLA ၊ သစ်တောထွက်ပစ္စည်းဖြစ်တဲ့ သစ်ခေါက်၊ စက်မှုကုန်ချောအုပ်စုဖြစ်တဲ့ ဆီးယိုထုပ်တို့ ပိုမိုတင်ပို့နိုင်ခြင်းကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းတွင် မတ်လအတွင်း အများဆုံး တင်ပို့ခဲ့တဲ့ ပို့ကုန် ပစ္စည်းများကတော့ မန်ကျည်းစေ့၊ ဆီးယိုထုပ်၊ ဆီးဖတ်၊ မြေပဲ(အခွံပါ)၊ ဆီးသီးခြောက်၊ ဂျင်းအစို၊ နနွင်းတက်၊ ကုလားပဲ၊ သစ်ခေါက်၊ ကြိမ်၊ ငါးမြစ်ချင်း၊ ငါးနီတူခြောက်(ခေါင်းပါ)၊ ငါးစုံလေးခြောက်၊ ငါးခေါင်းပွတို့ ဖြစ်တယ်လို့ သတင်း ရရှိပါတယ်။

**ခင်မိုးသူ**

## တမူးကုန်သွယ်ရေး စခန်းရဲ့ မတ်လအတွင်း ကုန်သွယ်မှု ယမန်နှစ် ကာလတူထက် လျော့နည်းခဲ့သော်လည်း အနီးစပ်ဆုံးကာလထက် ပိုမို

တမူးကုန်သွယ်ရေးစခန်းရဲ့ မတ်လအတွင်း ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၄၉ သန်း၊ သွင်းကုန် ဆောင်ရွက်နိုင်မှုမှာ အမေရိကန် ဒေါ်လာ သုညဒသမ ၁၀၆ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှု ပမာဏဆောင် ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅၅ သန်းဖြစ် ပါတယ်။ မတ်လအတွင်း ကုန်သွယ်မှုကို ယမန်နှစ် ကာလတူနဲ့ နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ သုညဒသမ ၄၃၃ သန်း ပိုမိုခဲ့တယ်လို့ တမူးကုန်သွယ်ရေးစခန်းမှ သိရပါတယ်။



၂၀၁၆ ခုနှစ် ကာလတူဖြစ်တဲ့ မတ်လအောက် လျော့နည်းရခြင်းမှာ ပို့ကုန်ပိုင်းတွင် အဓိက ပို့ကုန် ဖြစ်တဲ့ ကွမ်းသီးတင်ပို့မှု လျော့နည်းခြင်း၊ အိန္ဒိယနိုင်ငံ အကောက်ခွန်ရုံးက ကွမ်းသီး တင်ပို့မှုအပေါ် Custom Duty 40 % Rate တိုးမြှင့်ကောက်ခံနေခြင်း၊ ရူပီး ၅၀၀ တန်နှင့် ၁၀၀၀ တန်တို့အား တရားမဝင် ငွေအဖြစ် ကြေညာခဲ့ခြင်း၊ တစ်ဖက်အိန္ဒိယနိုင်ငံ၌ နိုင်ငံရေး မတည်ငြိမ်မှုများ၊ လူမျိုးစု အချင်းချင်း ပဋိပက္ခဖြစ်နေခြင်း စသည့်အချက်များကြောင့် နှစ်နိုင်ငံကုန်သွယ်မှုအပေါ် အဟန့်အတား ဖြစ်ပေါ်နေခြင်းကြောင့် ထိခိုက်လျက်ရှိတယ်လို့ သိရပါတယ်။ သွင်းကုန်ပိုင်းတွင်လည်း အဓိက သွင်းကုန်ပစ္စည်းဖြစ်တဲ့ မော်တော်ဆိုင်ကယ် တင်သွင်းမှုများ လျော့နည်းခဲ့ပြီး မော်တော်ဆိုင်ကယ် အဓိကတင်သွင်းလျက်ရှိတဲ့ ကုမ္ပဏီ အချို့သည် ယခုအခါ ပင်လယ်ရေကြောင်းမှ ပြောင်းရွှေ့ တင်သွင်းလာမှုတို့ကြောင့် ဖြစ်တယ်လို့ သိရပါတယ်။ ယခုအခါ ကလေး၊ ကလေးဝ၊ မုံရွာမြို့များမှ မော်တော်ဆိုင်ကယ်များ သုံးစွဲရန် မှာယူလာခြင်းကြောင့် ITCလုပ်ငန်းရှင်များလည်း ITCကတ်များနဲ့ မော်တော်ဆိုင်ကယ်များအား တင်သွင်းလာပြီ ဖြစ်ပါတယ်။

တမူးကုန်သွယ်ရေးစခန်းရဲ့ မတ်လအတွင်းအများ ဆုံး တင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများမှာ ကွမ်းသီး၊ ကွမ်းသီး(အစို)၊ အုန်းသီး၊ ဆီးသီး၊ ပန်းသီး၊ စီးကရက်၊ နန့်ဖာလုံ ကုန်စုံတို့ဖြစ်ပြီး ဓာတ်ဆီကိုလည်း Re-Export အဖြစ် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ အများဆုံးတင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများကတော့ မော်တော်ဆိုင်ကယ်၊ ပလပ်စတစ် ရေတိုင်ကီ၊ ချည်၊ ဟင်းရိုင်းဖြူ ပဲရာဇာတို့ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မြိတ်ကုန်သွယ်ရေးစခန်းရဲ့ မတ်လကုန်သွယ်မှု လျာထားချက်ကျော်လွန်

မြိတ်ကုန်သွယ်ရေးစခန်းရဲ့ မတ်လအတွင်း ပို့ကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၁၀ သန်း၊ သွင်းကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၃ သန်းဖြစ်ရာ ကုန်သွယ်မှုပမာဏ လျာထားချက် အမေရိကန်ဒေါ်လာ ၁၃ သန်း ဖြစ်တယ်လို့ သိရပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းရဲ့ လျာထားချက်အပေါ် အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၉၅၅သန်း၊ သွင်းကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၈၆ သန်း ဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၂၂ ဒသမ ၇၄၁ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှု ရာခိုင်နှုန်းမှာ ကုန်သွယ်မှုပမာဏ ၁၇၄ ဒသမ ၉၃ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် လျာထားချက်ထက် ကျော်လွန် ဆောင်ရွက်နိုင်ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းရဲ့ မတ်လအတွင်း ကုန်သွယ်မှုမှာ အနီးစပ်ဆုံး ကာလထက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၁၈ သန်း ပိုမိုခဲ့သလို ယမန်နှစ် ကာလတူထက်ပါ အမေရိကန် ဒေါ်လာ ၉ ဒသမ ၆၂၀ သန်း ပိုမိုဆောင်ရွက်နိုင်တာ တွေ့ရပါတယ်။

အနီးစပ်ဆုံးကာလထက် ပိုမိုရခြင်းမှာ မတ်လအတွင်းက လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ရော်ဘာ၊ ရေထွက် ကုန်ပစ္စည်းများဖြစ်တဲ့ ရေခနပုစွန်၊ ငါးမှုန့်၊ အေးခဲကဏန်းပျော့နဲ့ ငါးအသားလွှာများပိုမို တင်ပို့ခဲ့ခြင်းကြောင့်ဖြစ်ပြီး သွင်းကုန်ပိုင်းတွင်လည်း ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်တဲ့ ဘိလပ်မြေ၊ ကြွေပြား၊ ငါးဖမ်းပိုက်၊ သံချောင်းနဲ့ ဆိုင်ကယ် ပစ္စည်း များ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ ဓါတ်မြေသြဇာ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီနဲ့ အဆင့်မြင့်ဒီဇယ်ဆီတို့ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းရဲ့ မတ်လအတွင်း အများဆုံး တင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ ပြည်ကြီးငါး၊ ငါးမှုန့်၊ ပုစွန်၊ ငါးမျိုးစုံ ၊ ကဏန်းပျော့ ၊ ရော်ဘာ၊ ရေခနပုစွန်၊ ရေညှိ၊ အေးခဲကင်းမွန်၊ ငါးစုံလေးခြောက်၊ ငါးအသားလွှာ၊ သဲကဏန်းတို့ဖြစ်ပြီး အများဆုံး တင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများကတော့ ဒီဇယ်ဆီ၊ ဘိလပ်မြေ၊ ဓာတ်ဆီ၊ အဆင့်မြင့်ဒီဇယ်ဆီ၊ ဟင်းရွက်ဆီ၊ သံချောင်း၊ အားဖြည့်အချိုရည်၊ ကြွေပြား၊ အင်ဂျင်ဝိုင် တို့ဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ကန်ပိုက်တီ OSS အဖွဲ့က ယာဉ်အပါအဝင် ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်တုံး ၁၇၉ တုံးနဲ့ အတူ ယာဉ်မောင်းပါ ဖမ်းဆီးရမိ

၂၀၁၇ ခုနှစ်၊ ဧပြီလ ၈ ရက်က မြစ်ကြီးနားမှ တစ်ဖက် တရုတ် နိုင်ငံသို့ ထွက်ခွာလာတဲ့ တိုယိုတာ ကရောင်း ယာဉ်ပေါ်မှ ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်တုံးအကြီး၊ အသေးရောရာ ၁၂၄ တုံး စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရှိရပါတယ်။ ဖြစ်စဉ်မှာ ယာဉ်မောင်း xxxxx မောင်းနှင်လာတဲ့ တိုယိုတာ ကရောင်း 2C/ xxxx ယာဉ် အား သတင်းအရ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ တားဆီးရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်းထိုင်ခုံကျောမှီအတွင်းအံ့ဝှက် ပြုလုပ်သယ်ဆောင်တဲ့ အိတ်အဝါရောင်နဲ့ပတ်ထားတဲ့ကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်တုံးအကြီး အသေးရောရာ ၁၂၄ တုံးကို စစ်ဆေးတွေ့ရှိခဲ့တဲ့အတွက် ပစ္စည်းနဲ့ ယာဉ်ကို သိမ်းဆည်းခဲ့တယ်လို့သတင်း ရရှိပါတယ်။

အဆိုပါ ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်တုံးများအား မြစ်ကြီးနားမြို့ အကောက်ခွန်ဦးစီးဌာနမှာ အသေးစိတ်ဖွင့်ဖောက် စစ်ဆေးခဲ့ရာ ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်တုံး ၁၇၉ တုံး၊ အလေးချိန် ၄၄၂ ကီလိုနဲ့ ခန့်မှန်းတန်ဖိုးကျပ် ၃၀၉၄၀၀၊ တိုယိုတာ ကရောင်း ယာဉ်တန်ဖိုးမှာ ကျပ် ၂၅၀၀၀၀၀ ဖြစ်ပြီး စုစုပေါင်း ဖမ်းဆီးရမိတန်ဖိုးမှာ ကျပ် ၂၈၀၉၄၀၀ ဖြစ်တယ်လို့ သိရပါတယ်။

ပစ္စည်းများနဲ့ ယာဉ်ကို ဧပြီ ၉ ရက်က အကောက်ခွန် အမှုတွဲဖွင့်လှစ်ခဲ့ပြီး ယာဉ်မောင်းကို ဝိုင်းမော်ရဲစခန်းမှာ အမှုဖွင့်လှစ် အရေးယူ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါတယ်။

**CJ**

## ဧပြီလအတွင်း မူဆယ်မှတစ်ဆင့် တရုတ် နိုင်ငံသို့ ကျောက်စိမ်းတန်ချိန် တစ်ထောင် နီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံဈေးကွက်သို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာ နှစ်တွင် ကျောက်စိမ်း အရိုင်းတုံး တန် ချိန် ၃၀၂ဒသမ ၉၁၂ တန်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၆၂ ဒသမ၂၇၆ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၁၁၉ ဒသမ ၆၆၂တန်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၂၄၆ ဒသမ၇၃၆ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါ တယ်။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ၂၀၁၆ ခုနှစ် နှစ်လယ် ကျောက်မျက်ရတနာပြပွဲမှ လေလံဖြင့် ရောင်းချရသော ကျောက်စိမ်းအရိုင်းတုံးများ ကို၂၀၁၇-၂၀၁၈ ဘဏ္ဍာ နှစ်အစ ဧပြီလ ၉ ရက်မှ ၁၅ ရက်အထိ ယာဉ် ၂၃ စီး ဖြင့် ၉၅၄ ဒသမ၁၈၆ တန်၊ ယူရိုငွေ ၈၅ဒသမ၆၅ သန်း(အမေရိကန် ဒေါ်လာ ငွေကြေးဖြင့် ၉၁ဒသမ ၇၉၀သန်း)တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**ခင်မာရီသိန်း**

# နယ်စပ်ဒေသနေ ပြည်သူများ အဆင်ပြေစေရေးအတွက် တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ITC ကတ်ဖြင့် ပို့ကုန်သွင်းကုန် လုပ်ငန်းများ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိ

နယ်စပ်ဒေသနေပြည်သူများ၊ အသေးစားပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ဒေသခံတိုင်းရင်းသားများ ရိုးရှင်းလွယ်ကူစွာ ကုန်သွယ်မှု ဆောင်ရွက်နိုင်ရန်၊ တရားမဝင် ကုန်သွယ်မှုများအား တရားဝင် ကုန်သွယ်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိပြီး ကုန်သွယ်မှုပမာဏ တိုးတက်မြင့်မားလာစေရန်နှင့် နိုင်ငံတော်အတွက် အခွန်အခများ ပိုမိုရရှိစေရန် ရည်ရွယ်၍ တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ITC ကတ်ကို ကုန်သွယ်ရေး စခန်းများ အားလုံးနှင့် ပို့ကုန်သွင်းကုန် ရုံးခွဲ (မန္တလေး၊ ကျိုင်းတုံ၊ မြစ်ကြီးနား) တို့တွင် ဆောင်ရွက်ခွင့်ပြုထားခဲ့ရာ စတင်ခွင့်ပြုခဲ့သည့် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်မှ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့အထိ ကုန်သွယ်ရေးစခန်းအားလုံးနှင့် ပို့ကုန်သွင်းကုန်ရုံးများမှ ITC ကတ်ထုတ်ပေးမှု အရေအတွက်မှာ ၁၂၆၉ ကတ်ရှိရာမှ သက်တမ်း ကုန်ဆုံးပြီး နှစ်နှစ် အထက် သက်တမ်းလာ ရောက် တိုးမြှင့်ခြင်းမရှိသည့် ITC ကတ်နှင့် ကာယကံရှင်၏ ဆန္ဒအရ ပယ်ဖျက်ရန် တင်ပြလာသည့် ITC ကတ် စုစုပေါင်း ၄၇၀ ကတ်အား ပယ်ဖျက်ပြီးဖြစ်သည့်အတွက် လက်ရှိ လုပ်ငန်းဆောင်ရွက်နေသည့် (ITC) ကတ် စုစုပေါင်းမှာ ၇၉၉ ကတ် ရှိနေပြီ ဖြစ်ပါတယ်။

(ITC) ကတ် လျှောက်ထားရန် လိုအပ်တဲ့အချက်များကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်-

- တစ်ဦးချင်းကုန်သွယ်မှု လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် လျှောက်လွှာ
- နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်ကတ်ပြား ( မူရင်း/မိတ္တူ)
- မှတ်ပုံတင်လျှောက်ထားသူ နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ( မူရင်း/မိတ္တူ)
- အိမ်ထောင်စုဇယား ပုံစံ(၆၆) ( မူရင်း/မိတ္တူ)
- သက်ဆိုင်ရာရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်(မူရင်း)
- ပတ်စပို့အရွယ် ဓာတ်ပုံ (၃) ပုံ
- ကုမ္ပဏီထူထောင်ထား ခြင်းမရှိကြောင်း ကတိဝန်ခံချက်

အဲဒီမှာ ယခင်က ITC ကတ် လျှောက်ထားရာမှာသက်ဆိုင်ရာ နယ်စပ် ကုန်သည်အသင်းဝင် ကတ်ပါ တင်ပြလျှောက်ထားရပေမယ့် ကုန်သည်အသင်းဝင်ကတ် ပြုလုပ်ရာ၌ အသင်းဝင်ကြေး၊ နှစ်စဉ်ကြေး များကောက်ခံရာတွင် တိုင်းရင်းသား လုပ်ငန်းရှင် ပြည်သူများအတွက် ဝန်ထုပ် ဝန်ပိုးဖြစ်နေတဲ့အတွက် နယ်စပ် ကုန်သည် အသင်းဝင်ကတ် ပူးတွဲတင်ပြလျှောက်ထားမှုကို ဖြေလျှော့ပေးခဲ့ပါတယ်။

ITC ကတ် မှတ်ပုံတင် သက်တမ်းအား တစ်နှစ်ခွင့်ပြုပြီး မှတ်ပုံတင်ကြေးကို ကျပ် ၅၀၀၀၀ သတ်မှတ်ကာ တစ်ကြိမ်လျှင် (၁) နှစ် သက်တမ်းတိုးမြှင့် ခွင့်ပြုပေးလျက်ရှိပါတယ်။ ITC ကတ် ကိုင်ဆောင်ထားသူ ကိုယ်တိုင် ပို့ကုန်/ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရမှာ ဖြစ်ပြီး သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ITC နဲ့ ကုန်သွယ်ပါက မြန်မာကျပ်ငွေကိုအခြေခံတဲ့ နယ်စပ် ကုန်သွယ်မှု နည်းလမ်းနှင့် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပို့ကုန်၊ သွင်းကုန်လုပ်ငန်း ဆောင်ရွက်မှုမှာ လိုင်စင် ဆောင်ရွက်ခြင်းကတော့ သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းအတိုင်းဖြစ်ပြီး ယခင်က တစ်ရက်လျှင် ကျပ်သိန်း ၂၀ တန်ဖိုး နှုန်းနှင့် ၅ ရက်စာတစ်ကြိမ်တည်း ကျပ်သိန်း ၁၀၀ ခွင့်ပြုပေးခဲ့ပါတယ်။ လိုင်စင်သက်တမ်း ၇ ရက်ဖြင့် ဆောင်ရွက်ခွင့်ပြုရာမှ တိုင်းရင်းသားပြည်သူများ ပိုမိုလုပ်ငန်း ဆောင်ရွက်နိုင်စေရန်အတွက် တစ်ရက်ကို ကျပ်သိန်း ၃၀ တန်ဖိုးနှုန်းနှင့် ငါးရက်စာ တစ်ကြိမ်တည်း ကျပ်သိန်း ၁၅၀ ခွင့်ပြုပေးလျက်ရှိပြီး လိုင်စင်သက်တမ်းအား ၁၄ ရက် တိုးမြှင့်ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထိုသို့ ITC ကတ်ပြုလုပ်၍ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုရာတွင် ယခင် Automatics Licensing စနစ်ဖြင့် ခွင့်ပြုသော ပို့ကုန် ၁၆၀ မျိုး၊ သွင်းကုန်၂၄၃ မျိုး တို့အပြင် ၂၀၁၂ HS Code Version အရ လိုင်စင် ရယူရန်မလိုသော ပို့ကုန်ပစ္စည်း HS Code လိုင်း ၉၈၃ လိုင်း၊ သွင်းကုန် ၂၀၇၉ လိုင်းတို့ကိုလည်း တင်ပို့/ တင်သွင်းခွင့်ပြုထားသည့်အပြင် မော်တော်ဆိုင်ကယ်ကိုလည်း တစ်ပတ်လျှင် ငါးစီးနှုန်းဖြင့် တင်သွင်းခွင့်ပြုလျက်ရှိပါတယ်။

ထို့အပြင် နယ်စခန်းများရှိ ITC ကတ်လုပ်ငန်းရှင်များရဲ့ တင်ပြမှုအရ ယခင်ခွင့်ပြုပစ္စည်းများအပြင် ပို့ကုန်လေးမျိုး၊ သွင်းကုန်(၄၆)မျိုးအပြင် ငရုတ်သီးခြောက်ကိုလည်း ITC ကတ်ဖြင့် ထပ်မံတိုးမြှင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့က ဒုတိယသမ္မတ(၁) ဦးဆောင်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပုံမှန် တွေ့ဆုံပွဲတွင် ကုန်သည်/စက်မှု အသင်းချုပ်မှ တင်ပြရာ လုပ်ငန်းငယ်များကို အားပေး မြှင့်တင်သည့် အနေဖြင့် နိုင်ငံတော်မှ ရက်သတ္တ တစ်ပတ်လျှင် မြန်မာငွေ ကျပ် ၁၀ သန်းဖိုးကုန်သွယ်ခွင့် ပြုသည့် ကတ်ပြား (Individual Trading Card-ITC) များ ခွင့်ပြုထားရာ တစ်ပိုင်တစ်နိုင် ကုန်သွယ်သည့် ပစ္စည်းများကို စစ်ဆေးမှုများ ထိရောက်စွာ မဆောင်ရွက်သည့်အပြင် မည်သည့် အခွန်မျှလည်း မဆောင်ရပါဟု တင်ပြထားသည်မှာ မှန်ကန်မှု မရှိပါကြောင်း၊ လက်တွေ့မြေပြင်တွင် Individual Trading Card-ITC)ဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း၊ တင်ပို့တင်သွင်းခြင်း များအား လိုင်စင်လျှောက်ထားရယူရန် လိုအပ်သည့် ကုန်ပစ္စည်းများကို လိုင်စင် လျှောက်ထားရပြီး သတ်မှတ် လိုင်စင်ကြေးများ ပေးသွင်းရသလို လိုင်စင် လျှောက်ထားရသည့် ကုန်ပစ္စည်း၊ လိုင်စင် လျှောက်ထားရန် မလိုသည့် ကုန်ပစ္စည်းများအား အကောက်ခွန် ဦးစီး ဌာနတွင် ပို့ကုန်ကြေညာလွှာ (Export Declaration)၊သွင်းကုန် ကြေညာလွှာ (Import Declaration) များ ဖွင့်လှစ်၍ နိုင်ငံတော်သို့ သတ်မှတ် အခွန်အခများ ကြိုတင်ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)၊ အကောက်ခွန်ဂျူတီ(Custom Duty) ပေးသွင်းခြင်း၊ ကုန်ပစ္စည်းများ အမှန်တင်ပို့တင်သွင်းရာတွင် ကုမ္ပဏီ လုပ်ငန်းရှင်များက တင်ပို့တင်သွင်းသည့် နည်းတူ အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စစ်ဆေးပြီးမှ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်၊ ဒါ့ကြောင့် ကုန်သည် စက်မှုအသင်းချုပ်မှ တင်ပြသည့်အချက်များသည် မှန်ကန်မှုမရှိကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ITC ကတ်ဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုထားခြင်းသည် ကုမ္ပဏီထူထောင်နိုင်ခြင်း မရှိသော တစ်ပိုင်တစ်နိုင် ဒေသခံကုန်သည်လုပ်ငန်းရှင်များအတွက် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူစွာဆောင်ရွက်နိုင်ရေးနှင့် တရားမဝင် ကုန်သွယ်မှုများ ပပျောက်လာပြီး တရားဝင်အခွန် များ ပေးဆောင်၍ ကုန်သွယ်မှုများ ပြုလုပ်နိုင်စေရန် ရည်ရွယ်ခွင့်ပြုပေး ခဲ့ခြင်း ဖြစ်၍ လုပ်ငန်း စတင်ခွင့်ပြုခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ နိုဝင်ဘာ ၂၁ ရက်မှ စ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဧပြီ ၇ ရက်အထိ ITC ကတ်ဖြင့် အမှန် တင်ပို့တင်သွင်းဆောင်ရွက်မှု အခြေအနေမှာ ပို့ကုန်တန်ဖိုး ကျပ် ၇၂၆၀ ဒသမ ၁၆၅ သန်းနှင့် သွင်းကုန် တန်ဖိုးကျပ် ၃၆၀၅၂ ဒသမ ၅၇၉ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ၄၃၃၁၂ ဒသမ ၇၄၄ ကျပ်သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ဘဏ္ဍာနှစ် အလိုက် ITC ကတ်ဖြင့် အမှန်တင်ပို့/တင်သွင်း ဆောင်ရွက်နိုင်တဲ့ ကုန်သွယ်မှုပမာဏမှာ အောက်ပါအတိုင်းဖြစ်ကြောင်း ဖော်ပြအပ်ပါတယ်-

တန်ဖိုး- ကျပ်သန်း

| ဘဏ္ဍာနှစ် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ |
|---|---|---|---|
| ၂၀၁၂-၂၀၁၃ | ၅၉ ◦ ၅၃၉ | ၆၇၈ ◦ ၀၄၂ | ၇၃၇ ◦ ၅၈၁ |
| ၂၀၁၃-၂၀၁၄ | ၈၄၃ ◦ ၁၉၄ | ၅၈၁၃ ◦ ၃၂၄ | ၆၆၅၆ ◦ ၅၁၈ |
| ၂၀၁၄-၂၀၁၅ | ၂၈၃၄ ◦ ၇၅၀ | ၆၅၃၇ ◦ ၉၅၃ | ၉၃၇၂ ◦ ၇၀၃ |
| ၂၀၁၅-၂၀၁၆ | ၂၂၈၆ ◦ ၈၉၃ | ၄၁၆၃ ◦ ၈၅၄ | ၆၄၅၀ ◦ ၇၄၇ |
| ၂၀၁၆-၂၀၁၇ | ၁၁၈၇ ◦ ၄၈၁ | ၁၇၇၈၄ ◦ ၇၄၄ | ၁၈၉၇၂ ◦ ၂၂၅ |
| ၂၀၁၇-၂၀၁၈ | ၄၈ ◦ ၃၀၈ | ၁၀၇၄ ◦ ၆၆၂ | ၁၁၂၂ ◦ ၉၇၀ (၇-၄-၂၀၁၇ ထိ) |
| စုစုပေါင်း | ၇၂၆၀ ◦ ၁၆၅ | ၃၆၀၅၂ ◦ ၅၇၉ | ၄၃၃၁၂ ◦ ၇၄၄ |

နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကမဏ္ဍိုင် အဖြစ် ပါဝင်နေတဲ့ ကုန်သွယ်ရေး တိုးတက်မှုနှင့် တိုင်းရင်းသား ပြည်သူများအတွက် အလုပ် အကိုင်အခွင့်အလမ်းနှင့် မိသားစု ဝင်ငွေ တိုးတက်ရေး ITC ကတ်ဖြင့် ကုန်သွယ်မှု ဆောင်ရွက်ခြင်းမှာ ထိရောက်သည့် အစီအစဉ်တစ်ရပ် ဖြစ်ပါကြောင်း၊ တစ်ပိုင်တစ်နိုင်ကုန်သွယ်မှုအနေနှင့် ကြိုးစားရင်ကြိုးစားသလို လုပ်ငန်းများ တဖြည်းဖြည်း တိုးချဲ့နိုင်ပြီး ကုမ္ပဏီကြီးများ ထူထောင်ကာ လုပ်ငန်းကြီးတွေ လုပ်ကိုင်နိုင်သည်အထိလည်း တိုးတက်နိုင်ပါကြောင်း၊ ITC ကြောင့် နယ်စပ်နေပြည်သူများ၏ မိသားစုအသီးသီးဝင်ငွေနှင့် ဘဝ တိုးတက်မှုရရှိပြီး ဆင်းရဲနွမ်းပါးမှုတွေ လျော့ကျကာ ဒေသဖွံ့ဖြိုးတိုးတက်မှုမှ တစ်ဆင့် နိုင်ငံတော်တစ်ခုလုံး စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုရရှိနိုင်ခြင်းကြောင့် ITC ကတ်ဖြင့် ကုန်သွယ်မှု ပြုတာကို သေးငယ်သည့် လုပ်ငန်းလေးဟု မယူဆဘဲ တိုးတက်ကြီးပွားချင်သူများအတွက် နယ်စပ်ဒေသနေ ပြည်သူများ အဆင်ပြေစေရေး တစ်ဦးချင်း ကုန်သွယ်မှု လုပ်ငန်းရှင် မှတ်ပုံတင် လက်မှတ် ITC ကတ်ဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရေးသား တင်ပြအပ်ပါတယ်။

**မြင့်သိန်း (ကုန်သွယ်ဦးစီး)**

## သင်္ကြန်ကာလကြောင့် မူဆယ်မှ ရေထွက်ကုန် လျော့နည်းတင်ပို့

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၈ ရက်မှ ၁၄ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃၉ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၆၁၉ တန်ကျော် ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၅၅ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၆၃၇ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၆ သန်း၊ တန်ချိန် အားဖြင့် ၁၈ တန်ခန့် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ကဏန်း၊ ငါးခြောက်၊ ငါးလေးခြောက်၊ ငါးမှုန့်နဲ့ ငါးဆားနယ် တင်ပို့မှု လျော့နည်းခဲ့တာကြောင့် ရေထွက်ကုန်တင်ပို့မှု လျော့နည်းရတာဖြစ်ကြောင်း၊ တစ်ဖက်တရုတ်နိုင်ငံမှာ ငါးရှဉ့်ဈေး ယွမ် ၃၁၀၀၀ မှာပြောင်းလဲမှုမရှိဘဲ ကဏန်း တစ်တန်ဈေး ၅၃၉၃၄ ယွမ်ရှိကြောင်း မူဆယ်ရေထွက်ကုန်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**



# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ပ ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံရရှိ

ရှင်မင်းအုံ့ (တန့်ဆည်)




ဒီမိုကရေစီ အစိုးရသစ်လက်ထက်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး မူဝါဒ ၁၂ ရပ် ချမှတ် ဆောင်ရွက်လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း ယင်းစီးပွားရေး မူဝါဒများနှင့်အညီ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံရရှိတဲ့အတွက် ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံရရှိခဲ့ပါတယ်။

ယခင်နှစ်နဲ့ နှိုင်းယှဉ်ကြည့်ရင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့်နဲ့ သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၆၀၀ရရှိခဲ့တဲ့ အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၁၀၀ ခန့် ပိုမိုတိုးတက်ဆောင်ရွက်လာနိုင် ကြောင်း တွေ့ရှိရပါတယ်။

ပြည်ပပို့ကုန် တင်ပို့မှုမှာ သဘာဝဓါတ်ငွေ့က ၂၅ ရာခိုင်နှုန်း၊ လယ်ယာ ထွက်ကုန်ပစ္စည်းက ၂၅ ရာခိုင်နှုန်း၊ CMP ချုပ်ပြီးအထည် တင်ပို့မှုက ၁၆ ရာခိုင်နှုန်း၊ သတ္တုတွင်းထွက်က ရှစ်ရာခိုင်နှုန်း၊ ရေထွက်ပစ္စည်းက ငါးရာခိုင်နှုန်းဖြစ်ပြီး သစ်တော ထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်နဲ့ အခြားပစ္စည်းတွေက ၂၁ ရာခိုင်နှုန်းသာ တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါ တယ်။




သဘာဝဓာတ်ငွေ့ တင်ပို့မှုအနေဖြင့် ယခင်နှစ်ထက် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ လျော့နည်းတင်ပို့နိုင်ပြီး သတ္တုတွင်းထွက်ပစ္စည်းများဖြစ်တဲ့ ကျောက်စိမ်း၊ သတ္တုနဲ့ သတ္တုရိုင်းများလည်း ယခင်နှစ်ထက် အမေရိကန် ဒေါ်လာသန်း ၁၉၀ လျော့နည်း တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ သဘာဝ သယံဇာတ ပစ္စည်းတွေဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုအပ်ချက်၊ ထုတ်လုပ်ထွက်ရှိမှု ကန့်သတ်ချက်၊ ကမ္ဘာမှာ ဖြစ်ပေါ်နေတဲ့ ဈေးကွက်ဈေးနှုန်းများ ကန့်သတ်ချက်တွေရှိတဲ့အတွက် လျော့နည်းတင်ပို့ရခြင်း ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

ယခုနှစ်တွင် လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုဟာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၃၁ သန်း တင်ပို့နိုင်ပြီး ယခင်နှစ်က တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၁၆ သန်း တင်ပို့နိုင်တဲ့အတွက် အမေရိကန် ဒေါ်လာ ၃၁၆ သန်း ပိုမိုတင်ပို့နိုင်တာကို တွေ့ရှိရပါတယ်။ လယ်ယာ ထွက်ကုန်ပစ္စည်းတွေမှာ အဓိကတင်ပို့တာကတော့ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၁ ဒသမ ၇၅ သန်း၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၅၄ သန်း၊ ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၄၃ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၁၄၀၀၊ ရော်ဘာစိမ်း တန်ချိန် ၁ ဒသမ ၄ သန်း၊ တန်ဖိုး အမေရိကန် ဒေါ်လာ သန်း ၂၀၀ ခန့်၊ နှမ်း တန်ချိန် ၁ သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၇ သန်း၊ ပြောင်းတန်ချိန် ၁ ဒသမ ၃ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅၃ သန်းနှင့် သစ်သီးဝလံ အမျိုးမျိုး တန်ချိန် တစ်သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၈ သန်း တင်ပို့နိုင်ကြောင်း တွေ့ရှိ ရပါတယ်။

အလားတူ လယ်ယာထွက်ကုန် များ စိုက်ပျိုး ထုတ်လုပ်တင်ပို့ရာတွင် ရာသီဥတု သဘာဝ ဘေးအန္တရာယ်၊ စိုက်ပျိုး ထုတ်လုပ်မှုကုန်ကျစရိတ်၊ အရည်အသွေးမြင့် Value Added ဆောင်ရွက်နိုင်မှု၊ နိုင်ငံတကာဈေးကွက်နှင့် ဝယ်လိုအားတို့အပေါ် မှာ မှီခိုရတဲ့အတွက် စိုက်ပျိုးရေးထွက်ကုန်များ တိုးမြင့်ထုတ်လုပ် တင်ပို့နိုင်ရေးမှာ အဓိကစိန်ခေါ် မှုများဖြစ်ကြောင်း တွေ့ရှိရပါတယ်။

တစ်ဆက်တည်းမှာ မိမိနိုင်ငံအနေနဲ့ ပို့ကုန် ပစ္စည်းတွေနဲ့ ထုတ်လုပ်မှု ကွင်းဆက်ရဲ့ (Supply Chain) တစ်လျှောက်လုံးမှာ ဒေသတွင်း နိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနဲ့ မယှဉ်နိုင်ဘဲ အဓိက အခက်အခဲမှာ သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်မြင့်မားနေခြင်းပဲ ဖြစ်ပါတယ်။

ရေထွက်ပစ္စည်းတင်ပို့မှုမှာ တန်ဖိုး အမေရိ ကန်ဒေါ်လာ ၅၈၂ သန်း တင်ပို့နိုင်ပြီး အဓိက အားဖြင့် ငါးမျိုးစုံ တင်ပို့မှုဖြစ်ပါတယ်။ ယခုနှစ်မှာ ထူးခြားစွာ တင်ပို့နိုင်တာကတော့ CMP ပစ္စည်းများပဲ ဖြစ်ပါတယ်။ CMP စနစ်ဖြင့် ချုပ်ပြီးအထည် တင်ပို့မှုက အမေရိကန်ဒေါ်လာ ၁၈၃၆ သန်း ဖြစ် ပြီး၊ ကျန်တင်ပို့နိုင်တာကတော့ လျှပ်စစ်ပစ္စည်း၊ ဖိနပ်နဲ့ အခြားပစ္စည်းတို့ဖြစ်ပါတယ်။

ဒီအခြေအနေကိုကြည့်ရင် သယံဇာတ ပို့ကုန်နဲ့ စိုက်ပျိုးရေး ထွက်ကုန်တွေကိုသာ အဓိက အားထား၍ မရတော့ဘဲ ရေထွက် ပစ္စည်းကဏ္ဍ၊ CMP ချုပ်ပြီး အထည်တင်ပို့မှု၊ Re-export စနစ်ဖြင့် သကြား၊ တာယာ၊ ဆန်၊ မြေပဲဆန်၊ အဆင့်မြင့် ဒီဇယ်တို့တင်ပို့မှုမှာလည်း ပိုမိုရရှိခဲ့တာကို တွေ့ရ ပါတယ်။

ပြည်ပမှ သွင်းကုန်တင်သွင်းမှုကို လေ့လာကြည့်ရင် ယခုနှစ် သွင်းကုန် တန်ဖိုး အမေရိကန် ဒေါ်လာ ၁၇ ဘီလီယံ ကျော်ရှိပြီး ယခင်နှစ်က အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅ ဘီလီယံ တင်သွင်းနိုင်တဲ့အတွက် ယခင်နှစ်ထက် အမေရိကန် ဒေါ်လာသန်း ၆၀၀ ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ယခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၆၉၀၀ ကျော်ရှိပြီး ယခင်နှစ်က အမေရိကန်ဒေါ်လာ သန်း ၈၂၅၀ တင်သွင်းနိုင်တာကြောင့် ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ ၁၃၃၅ သန်း လျော့နည်း တင်သွင်းနိုင်တာ တွေ့ရှိရပါတယ်။ လျော့နည်းတင်သွင်းတဲ့ ပစ္စည်းတွေကတော့ ဘိလပ်မြေ၊ သဘော်နှင့် သဘော်ပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ တင်သွင်းမှု လျော့နည်းကြောင်း လေ့လာသိရှိရပါ တယ်။

လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းတင်သွင်းမှု တွင် ယခုနှစ် တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၆၁၇၀ တင်သွင်းပြီး ယခင်နှစ်က အမေရိကန် ဒေါ်လာ သန်း ၄၈၀၀ တင်သွင်းသဖြင့် ယခင်နှစ် ထက် အမေရိကန် ဒေါ်လာသန်း ၁၃၀၀ ပိုမိုတင် သွင်းနိုင်ခဲ့ပါတယ်။ အဓိက တင်သွင်းတာကတော့ ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ ဓာတ်မြေဩဇာတို့ ဖြစ်ကြောင်း သိရှိရပါတယ်။

လူသုံးကုန် ပစ္စည်းတင်သွင်းမှု တွင် ယခုနှစ် တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၄၁၀၀ ကျော် ဖြစ်ပြီး ယခင်နှစ်တင်သွင်းမှု တန်ဖိုး အမေရိကန် ဒေါ်လာသန်း ၃၅၀၀ ဖြစ်တဲ့အတွက် ယခင်နှစ်ထက် ဒေါ်လာသန်း ၆၀၀ ကျော် တင်သွင်းနိုင်ခဲ့ ကြောင်းနဲ့ အဓိက တင်သွင်းတာကတော့ စားအုန်းဆီ၊ ဆေးဝါးပစ္စည်းနဲ့ အဖျော်ယမကာများဖြစ်ကြောင်း သိရှိရပါတယ်။

ပြည်ပပို့ကုန် တင်ပို့မှုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ တင်ပို့ခဲ့တဲ့အနက် နိုင်ငံပိုင်ကဏ္ဍမှ ၃၂ ရာခိုင်နှုန်းနဲ့ ပုဂ္ဂလိကပိုင်ကဏ္ဍမှ ၆၈ ရာခိုင်နှုန်း တင်ပို့နိုင်ပြီး ပြည်ပသွင်းကုန် တင်သွင်းမှု တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံရှိခဲ့တဲ့အနက် နိုင်ငံပိုင်ကဏ္ဍမှ ၆ ရာခိုင်နှုန်းသာ ရှိပြီး ပုဂ္ဂလိကပိုင်ကဏ္ဍမှ ၉၄ ရာခိုင်နှုန်း တင်သွင်းနိုင်ကြောင်း တွေ့ရှိရသဖြင့် ပုဂ္ဂလိကပိုင်ကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ယခုလို ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုး တိုးတက်လာခြင်းမှာ အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံအား တွန်းအားပေး ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်

> ဒီအခြေအနေကိုကြည့်ရင် သယံဇာတ ပို့ကုန်နဲ့ စိုက်ပျိုးရေး ထွက်ကုန်တွေကိုသာ အဓိကအားထား၍ မရတော့ဘဲ ရေထွက်ပစ္စည်းကဏ္ဍ၊ CMP ချုပ်ပြီး အထည်တင်ပို့မှု၊ Re-export စနစ်ဖြင့် သကြား၊ တာယာ၊ ဆန်၊ မြေပဲဆန်၊ အဆင့်မြင့်ဒီဇယ်တို့ တင်ပို့မှုမှာလည်း ပိုမိုရရှိခဲ့တာကို . . . .

စာမျက်နှာ (၁၉)သို့ ➤

# (၁၉) ကြိမ်မြောက် အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ

## uRrfusifbrsm; tzGJUpnf;taO;ESifh uf|yftpnf;taO;rsm;

## a t mifjrifpGm usif;y|yD

အာဆီယံဒေသတွင်း၌ ယှဉ်ပြိုင်မှုဆိုင်ရာ နယ်ပယ်ကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယှဉ်ပြိုင်မှု ဆိုင်ရာကိစ္စရပ်များအတွက် ဆွေးနွေးညှိနှိုင်းခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းတို့ ပြုလုပ်နိုင်ရန် အာဆီယံ ယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများ အဖွဲ့ကိုအာဆီယံအဖွဲ့ဝင်နိုင်ငံများ အားလုံးပါဝင်လျက် ၂၀၀၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး၊ အဖွဲ့ဥက္ကဋ္ဌ တာဝန်ကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများက နှစ်စဉ် အလှည့်ကျတာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇ ခုနှစ်အတွက် အလှည့်ကျ အာဆီယံဥက္ကဋ္ဌ တာဝန်ကို မြန်မာနိုင်ငံက ထမ်းဆောင်ရမည် ဖြစ်ပါသည်။ အလှည့်ကျ ဥက္ကဋ္ဌနိုင်ငံ၏ တာဝန်ဝတ္တရားအရ အာဆီယံယှဉ် ပြိုင်မှုဆိုင်ရာကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေး၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံ/အဖွဲ့အစည်းများ နှင့် အစည်းအဝေးများကို တစ်နှစ်လျှင် နှစ်ကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှ ၆ ရက်နေ့အထိ ရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်၌ (၁၉) ကြိမ်မြောက် အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ပထမအကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး၊ ဒုတိယအကြိမ်အဖြစ် (၂၀) ကြိမ်မြောက် အစည်းအဝေးများကို နိုဝင်ဘာလတွင် နေပြည်တော်၌ ကျင်းပပြုလုပ်ရန် စီစဉ်ထားရှိပါသည်။

(၁၉) ကြိမ်မြောက် အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ ဂျာမနီနိုင်ငံဘက်မှ ကိုယ်စားလှယ်များ၊ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်မှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၆ ဦး စုံလင်စွာ တက်ရောက်ခဲ့ပြီး ထိရောက်သော ဆွေးနွေးညှိနှိုင်းမှုများဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

(၁၉) ကြိမ်မြောက် အစည်းအဝေးများတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက ညွှန်ကြားရေးမှူး




| ဟန်လင်းဇော် (ယှဉ်ပြိုင်မှု) |

ဦးအောင်မင်းသိုက်မှ အလှည့်ကျအာဆီယံဥက္ကဋ္ဌ တာဝန်ယူ၍ ဦးဆောင်ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးများတွင် ဆွေးနွေးသည့် အကြောင်းအရာများသည် အာဆီယံယှဉ်ပြိုင်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းအစီအစဉ် (၂၀၁၆-၂၀၂၅)ပါ ရည်မှန်းချက်ပန်းတိုင်များနှင့် အညီဆောင်ရွက်ခြင်း ဖြစ်ပြီး၊ ယင်းတို့ကို အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ပြင်ဆင်ပေးထားသည့် အတွက် အာဆီယံလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်ကျသေသပ်သည့် အစည်းအဝေးတစ်ခု ဖြစ်ခဲ့ပါသည်။

(၁၉)ကြိမ်မြောက် အာဆီယံယှဉ်ပြိုင်မှု ဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့အစည်းအဝေးတွင် အာဆီယံနိုင်ငံများသာ တက်ရောက်ကြပြီး နိုင်ငံအလိုက် ယှဉ်ပြိုင်မှုဆိုင်ရာဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများ၊ ယှဉ်ပြိုင်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရန် စီမံထားရှိမှု အခြေအနေများ၊ အခြားဆွေးနွေးဖက်အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးခဲ့ကြပါသည်။

အာဆီယံ၏ မိတ်ဖက်နိုင်ငံ/အဖွဲ့အစည်းများနှင့် ပြုလုပ်သည့် အစည်းအဝေးများတွင် အာဆီယံ နိုင်ငံများနှင့် GIZ တို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို လည်းကောင်း၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံများအနေဖြင့် အာဆီယံနိုင်ငံများအတွက် အထောက်အပံ့ပေးမည့်အစီအစဉ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ယှဉ်ပြိုင်မှုအေဂျင်စီများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း စီမံချက်အတွက် ပြင်ဆင်ရေးဆွဲထားသည့် အစီရင်ခံစာ ကိစ္စရပ်များကို လည်းကောင်း အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးများအားလုံးတွင် စွမ်းဆောင်ရည်မြှင့်တင်မှု အပိုင်းကို ဆွေးနွေးညှိနှိုင်းကြရာ၌ အာဆီယံအတွင်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ ဖြစ်သည့် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့အတွက် လိုအပ်သည့် ပံ့ပိုးမှုများကို ဦးစားပေးဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံအနေဖြင့် အစည်းအဝေးအတွင်း ညှိနှိုင်းဆွေးနွေးမှုများအရ အောက်ပါရလဒ်ကောင်းများကို ရရှိခဲ့ပါသည် -

- အာဆီယံနှင့်ဩစတြေးလျ၊ နယူးဇီလန်တို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ယှဉ်ပြိုင်မှု ဥပဒေအကောင်အထည်ဖော်ရေး လုပ်ငန်းအစီအစဉ် (Competition Law Implementation Program-CLIP)အထောက်အပံ့ဖြင့် ၂၀၁၇ ခုနှစ်အတွင်း ဩစတြေးလျ ယှဉ်ပြိုင်မှုနှင့် စားသုံးသူရေးရာကော်မရှင်မှ ယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးကို မြန်မာနိုင်ငံ၏ ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကာလတို တွဲဖက်တာဝန်ထမ်းဆောင်ရန်၊
- မြန်မာနိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးကို နယူးဇီလန်ယှဉ်ပြိုင်မှုဌာနတွင် နှစ်လခွဲကြာ တွဲဖက်လေ့လာ တာဝန်ထမ်းဆောင်ရန်၊
- မြန်မာနိုင်ငံတွင် ပို့ဆောင်ရေးအတွက် ယှဉ်ပြိုင်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်နိုင်ရန်၊
- GIZ အနေဖြင့် အာဆီယံဒေသအတွက်သာမက ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့အတွက် ရေရှည်အထောက်အပံ့များပေးသွားရန်။

ထို့ကြောင့် ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် (၁၉) ကြိမ်မြောက်အာဆီယံ ယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် အာဆီယံဒေသအတွက်သာမက မြန်မာနိုင်ငံအတွက်လည်း ယှဉ်ပြိုင်မှုဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုနိုင်သည့် ရလဒ်ကောင်းများ ရရှိခဲ့သည့် အစည်းအဝေးတစ်ရပ်ဖြစ်ပြီး၊ ထပ်မံကျင်းပပြုလုပ်မည့် (၂၀) ကြိမ်မြောက် အစည်းအဝေးများတွင်လည်း အလားတူ ရလဒ်ကောင်းများထွက်ပေါ်လာစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

---

### စာမျက်နှာ (၁၇) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ပ ကုန်သွယ်မှု ၀ ၀ ၀ ၀ ၀ ၀ မှအဆက်

စာမျက်နှာ (၁၇) ... မှအဆက်

(၇၉/၂၀၁၆) ဖြင့် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါကော်မတီတွင် ဒုတိယသမ္မတက ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌနှင့် အခြားဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ ပါဝင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိခဲ့ကြောင်း သိရှိရပါတယ်။

ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မူဘောင်တွင်ပါရှိသည့် မဏ္ဍိုင် ငါးရပ်မှ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ (Promoting Trade and Investment) ၏ လုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဌာနခွဲအသီးသီးမှ အရာထမ်းများဖြင့် ဌာနတွင်းအဖွဲ့ ဖွဲ့စည်းလျက် စဉ်ဆက်မပြတ် လိုက်ပါ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ဆိပ်ကမ်းများတွင် သကြ်န်ပိတ်ရက်ကာလ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် ဧပြီ ၁ ရက်တွင် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ရန်ကုန်မြို့ရှိ မြန်မာ့ စက်မှုဆိပ်ကမ်းတွင် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များအသင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကိုလည်း ဧပြီ ၅ ရက်က နေပြည်တော်ရှိ Park Royal Hotel တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးစီးကျင်းပပြီး ယင်းအခမ်းအနားကို ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရပါတယ်။

သို့ဖြစ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်လာနိုင်ခြင်းဖြစ်ပါကြောင်း တင်ပြလိုက်ပါတယ်။

## ရော်ဘာ

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုနည်းလမ်းနစ်သွယ်နဲ့ ရော်ဘာပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဧပြီ ၈ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၈၇ သန်းတန်ဖိုးရှိ ရော်ဘာ ၁၆၉၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS 3 ၈၉၄ တန်ကျော်၊ RSS 5 ၂၂၉ တန်၊ MSR 20 ၁၆၂ တန်နဲ့ ချင်းရွှေဟော်ကုန်သွယ် ရေးစခန်းမှ RSS 1 ၂၄ တန်၊ RSS 3 ၁၅၉ တန်နဲ့ MSR 20 ၂၂၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ဧပြီ ၁ ရက်မှ ၇ ရက် အထိ ကာလအတွင်းမှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၇၉၂ သန်းတန်ဖိုးရှိ ရော်ဘာ ၂၁၁၈ တန် တင်ပို့ခဲ့တဲ့အနက် RSS 3 ၈၁၁ တန်၊ RSS 5 ၈၂၅ တန် ကျော်၊ MSR 20 ၃၃၃ တန် ကျော်၊ MSR 50 ၁၄၈ တန် တင်ပို့ခဲ့ပါတယ်။ ယခု တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ဒီတစ် ပတ်မှာ ၄၂၂ တန်လျော့နည်းခဲ့ တာတွေ့ရပါတယ်။ ယခုတစ်ပတ်မှာ သင်္ကြန်ကာလဖြစ်တာကြောင့် ကုန်တင်ပို့မှုလျော့နည်းခဲ့တာဖြစ်ပါတယ်။

ဧပြီ ၈ ရက်မှ ၁၄ ရက်အတွင်း မူဆယ်ကုန်စည်ဒိုင်မှ ထုတ်ပြန်ထားတဲ့ ရော်ဘာဈေးနှုန်းများမှာ RSS 3 တစ်တန် လျှင် ကျပ် ၂၅ ဒသမ ၉၂ သိန်း ဖြစ်ပြီး ယခင်တစ်ပတ်ကထက် တစ်တန်ကို ကျပ် ၁၃၅၀၀ ဈေးလျော့ကျ ခဲ့ပါတယ်။ RSS 5 တစ်တန်ဈေးမှာ ကျပ် ၂၄ ဒသမ ၉၆ သိန်းဖြစ်ပြီး တစ် တန်ကို ၉၅၆၁၆ ကျပ်ဈေးကျခဲ့ကြောင်း သိရှိရပါတယ်။



၂၀၁၇ မတ်လတစ်လလုံးမှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန် ဒေါ်လာ ၁၈ ဒသမ ၄၉၁ သန်းတန်ဖိုးရှိ ရော်ဘာ ၁၀၆၁၃ တန်ခန့်တင်ပို့ခဲ့ပြီး ယမန်နှစ်ကာလတူနဲ့နှိုင်းယှဉ်ပါက ၆၇၁၈ တန် ပိုမိုတင်ပို့နိုင်တာတွေ့ရပါ တယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တစ်နှစ်လုံးအတွင်း တင်ပို့မှုအနေနဲ့ အမေရိကန် ဒေါ်လာ ၁၃၄ ဒသမ ၁၉၂ သန်းတန်ဖိုးနဲ့ရော်ဘာအဆင့်စုံတန်ချိန် ၉၄၁၈၅ကျော်ဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကထက် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၈ ဒသမ ၀၉၉ သန်း၊ တန်ချိန် ၄၄၇၄၇ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှု မှ ဧပြီ ၂ ရက်မှ ၈ ရက်အထိ ပထမပတ် အတွင်းမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၃၁ သန်း တန်ဖိုးရှိ ရော်ဘာ ၁၀၃၆ တန်ကျော်တင်ပို့ခဲ့ပြီး မလေးရှားနိုင်ငံသို့ RSS 3 တန် ၃၀၀၊ တရုတ်နိုင်ငံသို့ MSR 20 တန် ၆၀၊ ဂျပန်နိုင်ငံသို့ TSR 20၊ MSR 20 ၅၉၆ တန်၊ အိန္ဒိယနိုင်ငံသို့ RSS 1တန် ၈၀ တင်ပို့ခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မတ်လတစ်လလုံး အတွင်းမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၉၀ သန်းတန်ဖိုးနဲ့ တန်ချိန် ၁၇၈၁ ကျော် တင်ပို့ခဲ့ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွင်း ရော်ဘာတင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၃၀၂ သန်း၊ တန်ချိန် ၃၇၅၂၀ ကျော်တင်ပို့ခဲ့ပြီး ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄၈၄ သန်းနဲ့ တန်ချိန် ၁၀၂၄၄ တန်ပိုမို တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

ယခုဘဏ္ဍာနှစ်မှာ ကုန်သွယ်ရေးစခန်းများမှရော ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှပါ ရော်ဘာ ၅၄၉၉၁ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## သကြား

# မူဆယ်မှသကြားလျော့နည်းတင်ပို့ပြီး ချင်းရွှေဟော်မှ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ် ရေးဇုန်မှ ဧပြီ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၃၆ သန်းတန်ဖိုးရှိ Re-Export သကြား ၁၀၆၀၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၂၁၈၆၇ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် ၁၁၂၆၄ တန်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။



ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဧပြီ ၁ ရက်မှ ၇ ရက် သီတင်းပတ်တွင် သကြားဖြူ ၁၆ တန်ခွဲ တင်ပို့ခဲ့ပြီး ဧပြီ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်မှာတော့ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉၆ သန်းတန်ဖိုးရှိ သကြားဖြူ ၃၂၃ တန် တင်ပို့ ခဲ့လို့ ယခုတစ်ပတ်ချင်းရွှေဟော်မှ တန်သုံးရာကျော် ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ဈေး ကျပ် ၈၃၃၂၈၀ ရှိကြောင်း၊ မတ်လတစ်လလုံး မူဆယ်မှ Re-Export သကြားတန် တစ်သိန်းသုံးသောင်းခန့်နဲ့ ချင်းရွှေဟော်မှ သကြားဖြူ ၃၄ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

# တရုတ်နိုင်ငံသို့ လက်ဖက်ခြောက် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၁၇၇၇ တန်ဖိုးရှိ လက်ဖက်ခြောက် တန် ၇၀ နီး ပါးကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှသာ ၃၆ တန် တင်ပို့ခဲ့ပြီး မူဆယ်ဒေသမှမူ ယခုတစ်ပတ်မှာမှ ပြန်လည်တင်ပို့ခဲ့တာဖြစ်ပါတယ်။

လက်ရှိ မြန်မာနိုင်ငံတွင် လက်ဖက်စိုက်ဧက ရှစ်သိန်းဝန်းကျင်ရှိကာ စက်ရုံပေါင်း ၁၀၀ ကျော်ရှိပြီး မြန်မာ့လက်ဖက်ခြောက်များ အဆင့်မြင့်နိုင်ရန်အတွက် မြန်မာ-ဂျာမန် အပြည်ပြည်ဆိုင်ရာပူးပေါင်းရေးအဖွဲ့(GIZ) မှ နည်းပညာများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ပြောင်း

# တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ ပြောင်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ စခန်းစုံ မှ ဧပြီ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၉၉ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၉၂၅၄ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၁၆၂၈၁၀ တန်၊ လွယ်ဂျယ်မှ ၂၄၈၇ တန်ကျော်၊ ချင်းရွှေဟော်မှ ၃၆ တန်နဲ့ ကန်ပိုက်တီမှ တန်၄၅၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းများမှ တင်ပို့ခဲ့တဲ့ ပြောင်းဖူးစေ့တန်ချိန် ၂၂၈၀၅ တန်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၃၅၅၁ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မြန်မာနှစ်သစ်ကူး သင်္ကြန်ကာလဖြစ်တာကြောင့် ယခုလို လျော့နည်းခဲ့ရတာလို့ သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဧပြီ ၁ ရက်မှ ၇ ရက် သီတင်းပတ်အတွင်းက ပြောင်းတစ်တန်ကို မိမိဘက်ပေါက်ဈေး ၂၂၅၃၀၇ ကျပ်ရှိရာမှ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်မှာ ၂၂၃၀၇၇ ကျပ်သို့ ဈေးအနည်းငယ် ကျဆင်းခဲ့ကြောင်း၊ မူဆယ်မှာ ပြောင်းတစ်ပိဿာ သယ်ယူခမှာ ၇၇-၈၀ ကျပ်ရှိပြီး ပြောင်းကားစီးရေ ၅၆၂ စီး ဝင်ရောက်ခဲ့ကြောင်း သိရပါတယ်။

အလားတူ မြန်မာ-အိန္ဒိယ နယ်စပ်ရှိ တမူးကုန်သွယ်ရေး စခန်းမှလည်း ယခုသီတင်းပတ်မှာ အမေရိကန်ဒေါ်လာ ၂၂၉၄ တန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၂ တန်ခွဲကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မတ်လ တစ်လလုံးမှာတော့ တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် တစ်သိန်းသုံးသောင်းနီးပါးနဲ့ ထိုင်းနိုင်ငံသို့ တန် တစ်ထောင်ခန့် တင်ပို့နိုင်ခဲ့ကြောင်း စခန်းများမှ စာရင်းများအရ သိရပါတယ်။

**မော်မော်အောင်**

# ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ယခုဘဏ္ဍာနှစ်အတွင်း ပြောင်းတန်ချိန် ခြောက်သောင်းကျော် တင်ပို့

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဧပြီ ၂ ရက်မှ ၈ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုညဒသမ ၈၈၂ သန်းဖိုး ရှိ ပြောင်း ၅၀၇၇ တန်ကျော် တင်ပို့ခဲ့ရာ ဗီယက်နမ်နိုင်ငံသို့ ၃၁၅၇ တန်ကျော်၊ စင်ကာပူနိုင်ငံသို့ တန် ၁၂၀၊ မလေးရှားနိုင်ငံသို့ တန် ၁၈၀၀ တင်ပို့ ခဲ့ပါတယ်။ မတ်လ နောက်ဆုံးပတ်က ၈၇၈၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၇၀၈ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ မတ်လတစ်လလုံးအတွင်းမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၁၀ သန်းဖိုးရှိ ပြောင်းတန်ချိန် ၂၆၂၇၄ ကျော် တင်ပို့ခဲ့ရာ အနီးစပ်ဆုံး ဖေဖော်ဝါရီလနဲ့ နှိုင်းယှဉ်ပါက ဖေဖော်ဝါရီ လက ၁၇၅၀၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ ၈၇၆၉ တန် ပိုမိုတင်ပို့နိုင် ခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ်အတွင်း နိုဝင်ဘာလောက်မှစပြီး မြန်မာ့ပြောင်း တင်ပို့မှု တိုးတက်လာခဲ့ကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြောင်းတန်ချိန် ၆၂၃၄၆ တန် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃၆၁ သန်း ရရှိခဲ့ပါတယ်။ မြန်မာ့ပြောင်းကို အဓိက ဝယ်ယူတဲ့နိုင်ငံကတော့ ဗီယက်နမ်နိုင်ငံဖြစ်ပြီး၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား ၊ တရုတ်(တိုင်ပေ)၊ ယူအေအီးနိုင်ငံများကလည်း ဝယ်ယူကြကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

## ပျားရည်

# မူဆယ်မှ ပျားရည်ပိုမိုတင်ပို့

ဧပြီ ၈ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၅၂၅၀၀ တန်ဖိုးရှိ ပျားရည် ၇၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၉ တန်နဲ့ နှိုင်းယှဉ်ပါက ၄၆ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ပျားရည် မက်ထရစ်တန် ၅၀၀၀ ကျော် ထွက်ရှိပြီး၊ ပြည်ပဈေးကွက်သို့ တန်ချိန် ၃၅၀၀ ကျော်တင်ပို့ကြောင်း၊ ပျားရည်ကို အမေရိကန်နဲ့ ဂျပန်နိုင်ငံတို့မှလည်း ဈေးကောင်းပေးဝယ်တာကြောင့် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတွေနဲ့ ယှဉ်ပြိုင်တင်ပို့နေရကြောင်း၊ ပျားမွေးမြူရေးလုပ်ငန်းကို မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့တွင် အများဆုံး လုပ်ကိုင်ကြောင်း ပျားမွေးမြူရေးဦးစီးဌာနမှ သတင်းရရှိပါတယ်။ **မော်မော်အောင်**



# အရည်အသွေးဆိုတာ

| ဝေဖြိုးထက် (သတင်းအချက်အလက်/အရည်အသွေး) |




"အရည်အသွေးနိမ့်တဲ့ ပစ္စည်းတွေကြောင့် ခေါင်းအမြဲကိုက်နေရတယ်"တဲ့။ TV ကြော်ငြာထဲက စကားလေးတစ်ခွန်းပါ။ မှန်ပါတယ် ကျွန်တော်တို့ ဖြတ်သန်းနေရတဲ့ နေ့စဉ်ဘဝမှာ အရည်အသွေးနိမ့်တဲ့ပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေကြောင့် အမြဲလိုလို စိတ်အနှောင့်အယှက် ဖြစ်နေရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့စိတ်မှာ အရည်အသွေးကောင်းကို တောင့်တနေကြပါတယ်။ လက်ရှိခေတ်ဟာအရည်အသွေး (Quality) ကို တောင်းဆိုနေတဲ့ ခေတ်ဆိုရင် မမှားပါဘူး။ ဒီတော့ အရည်အသွေးဆိုတာဘာလဲ (What is Quality?)၊ အရည်အသွေးကို ဘယ်လိုတိုင်းတာရမလဲ(How to measure Quality?)၊ အရည်အသွေးကို ဘယ်လို တည်ဆောက်ရမလဲ (How to build Quality?)၊ အရည်အသွေးကို ဘယ်လို စီမံခန့်ခွဲရမလဲ (How to manage Quality?)ဆိုတဲ့ မေးခွန်းတွေက စိတ်ဝင်စားစရာ ကောင်းနေပါတယ်။

**အရည်အသွေးဆိုတာ ဘာလဲ (What is Quality?)**

ရွေးချယ်ခွင့်သာရှိနေရင် လူတိုင်း အရည်အသွေးကောင်းတာကို ရွေးမှာပါ။ အရည်အသွေးကောင်းတာကို လူတိုင်းနှစ်သက်ပါတယ်။အရည်အသွေးရဲ့အဓိပ္ပါယ်က ကျယ်ဝန်းပါတယ်။ အရည်အသွေးရဲ့အဓိပ္ပါယ်ကို ပညာရှင်တွေက ခံစားချက်တွေ၊ အသုံးပြုရတဲ့နယ်ပယ်စတဲ့ ရှုထောင့်အမျိုးမျိုးကို အခြေခံပြီး အဓိပ္ပါယ်အမျိုးမျိုး ဖွင့်ဆိုခဲ့ကြပါတယ်။ အဲဒီအထဲကမှ အခြေခံအကျဆုံး အဓိပ္ပါယ်ဖွင့်ဆိုချက်အချို့ကို ကောက်နုတ်တင်ပြသွားပါမယ်။

"Quality is the ability of a product or service to meet consumer's needs." အရည်အသွေးဆိုတာ စားသုံးသူတို့ရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ ကုန်ပစ္စည်း(သို့မဟုတ်) ဝန်ဆောင်မှုကို ပေးနိုင်တဲ့ စွမ်းရည်လို့ဆိုပါတယ်။ နောက်တစ်ခုက "Quality is conformance to customer's expectation."အရည်အသွေးဆိုတာ စားသုံးသူရဲ့မျှော်လင့်ချက်နဲ့ ကိုက်ညီမှုရှိခြင်းပါတဲ့။"Quality denote an excellence in goods and services, expecially to the degree they conform to requirement and satisfy customer." အရည်အသွေးဆိုတာ စားသုံးသူရဲ့လိုအပ်ချက်နှင့် ကျေနပ်မှုကို ဆုံးဖြတ်ပေးနိုင်တဲ့ ကုန်ပစ္စည်းများနဲ့ ဝန်ဆောင်မှုများရဲ့အဆင့်အတန်းကို ရွေးချယ်ခြင်းလို့ နာမည်ပေးနိုင်ပါတယ်။

လူချင်းမတူပေမယ့် ပစ္စည်းတစ်ခု၊ ဝန်ဆောင်မှုတစ်ခုကို ဝယ်သုံးတဲ့အခါ တွေမှာတော့ စားသုံးသူအများစုရဲ့လိုအပ်ချက်တွေ၊ ဆန္ဒတွေ၊ မျှော်လင့်ချက်တွေတော့ အနီးစပ်ဆုံးတူပါတယ်။ ပစ္စည်း(သို့မဟုတ်) ဝန်ဆောင်မှုကို ရောင်းချတဲ့နေရာမှာ စားသုံးသူရဲ့လိုအပ်ချက်၊ ဆန္ဒ၊ မျှော်လင့်ချက်တွေ ဖြည့်ဆည်းနိုင်လေ အရည်အသွေးရှိလေလို့ဆိုရမှာပါ။ ဥပမာ - တီဗွီတစ်လုံး ဝယ်တယ်ဆိုပါတော့ စားသုံးသူရဲ့လိုအပ်ချက်က အရောင်အသွေးစိုစို ကြည်လင်ပြတ်သားတဲ့ ပုံရိပ်တွေ မြင်ရဖို့နဲ့ အသံကြည်ကြည်လင်လင်ကြားရဖို့၊ ဆန္ဒနဲ့ မျှော်လင့်ချက်က ဈေးနှုန်းသင့်တော်ဖို့၊ ကြာရှည်အသုံးခံဖို့၊ ထပ်ဆောင်းအနေနဲ့ သက်တမ်း အာမခံရရှိဖို့၊ ဒီဇိုင်းလှဖို့ဆိုတာတွေရှိပါတယ်။ ဒါတွေဖြည့်ဆည်းနိုင်လေ တီဗွီကအရည်အသွေးရှိလေလို့ပြောရမှာဖြစ်ပါတယ်။ နောက်ဥပမာ တစ်ခုထပ်ပေးပါမယ်။ တက္ကစီငှားစီးတယ် ဆိုပါတော့၊ စားသုံးသူရဲ့လိုအပ်ချက်က လိုရာခရီးကို ဘေးအန္တရာယ်ကင်းကင်းနဲ့ အချိန်တိုတိုအတွင်းမှာ သွားနိုင်ဖို့ပါ။ ဆန္ဒနဲ့ မျှော်လင့်ချက်ကတော့ တက္ကစီယာဉ်မောင်းက ဆက်ဆံရေးကောင်းမွန်ဖို့ ကားကသန့်သန့်ရှင်းရှင်းနဲ့ သက်သောင့်သက်သာ ဖြစ်ဖို့တွေပါ။ ဒါတွေဖြည့်ဆည်းပေးနိုင်လေ တက္ကစီရဲ့ဝန်ဆောင်မှု အရည်အသွေးရှိလေဖြစ်မှာပါ။

ဒီနေရာမှာ အရေးကြီးဆုံးက လူတွေရဲ့ စိတ်ကျေနပ်မှုပါ။ ခဲတံနဲ့ရေးတာကို ဖျက်ချင်ရင် ခဲဖျက်ရှိပါတယ်။ ဘောလ်ပင်နဲ့ရေးတာကို ဖျက်ချင်ရင် Correction Pen ရှိပါတယ်။ လူတစ်ယောက်ရဲ့ ရင်ထဲကခံယူချက်ကို ပြင်ဖို့ဆိုတာကတော့ တော်တော်ခက်ပါတယ်။ ပစ္စည်းတစ်ခုနဲ့ ပတ်သက်လို့ အလကားပါကွာ ကြော်ငြာနဲ့တစ်ခြားစီပဲ သုံးလို့ မကောင်းဘူး။တော်တော်ညံ့တယ် ပျက်အစဉ်ပြင်မရတဲ့ ပစ္စည်းဆိုတာမျိုး၊ ဝန်ဆောင်မှုတစ်ခုနဲ့ ပတ်သက်လို့ ဆက်ဆံရေးကလည်းကျဲတယ်။ စောင့်ရတာအချိန်ကုန်လွန်းတယ်၊ ပေးရတာနဲ့ မတန်ဘူးစတဲ့ စားသုံးသူတွေရဲ့ခံယူချက် သဘောထားတွေက ကြောက်စရာကောင်းလှပါတယ်။ သူတစ်ယောက်တင် ဖောက်သည်ပျက်တာ မဟုတ်ပါဘူး။ သူနဲ့ဆက်စပ်သမျှ ပတ်သက်သမျှ အသိုင်းအဝိုင်းအထိ ဒီခံယူချက်ပျံ့နှံ့သွားနိုင်ပါတယ်။ ရှိပြီးသားဖောက်သည်ရော၊ ဖြစ်လာနိုင်မယ့် ဖောက်သည်ရော ဆုံးရှုံးရနိုင်ပါတယ်။ ပစ္စည်းတစ်ခု၊ ဝန်ဆောင်မှုတစ်ခုဟာ ယုံကြည်စိတ်ချရမှုရှိမယ်၊ သူ့ရဲ့လုပ်နိုင်စွမ်းတွေကောင်းမယ်၊ ပုံသဏ္ဍာန်လှမယ်၊ ကြာရှည်အသုံးခံမယ်၊ ဈေးနှုန်း သင့်တော်မယ်ဆိုရင် စားသုံးသူတွေရဲ့ကျေနပ်မှုရစေမှာ ဖြစ်ပါတယ်။ ပစ္စည်းကိုပဲ ရောင်းရောင်း၊ ဝန်ဆောင်မှုကိုပဲရောင်းရောင်း စားသုံးသူရဲ့စိတ်ကျေနပ်မှုက အရေးပါပါတယ်။

ဒါကြောင့် "တစ်ခါဆက်ဆံ ဆယ်ခါလန်" မဖြစ်စေဖို့နဲ့ "တစ်ခါဆက်ဆံ ရာသက်ပန်" ဖြစ်စေဖို့အရည်အသွေးက အရေးကြီးပါတယ်။

> **"အရည်အသွေးဆိုတာ စားသုံးသူတို့ရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုကို ပေးနိုင်တဲ့ စွမ်းရည်လို့ ဆိုပါတယ်။**

**အရည်အသွေးကို ဘယ်လိုတိုင်းတာရမလဲ(How to measutre Quality?)**

ပစ္စည်းပဲဖြစ်ဖြစ်၊ ဝန်ဆောင်မှုပဲဖြစ်ဖြစ် အရည်အသွေးဆိုတာကို တိုင်းတာကြည့်လို့ရနိုင်ပါတယ်။ ပညာရှင်တွေစုစည်းလက်ခံထားတဲ့ အရည်အသွေးကို တိုင်းတာနိုင်တဲ့ အခြေခံအချက် (၅) ချက်ကတော့-

- ဘယ်လောက်အထိ မှီခိုအားထားနိုင်သလဲ (Service-ability)
- ဘယ်လောက်ကြာကြာခံသလဲ(Durability)
- စံချိန်စံညွှန်းမီရဲ့လား (Conformance specification)
- အပြင်ပန်းအမြင်လှရဲ့လား(Feature)
- စားသုံးသူ ကျေနပ်မှုရှိရဲ့လား (Satisfaction)

ဆိုတဲ့အချက်တွေပဲ ဖြစ်ပါတယ်။

ဒီပေတံတွေ နဲ့တိုင်းပြီး ပစ္စည်းကိုဖြစ်ဖြစ် ဝန်ဆောင်မှုကိုဖြစ် ဖြစ်အရည်အသွေး ဘယ်လောက်ရှိသလဲဆိုတာ ကိုသိနိုင်ပါတယ်။

**ဘယ်လောက်အထိ မှီခိုအားထားနိုင်သလဲ (Serviceability)**

ပစ္စည်း(သို့မဟုတ်) ဝန်ဆောင်မှုကို ဝယ်ကြတာ သုံးဖို့လိုအပ်လို့ပါ။ အသုံးတည့်ဖို့ အရေးကြီးပါတယ်။ နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ အချို့ပစ္စည်းတွေမှာ Function တွေ များလာတာ တွေ့ရတယ်။ အဓိက Function နဲ့ ထပ်ဆောင်းပေးထားတဲ့ Function တွေလည်း ပါလာပါတယ်။ အရေးကြီးတဲ့အချက်က Function ဘယ်လောက်များများ စားသုံးသူလက်တွေ့ သုံးစွဲရာမှာ ထိထိရောက်ရောက် အကျိုးရှိဖို့ လိုအပ်ပါတယ်။ ဝန်ဆောင်မှုတစ်ခုအနေနဲ့လည်း စားသုံးသူရဲ့ လိုအပ်ချက်ကို ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်ဖို့လိုအပ်ပါတယ်။ ကိုယ်ရောင်းမယ့် ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုဟာ စားသုံးသူက အဆင် ပြေပြေနဲ့ ယုံကြည်စိတ်ချမှုရှိရှိများများ အသုံးချ နိုင်လေလေ၊ ဒီအပေါ် မှာအားထားရလေ ဖြစ်မှာပါ။ အဓိကပစ်မှတ်ကို တည့်တည့် ထိအောင် ဆောင်ရွက်နိုင်မှ အရည်အသွေးရှိတယ်လို့ ဆိုနိုင်ပါလိမ့်မယ်။

**ဘယ်လောက်ကြာကြာခံသလဲ (Durability)**

လတ်လတ်ဆတ်ဆတ် သုံးစွဲရမယ့် ပစ္စည်းရှိသလို ကြာကြာသုံးစွဲလို့ရရင် စားသုံးသူအတွက် ပိုပြီး အဆင်ပြေအကျိုးရှိတဲ့ ပစ္စည်းတွေလည်း ရှိပါတယ်။ ဒါကြောင့် ကြာရှည်ခံခြင်းဆိုတာ အရည်အသွေးကို တိုင်းတာနိုင်တဲ့ အရည်အချင်းတစ်ခုပဲ ဖြစ်ပါတယ်။ များများမသုံးရလို့ ကြာကြာခံတာမျိုးမဟုတ်ဘဲ များများသုံးလည်း ကြာကြာ အသုံးခံမှ အရည်အသွေးရှိပါတယ်။ Made in Japan ဆိုရင် လူတိုင်းလိုလို သဘောကျပါတယ်။ သူ့မှာအလွယ်တကူ မပျက်စီးဘူး၊ ကြာကြာအသုံးခံ တယ်ဆိုတဲ့ အရည်အချင်းကြောင့် လူကြိုက်များတာ ဖြစ်ပါတယ်။ ဝန်ဆောင်မှုလုပ်ငန်းမှာလည်း အတူတူပါပဲ။ စပြီး သုံးစွဲစဉ်ကတော့ သုံးစွဲရသူတွေ အဆင်ပြေအကျိုးရှိ ကျေနပ်ကြပေမယ့် ဒီအရည်အချင်းကို ရေရှည်ထိန်းမထားနိုင်ဘူး၊ နောက်ပိုင်းမှာ သုံးရတာ အဆင်မပြေတော့ဘူးဆိုရင် အရည်အသွေးညံ့တယ်လို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ သက်တမ်းအာမခံချက်ပေးထားတာလည်း အရည်အသွေးကို အာမခံပေးတာ ဖြစ်ပါတယ်။

**စံချိန်စံညွှန်းမီရဲ့လား (Conformance specification)**

ပစ္စည်းပဲဖြစ်ဖြစ်၊ ဝန်ဆောင်မှုပဲဖြစ်ဖြစ် စံချိန်စံညွှန်း ဆိုတာရှိပါတယ်။ စံချိန်စံညွှန်းဆိုတာကလည်း စားသုံးသူသုံးစွဲရတာ အဆင်ပြေစေဖို့၊ စိတ်ကျေနပ်မှုရစေဖို့၊ ဘေးအန္တရာယ်ကင်းကင်း သုံးစွဲနိုင်စေဖို့သတ်မှတ်ထုတ်ပြန်ထားတာပဲ ဖြစ်ပါတယ်။ ဒါတွေနဲ့ ညီညွတ်မှုရှိမှသာ အဆင့်မီတဲ့ အရည်အသွေးရှိတယ်လို့ သတ်မှတ်နိုင်ပါတယ်။ ကုန်ပစ္စည်းပဲဖြစ်ဖြစ်၊ ဝန်ဆောင်မှုပဲဖြစ်ဖြစ် ဘယ်လိုအတိုင်းအတာရှိရမယ်၊ ဘာတွေပါဝင်ရမယ်၊ ဘာတွေတော့ပါလို့မရဘူး၊ ဘယ်အချက်တွေကို လိုက်နာရမယ်၊ ဘယ်အချက်တွေ ရှောင်ကြဉ်ရမယ်ဆိုတဲ့ စံချိန်စံညွှန်းတွေရှိပါတယ်။ ဒီစံချိန်စံညွှန်းတွေက နိုင်ငံအလိုက်၊ အမျိုး အစားအလိုက်၊ စားသုံးသူရဲ့လိုအပ်ချက်အလိုက် ကွဲပြားခြားနားမှုရှိနိုင်တယ်ဆိုပေမယ့် သက်ဆိုင်ရာ သတ်မှတ်ချက်တွေကိုတော့ မဖြစ်မနေလိုက်နာပြီး ပစ္စည်းတွေထုတ်လုပ်ဖို့၊ ဝန်ဆောင်မှုတွေ ပေးနိုင်ဖို့လိုပါတယ်။

**အပြင်ပန်းအမြင်လှရဲ့လား (Feature)**

အသွင်သဏ္ဍာန်ဆိုတာ စားသုံးသူနဲ့ ပထမဆုံးထိတွေ့ရမယ့်အရာပါ။ ပစ္စည်းဘယ်လောက်ကောင်းကောင်း၊ ဝန်ဆောင်မှု ဘယ်လောက်ကောင်းကောင်း အသွင်သဏ္ဍာန်ညံ့နေရင် ဘယ်သူမှ စိတ်မဝင်စားတော့ပါဘူး။ ဒါကြောင့် အသွင်သဏ္ဍာန်ကလည်း အရည်အသွေးကို တိုင်းတာတဲ့ အရေးကြီးတဲ့ အချက်ပဲ ဖြစ်ပါတယ်။ ယနေ့ခေတ်မှာ ကုန်ပစ္စည်းတွေရဲ့အသွင်သဏ္ဍာန်ကို အတော်လေး အလေးထားဂရုစိုက်ကြတာ တွေ့ရပါတယ်။ ထုပ်ပိုးမှုကိုလည်း ဒီဇိုင်းလှလှ၊ လုံခြုံမှုရှိရှိနဲ့ ဆွဲ

စာမျက်နှာ (၂၂)သို့ ➢

# မတ်လအတွင်းဖြစ်ပေါ်ခဲ့သည့် မန္တလေးမှ မူဆယ်ကုန်စည်သယ်ယူခနှုန်းများ

၂၀၁၇ ခုနှစ် မတ်လအတွင်း မန္တလေးမှ မူဆယ်သို့ ပို့ကုန်ပစ္စည်းသယ်ခများ မတ်လပထမပတ်တွင် ဈေးမြင့်ခဲ့ပေမယ့် နောက်ဆုံးပတ်မှာ အနည်းငယ်ကျဆင်းသွားခဲ့တာ တွေ့ရပါတယ်။ သွင်းကုန်မြေဆီသယ်ယူခများမှာတော့ ဖေဖော်ဝါရီလကတည်းက တစ်ပိဿာလျှင် ၂၄ ကျပ်မှ ၂၅ ကျပ်ဖြင့် ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေတာ တွေ့ရပါတယ်။ မြန်မာ့နှစ်သစ်ကူး သင်္ကြန်ရက်ဖြစ်လို့ ပို့ကုန် ကုန်စည်သယ်ယူခ တွေ လျော့ကျသွားရတာလို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။ ပို့ကုန်ပစ္စည်း ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ကုန်ကဏန်း၊ ငါးရှဥ့်နဲ့ဖရဲ၊ သခွားကားတွေကတော့ ပုံမှန် စီးဆင်းသလို တရုတ်နိုင်ငံဘက်မှလည်း ဓာတ်မြေသြဇာ၊ ဘိလပ်မြေ၊ အိမ်ဆောက်ပစ္စည်းများ၊ စက်ဘီး၊ ဆိုင်ကယ်နဲ့ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စက္ကူစာရေးကိရိယာများကို ပုံမှန် တင်သွင်းမှုရှိပါတယ်။ မတ်လရဲ့ ကုန်စည်သယ်ယူခနှုန်းများကို အပတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်။ **မော်မော်အောင်**

| ပို့ကုန် | ၄-၃-၂၀၁၇ မှ ၁၀-၃-၂၀၁၇ အထိ | ၁၁-၃-၂၀၁၇ မှ ၁၇-၃-၂၀၁၇ အထိ | ၁၈-၃-၂၀၁၇ မှ ၂၄-၃-၂၀၁၇ အထိ | ၂၅-၃-၂၀၁၇ မှ ၃၁-၃-၂၀၁၇ အထိ |
|---|---|---|---|---|
| ပြောင်း | ၇၅ | ၇၀-၉၀ | ၇၁-၈၂ | ၇၀-၉၃ |
| ဆန် | ။ | ။ | ။ | ။ |
| ပဲတီစိမ်း | ။ | ။ | ။ | ။ |
| နှမ်း | ။ | ။ | ။ | ။ |
| ရော်ဘာ | ။ | ။ | ။ | ။ |
| သွင်းကုန်/ မြေပဲဆီ | ၂၄-၂၅ | ၂၄-၂၅ | ၂၄-၂၅ | ၂၄-၂၅ |

# ရေဦးမြို့နယ်ရှိ ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာကော်မတီတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မဟာအတာသင်္ကြန်ကာလအတွင်း ပျော်ရွှင်စွာ ဆင်နွှဲပျော်ပါးနိုင်ရေးအတွက် ဧပြီလ ၁၂ ရက်က ရေဦးမြို့ပေါ်မြို့မစည်ပင်သာယာဈေးအတွင်းနှင့် အပြင်ဈေးတန်းပတ်လည်ရှိ ဆေးဆိုင်ခုနစ်ဆိုင်၊ အောင်ဆန်း ရပ်ကွက်ရှိ ဆေးဆိုင်လေးဆိုင်၊ အောင်ချမ်းသာရပ်ကွက်ရှိ ဆေးဆိုင်လေးဆိုင်၊ ဗိုလ်အောင်ဇေယျရပ်ကွက်ရှိဆေးဆိုင်တစ်ဆိုင်နှင့် ရွှေပြည်သာရပ်ကွက်ရှိ ဆေးဆိုင်တစ်ဆိုင်၊ စုစုပေါင်း ၁၇ ဆိုင်သို့ ကွင်းဆင်းကာ မူးယစ်ဆေးများ၊ စိတ်ကြွဆေးများ၊ တားမြစ်ဆေးဝါးများ၊ ရက်လွန်ဆေးဝါးများ ရောင်းချမှုရှိ/မရှိ စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။ ယင်းကဲ့သို့ စစ်ဆေးခဲ့ရာတွင် (Promethazine) ကဲ့သို့ (Codeine) ပါဝင်သော ချောင်းဆိုးပျောက်ဆေးများ၊ (Diazepan) အုပ်စုဝင်ဆေးများ၊ (Tramadol) ကဲ့သို့သော (Opioid) အုပ်စုဝင် အကိုက်အခဲပျောက်ဆေးများကို သင်္ကြန်ကာလအတွင်း အမြောက်အများ လာရောက်ဝယ်ယူပါက ရောင်းချခြင်း မပြုကြရန် ဆေးဆိုင်ပိုင်ရှင်များအား အသိပညာပေးခဲ့ကြကြောင်း သိရှိရပါသည်။

**အောင်ညွန့်(ရေဦး)**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ



| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အေဒီဗင် | 9E | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | နွတ်ချ် (၂၀၀၃) | ယာယီ | ၂၅၀ သိန်း | 1.8 ဓာတ်ဆီ၊ ကားကောင်း |
| ၃။ | ဟိုက်အေ့ (၂၀၀၇) | 7F | ၂၇၀ သိန်း | 2.4 ဒီဇယ်၊ ကားကောင်း |
| ၄။ | ဟွန်ဒါဖစ် | 9G | ၁၅၅ သိန်း | 1.3 ဓာတ်ဆီ၊ ကားကောင်း |
| ၅။ | စူပါကပ်စတန် (၂၀၀၂) | 8I | ၁၆၀ သိန်း | 2.4 ဒီဇယ်၊ ရုပ်ပြောင်း |
| ၆။ | ဒီမီယို(၂၀၁၀) | 5F | ၁၂၅ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | ဗစ် (၂၀၀၀) | 3G | ၁၃၀ သိန်း | 1.3 ဓာတ်ဆီ |
| ၈။ | ဟိုက်ဂျက် (၂၀၀၆) | 7H | ၉၅ သိန်း | ကားကောင်း |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၁၀၅ သိန်း | ကားကောင်း |

# အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၁) လမ်း | ၆၅၀ စ/ပေ | (၄)လွှာ၊ ဟောလ်ခန်း | ၃၃၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ၊ အတွင်းလမ်း | (၁၂.၅ x ၄၅) ပေ | | ၆၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | အိမ်/ မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | (၃၀ x ၆၀) ပေ | BN (၁)ထပ်၊ အခန်းဖွဲ့ပြီး | ၂၃၅၀ သိန်း | မြေပိုပါ၊ ကားဂိုဒေါင်ပါ၊ အသင့်နေ၊ ရပ်ကွက်သန့် | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | (၃၅ x ၄၅) ပေ | RC (၁)ထပ် | ၂၅၀၀ သိန်း | လမ်းသန့်၊ အသင့်နေ | ၀၉/၂၅၀၃၇၆၃၇၉ |
| ၅။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | အဆင့်မြင့်ပြုပြင်ပြီး | ၁၆၀၀ သိန်း | တိုက်သစ်၊ လူမနေရသေး | ၀၉/၂၅၀၃၇၆၃၇၉ |
| ၆။ | လုံးချင်းအိမ် | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ | မြေ (၆၄၀၀) စ/ပေ အိမ်(၂၄၀၀) စ/ပေ | RC (၂)ထပ်၊ MB (၃)ခန်း၊ | ၂၅ သိန်း | ရေ၊ မီးကောင်း၊ အသင့်နေ၊ ဆိတ်ငြိမ်ရပ်ကွက် ၁လအငှားနှုန်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၇။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ နန်းမြိုင်လမ်းသွယ် | မြေ (၇၀၀၀) စ/ပေ အိမ် (၁၂၀၀) စ/ပေ | MB (၂) ခန်း | ၅ သိန်း | ၁လအငှားနှုန်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၈။ | မြေ | ပြင်ဦးလွင်မြို့ ညောင်နီကျေးရွာ | ၃၆၀၀ စ/ပေ | | ၃၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့ ဆင်ခေါင်းလေးကျေးရွာ | ၂၀၀၀ စ/ပေ | | ၂၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ (၂)ရပ်တို့၏ (၄/၂၀၁၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၄/၂၀၁၇) ကို ဧပြီလ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (၃) ၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်း ကော်မတီ(၂) ရပ်တို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သောင်းက အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူကို ကာကွယ်ပေးသည့် လုပ်ငန်းဖြစ်၍ ဦးစားပေးအဆင့်ခွဲခြားပြီး လုပ်ငန်းကို မှန်ကန်မြန်ဆန်အောင် ဆောင်ရွက်ရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်တွင် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ဆွေးနွေးပွဲများ ကျင်းပနိုင်မည့် အခြေအနေကို ဝိုင်းဝန်းဆွေးနွေးပေးရန် ပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ အတွင်းရေးမှူး ဦးမြင့်ချိုက ယခင်လ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ဈေး၊ ရပ်ကွက်/ကျေးရွာ ပြည်သူလူထုများနှင့် စက်မှုဇုန်များမှ စီးပွားရေးလုပ်ငန်းရှင်များအား အသိပညာပေး ဟောပြောပွဲနှင့် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည့် အခြေအနေ၊ မတ်လအတွင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များသို့ တိုင်ကြားလာမှုဖြစ်စဉ်များကို စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့်အညီ တိုင်ကြားခံရသူနှင့် စားသုံးသူနှစ်ဦးနှစ်ဖက်အကြား ပြေလည်အောင် ဖြေရှင်း ဆောင်ရွက်ပေးခဲ့မှုများကို တင်ပြဆွေးနွေးခဲ့ပါတယ်။

တက်ရောက်လာကြသည့်အဖွဲ့ဝင်များက စားသုံးသူအကာအကွယ်ပေးရေး ဖိုရမ်ကျင်းပနိုင်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူ၊ ဝယ်ယူစားသုံးသူများ စားသုံးသူ အကာအကွယ်ပေးရေးနှင့်ပတ်သက်သည့် အသိပညာ၊ ဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ဆောင်ရွက်ပေးရေး၊ ၎င်းတို့ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ လုံခြုံစိတ်ချရမှုရှိစေရန်နှင့် ဘေးဥပဒ်အန္တရာယ်ကင်းစေရန်အတွက် အာမခံချက်ပေးနိုင်မည့် အစီအစဉ်များ ချမှတ်ပေးရန် လိုအပ်မည့် အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။

**ခင်သီ (စားသုံးသူ) ရန်ကုန်**

## စာမျက်နှာ (၂၁) အရည်အသွေးဆိုတာ ・・・・・・ မှအဆက်

ဆောင်မှုရှိအောင် ဆောင်ရွက်ကြတာဟာ အသွင်သဏ္ဍာန်ကောင်းဖို့ပါပဲ၊ ဝန်ဆောင်မှုကို ဥပမာပေးရရင် ဟိုတယ်တစ်ခုကို သွားတယ်ဆိုပါစို့။ စားသုံး သူနဲ့ အခြားဝန်ဆောင်မှုက နောက်မှတွေ့ကြုံရမှာပါ။ ပထမဆုံးတွေ့ရမှာက ဧည့်ကြိုဝန်ထမ်းနဲ့ Reception ဌာနပါ။ သူတို့ရဲ့ဖော်ရွေမှု၊ ဆက်ဆံရေး ပြေပြစ်မှု၊ ကူညီဆောင်ရွက်ပေးတဲ့ ဝန်ဆောင်မှုတွေက ဒီဟိုတယ်ရဲ့First Image ပါပဲ။ ဒီနေရာမှာ တင်အဆင်မပြေဖြစ်ခဲ့ရင် အခြားဝန်ဆောင်မှုတွေ ကောင်းလည်း ဟိုတယ်ရဲ့ အရည်အသွေးကျမှာ ဖြစ်ပါတယ်။ ဒါကြောင့် အရည်အသွေးဆိုတဲ့နေရာမှာ အသွင်သဏ္ဍာန်ကိုလည်း ဂရုစိုက်နေဖို့ လိုအပ်ပါတယ်။

**စားသုံးသူကျေနပ်မှုရှိရဲ့လား (Satisfaction)**

အရည်အသွေးကို တိုင်းတာတဲ့နေရာမှာ စားသုံးသူရဲ့ကျေနပ်မှုဟာ အရေးကြီးဆုံးဖြစ်ပါ တယ်။ အရည်အသွေးရဲ့အဓိပ္ပာယ်က စားသုံးသူရဲ့ လိုအပ်ချက်၊ မျှော်လင့်ချက်ကို ဖြည့်ဆည်းနိုင်တဲ့ စွမ်းရည်လို့ အဓိပ္ပါယ်ရတယ်။ စားသုံးသူရဲ့ လိုအပ်ချက်၊ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းက စားသုံးသူကို စိတ်ကျေနပ်စေတဲ့ တစ်ခုတည်းသော အကြောင်းအရင်းလည်း ဖြစ်ပါတယ်။

စားသုံးသူက ကုန်ပစ္စည်းအပေါ်၊ ဝန်ဆောင်မှုအပေါ် ကျေနပ်စရာမရှိဘူးဆိုရင် ဝယ်ယူသုံးစွဲခြင်းရှိတော့မှာမဟုတ်ပါဘူး။ အခြားအလားတူ အစားထိုးသုံးစွဲလို့ရနိုင်တာတွေကို ပြောင်းလဲရွေးချယ်တော့မှာဖြစ်ပါတယ်။ တချို့ပစ္စည်းတွေ ရောင်းချတဲ့နေရာမှာ ဝန်ဆောင်မှုကိုပါ နောက်က လိုက်ပေးရတာမျိုးလည်း ရှိပါတယ်။ ဒီလိုကိစ္စမျိုးမှာတော့ ပစ္စည်းအရည်အသွေးကောင်းရုံမက ဝန်ဆောင်မှုကလည်း ကျေနပ်စရာ ဖြစ်ဖို့လိုပါတယ်။ မိမိလုပ်ငန်းအောင်မြင်ဖို့နဲ့ အောင်မြင်မှုကို ထိန်းသိမ်းနိုင်ဖို့ဆို စားသုံးသူရဲ့ကျေနပ်လက်ခံမှုပေါ် မူတည်နေတာဖြစ်နေတဲ့အတွက် စားသုံးသူရဲ့ ကျေနပ်မှုဟာအရည်အသွေးကို တိုင်းတာတဲ့ ပေတံတစ်ချောင်းဖြစ်ပါတယ်။ **ဆက်လက်ဖော်ပြပါမည်။**

# ပုသိမ်မြို့တွင် အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန်မြို့ရှိ ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စုမှ ကြီးမှူး၍ ဧရာဝတီ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) တို့ပူးပေါင်းပါဝင်ကာ အာဆီယံ စီးပွားရေးအသိုက်အဝန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၅ ရက်က ပုသိမ်မြို့ ပုသိမ် ဟိုတယ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စုမှ စီးပွားရေးပညာရှင်များနှင့် အကြံပေးများ၊ ပြည်သူ့လွှတ်တော် အမတ်များ၊ (ARCCI) အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်နှင့် အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသား/ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။



အခမ်းအနားတွင် ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စုမှ စီးပွားရေးပညာရှင် ဒေါက်တာမျိုးသန့်က အရှေ့တောင်အာရှနိုင်ငံများအသင်း (Association of South East Asian Nations-ASEAN) ကို ၁၉၆၇ ခုနှစ်၊ ဩဂုတ်လတွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများက လက်မှတ်ရေးထိုး စတင်ဖွဲ့စည်းခဲ့ပြီး ဘရူနိုင်းနိုင်ငံက ၁၉၈၄ ခုနှစ်၊ ဗီယက်နမ်နိုင်ငံက ၁၉၉၅ ခုနှစ်၊ မြန်မာ နိုင်ငံနှင့် လာအိုနိုင်ငံတို့က ၁၉၉၇ ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံက ၁၉၉၉ ခုနှစ်တွင် အာဆီယံအဖွဲ့သို့ ဝင်ရောက်ခဲ့ကြောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်း (Asean Economic Community - AEC) ကို ထူထောင်ရာတွင် စည်းမျဉ်းအခြေခံစနစ်များ၊ ဈေးကွက်စီးပွားရေးနှင့်အညီ အာဆီယံ စီးပွားရေး အသိုက်အဝန်းကို အကောင်အထည်ဖော်ရန်အတွက် အာဆီယံဒေသအတွင်း ကုန်စည်များ လွတ်လပ်စွာ စီးဆင်းနိုင်ရေး၊ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာလုပ်ကိုင်ခွင့်ပြုစေရန်နှင့် ယှဉ်ပြိုင် နိုင်စွမ်းအား မြင့်မားသော စီးပွားရေးဒေသ ဖြစ်ရန်အတွက် ယှဉ်ပြိုင်မှုမူဝါဒ၊ စားသုံးသူ အကာအကွယ်ပေးခြင်း၊ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကွဲပြားလျက်ရှိရာ ထိုခြားနားချက်ကို ကျဉ်းမြောင်းစေပြီး မြန်မာနိုင်ငံကို စီးပွားရေးဖွံ့ဖြိုးမျှတသောဒေသ ဖြစ်လာစေရန် အသေးစားနှင့် အလတ်စား လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားပါသည်။

ဧရာဝတီကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းများ အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က အာဆီယံစီးပွားရေး အသိုက်အဝန်းကို အကောင်အထည်ဖော်ရာတွင် အာဆီယံဒေသတွင်း ကုန်စည်များ အပြိုင်အဆိုင် ဝင်ရောက်လာမှာဖြစ်သလို မိမိနိုင်ငံမှ ကုန်စည်များကိုလည်း အခြားအဖွဲ့ဝင်နိုင်ငံများသို့ လွတ်လပ်စွာ တင်ပို့ရောင်းချနိုင်မှာဖြစ်ကြောင်း၊ မိမိနိုင်ငံမှ ထုတ်လုပ်သည့် ကုန်စည်များနှင့် အခြားနိုင်ငံများမှ ထုတ်လုပ်သောကုန်ပစ္စည်းများ ယှဉ်ပြိုင်နိုင်ရေး၊ AEC ၏ အခွင့်အလမ်း စိန်ခေါ်မှုများအတွက် ယခုကတည်းက ကြိုတင်ပြင်ဆင်ထားရမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားပါသည်။

ဆက်လက်၍ ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စုမှ စီးပွားရေးပညာရှင် အကြီးတန်းအကြံပေးနှင့် အယ်ဒီတာချုပ်တို့က ဝိုင်းဝန်းအကြံပြု ဆွေးနွေး၍ တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ဧည့်သည်တော်များက သိလိုသည်များကို မေးမြန်းခဲ့ရာ ကုမ္ပဏီမှတာဝန်ရှိသူတို့က ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ကြောင်း သိရပါသည်။

**မင်းမင်းဦး(ပုသိမ်)**

# ၂၀၁၇ ခုနှစ်မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သောကုမ္ပဏီက မျိုးသန့်စပါးများ ရောင်းချပေးလျက်ရှိ

ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီသည် ၂၀၁၇ ခုနှစ် မိုးစပါးစိုက်ပျိုးမည့် ပုသိမ်မြို့မှ တောင်သူများအား မျိုးသန့်စပါးများကို မတ်လမှ စတင်၍ ယခုအချိန်အထိ မျိုးစပါးတင်း ၁၅၀၀၀ ခန့် ရောင်းချပေးလျက်ရှိရာ မျိုးစပါးလက်ကျန် အနည်းငယ်သာရှိတော့ကြောင်း၊ ဧရာပုသိမ်ကုမ္ပဏီပိုင် စိုက်ခင်းများနှင့် ဒေသခံတောင်သူများ၏ စိုက်ခင်းများတွင် နှစ်စဉ်မျိုးသန့်စိုက်ဧက ၄၀၀ မှ ၅၀၀ ခန့် စိုက်ပျိုးနိုင်ခဲ့သော်လည်း ၂၀၁၆ မိုးစပါးရာသီမှာ စိုက်ပျိုးချိန် ရာသီဥတုအခက်အခဲကြောင့် ဧရာဝတီပေါ်ဆန်း၊ ပေါ်ဆန်းရင်ဆင်းသွယ်လတ်၊ ဧရာမင်း၊ ဆင်းသုခ၊ သီးထပ်ရင် မျိုးစပါးဧက ၁၀၀ လောက်သာစိုက်ပျိုးနိုင်ပြီး မျိုးသန့်ထုတ် တောင်သူများကိုလည်း ကုမ္ပဏီမှ မျိုးစပါး၊ စိုက်ပျိုး စရိတ်၊ သွင်းအားစုနှင့် နည်းပညာများ ပံ့ပိုးပေးလျက်ရှိကြောင်း ကုမ္ပဏီမှ သိရပါသည်။

မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးရေး ဦးစီးဌာနမှ ထုတ်လုပ်သည့် Register Seed မျိုးသန့်များကို စိုက်ပျိုးထုတ်လုပ်၍ ရရှိလာသော မျိုးသန့်များကို ဧရာပုသိမ် ကုမ္ပဏီက တောင်သူများအား ပြန်လည်ဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်ကြောင်း၊ မျိုးသန့်စပါးများကို ပုသိမ်ခရိုင်၊ ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ရေကြည်၊ ကျောင်းကုန်းမြို့နယ်များသာမက မြောင်းမြ၊ ဇလွန်၊ အင်္ဂပူ၊ ဟင်္သာတမြို့နယ် များရှိ ဒေသခံတောင်သူများကလည်း လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ ဈေးကွက်ဝင်အရည်အသွေးကောင်း သီးနှံများ စိုက်ပျိုးထုတ်လုပ်၍ တောင်သူများ ဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်ကာ ယခုလိုမျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်ကြောင်း ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောပါသည်။

**မင်းမင်းဦး(ပုသိမ်)**

## နွေရာသီတွင် မုံရွာစားကြံဈေးကွက်ဈေးကောင်းရလာ

ယခုနှစ်မုံရွာမြို့မှာ နွေရာသီစတင်ဝင်ရောက်လာတာနဲ့အမျှ ဈေးကောင်းရလာတာကတော့ ကြံဈေးကွက်ဖြစ်ပါတယ်။ ကြံ ၁၀ ချောင်းစည်းတစ်စည်း ကျပ် ၂၅၀၀ မှ ကျပ် ၃၀၀၀ အထိဈေးကောင်းရနေပါတယ်။ ကြံရည်အတွက် အသုံးပြုတဲ့ ကြံကတော့ ချက်ကြံမဟုတ်ဘဲ စားကြံ(ဝါ)လို့ သိရပါတယ်။ မုံရွာမြို့နယ်အနီးတစ်ဝိုက် ကျေးရွာများဖြစ်တဲ့ ဇလုပ်၊ လယ်ဇင်၊ သက်ကယ်ကျင်းကျေးရွာများမှ ကြံရည် အတွက် ရည်ရွယ်ပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးခဲ့ကြတာလို့ သိရပါတယ်။ တစ်ဧက ကြံပင်ရေ ၆၀၀၀ မှ ၈၀၀၀ ခန့် ထွက်ရှိသဖြင့် ကြံတစ်ပင် ကျပ် ၂၀၀ ဖြင့် တွက်ချက် ပါက တစ်ဧကကျပ် ၁၂ သိန်းမှ ၁၆ သိန်းအထိ ဝင်ငွေရရှိနေကြောင်း သိရပါတယ်။ မုံရွာမြို့မှာ ကြံရည်ဆိုင် ၂၀၀ ခန့်ရှိပြီး ခြံရှင်များက ဆိုင်အရောက် လာရောက် ရောင်းချပါတယ်။ ကြံရည်တစ်ခွက် ကျပ် ၃၀၀ ရှိပြီး ကြံရည်က နွေရာသီအစားအသောက်တစ်မျိုးဖြစ်တဲ့အတွက် နွေရာသီတစ်ခုလုံး အရောင်းသွက်တယ်လို့ ကြံရည်ဆိုင်ရှင်တစ်ဦးက ပြောပါတယ်။ **အောင်မင်း (တန့်ဆည်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၂၄-၄-၂၀၁၇ မှ ၃၀-၄-၂၀၁၇ ရက်နေ့ထိ
ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းအခြေအနေတိုးတက်ကာဝင်ငွေကောင်းမည်။ အထည်၊ အသုံးအဆောင်လက်ဆောင်ရတတ်သည်။ လူမျိုးခြား၊ ဘာသာခြားများနှင့်စပ်တူလုပ်ကိုင်ရတတ်မည်။ ငယ်ပေါင်းမိတ်ဆွေသူငယ်ချင်းများနှင့်တွေ့ရမည်။ ချစ်ခင်သူများနှင့်အဆင်မပြေဖြစ်တတ်မည်။ လက်အောက်ငယ်သားများနှင့် အဆင်မပြေဖြစ်မည်။ စက်ပစ္စည်းအသစ်ဝင်မည်။ ရာထူးတိုးခြင်း၊ နိုင်ငံခြားသွားရခြင်းများရှိမည်။ မင်္ဂလာကိစ္စကြားရမည်။ ကျန်းမာရေးအနည်းငယ်ညံ့မည်။ အဆုတ်ရောင်ရောဂါ၊ ရင်ကျပ်ရောဂါများဖြစ်ပွားတတ်မည်။ **ယတြာ။ ။ကလေးများကို ကိတ်မုန့်ဝယ်ကျွေးလိုက်ပါ။**



**တနင်္လာသားသမီးများအတွက်** စိတ်ပင်ပန်းခြင်းများဖြစ်မည်။ ခေါင်းအေးအေးထားပြီး တိုင်ပင်ပါ။ အိမ်၊ နေရာ ထိုင်ခင်းအပြောင်းအရွှေ့၊ အလုပ်ကိစ္စများအတွက် ပူပန်ရမည်။ ဆောက်လုပ်ရေး၊ ဆန်၊ ဆီ၊ ဆား၊ အင်္ဂါနံပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းများ အဆင် ပြေမည်။ ငွေကြေးရင်းနှီးမြှုပ်နှံမှုအရမ်းမလုပ်သင့်သေးပါ။ အလုပ်ပြောင်းပါက ကောင်းပါမည်။ ဝန်ထမ်းဖြစ်ပါက ခရီးသွားရတတ်သည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်မည်။ ကျန်းမာရေး ခေါင်းကိုက်၊ ခေါင်းမူး၊ မျက်စိအောင့်ရောဂါ၊ သွေးတိုးခြင်းများဖြစ်တတ်မည်။

**ယတြာ။ ။ဘုရားမှာ ဦးခေါင်းတော်ကို ရွှေသင်္ကန်း ကပ်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** ငွေကြေးအဆင်ပြေမည်။ အလုပ်အကိုင်အခွင့်အလမ်းကောင်းများပေါ်မည်။ လက်ရှိအလုပ်များမှ လုပ်ငန်းထပ်မံတိုးချဲ့ရခြင်းများရှိမည်။ ကံတရားက အထောက်အပံ့ပေးမည့်ကာလဖြစ်မည်။ စပ်တူရှယ်ယာကိစ္စများ မလုပ်သင့်ပါ။ ကိုယ့်အပေါ် မကောင်းလိုစိတ်ပြင်းပြသောသူများနှင့် တွေ့ကြုံရတတ်မည်။ ပြည်တွင်းပြည်ပခရီးများ သွားရန် ကိစ္စမရေမရာဖြစ်တတ်မည်။ ဆုံးရှုံးသွားသော ရွှေ ငွေပစ္စည်းများ ပြန်ရမည်။ ကျန်းမာရေး ဆီး၊ ဝမ်းဗိုက်နှင့်ပတ်သက်သောရောဂါရတတ်မည်။ အစာမှားဆေးမှားဖြစ်တတ်မည်။

**ယတြာ။ ။ လိမ္မော်သီးဘုရားမှာလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မထင်မှတ်သော ကံကောင်းခြင်းများနှင့်ကြုံတွေ့ရမည်။ အောက်လက်ငယ်သားများကြောင့် စိတ်ရှုပ်ထွေးရမည်။ လုပ်ဖော်ကိုင်ဖက်နှင့်စကားပြော အဆင်မပြေဖြစ်တတ်မည်။ အလျှုမင်္ဂလာ၊ မြေယာကိစ္စ၊ စက်ပစ္စည်းရောင်းဝယ်ရေးများ အဆင်ပြေမည်။ လုပ်ငန်းသစ်လုပ်ကိုင်လျှင် ကောင်းမည်။ အရောင်းအဝယ်ကိစ္စများတွင် တော့လွဲဖြစ်နေတတ်ပါသည်။ ငွေကိစ္စလက်လွှန်တတ်မည်။ အိမ်ထောင်ပရိဘောဂများ ဝင်တတ်မည်။ ကျန်းမာရေး ရင်ဘတ်အောင့်ခြင်း၊ ရင်ထဲတင်းကြပ်ခြင်း၊ ဝမ်းနည်းသလို ဟာတာတာဖြစ်ခြင်း၊ အပူလွန်ရောဂါများ ဖြစ်တတ်ပါသည်။

**ယတြာ။ ။အုန်းထမင်းကို ဘုရားမှာဆွမ်းကပ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ဘာသာရေးများများလုပ်သင့်သည်။ ဆွေမျိုးသားချင်းများနှင့် အဆင်မပြေတတ်ပါ။ အောက်လက်ငယ်သား၊ ရွှေ၊ အထည်၊ ထီးစတဲ့ပစ္စည်းများ အဆင်မပြေတတ်ပါ။ ဘာသာရေးအလုပ်၊ ပညာရေးအလုပ်၊ ခရီးသွားလုပ်ငန်း၊ နိုင်ငံခြားကိစ္စနှင့်စပ်ဆိုင်သောလုပ်ငန်းများ အထူးကောင်းမွန်မည်။ မြေ၊ အိမ်ဝင်မည်။ အင်္ဂါနံနှင့် ကြာသပတေးနံပါသော အလုပ်များအကျိုးပေးမည်။ ငွေရကံကောင်းမည်။ ကျန်းမာရေး လေနှင့် ပတ်သက်သောရောဂါများ၊ ဒူးနာရောဂါများဖြစ်တတ်မည်။ အဖြူရောင်၊ အဝါရောင်တွေက ကံကောင်းစေပါသည်။ **ယတြာ။ ။ရွှေထီးတစ်လက်လှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** အကျိုးပေးကောင်းပြီး ကံဇာတာပွင့်လန်းနေပါလိမ့်မည်။ လုပ်ငန်းစီးပွားတွေကို အရှိန်မြှင့်ပြီး လုပ်ဆောင်သင့်သည်။ အလုပ်သစ်၊ နေရာသစ် လုပ်ကိုင်လျှင်ကောင်းပါမည်။ စိတ်ထဲ ဖျတ်ကနဲအကြံပေါ်ပါက ဆတ်ကနဲ လုပ်သင့်ပါသည်။ ရပ်ဝေးပြည်ပခရီးကောင်းတွေ့ကြုံမည်။ ရပ်ဝေးကကူညီစောင့်ရှောက်မှုများရရှိမည်။ အိုးအိမ်သစ်၊ မြေယာသစ်များ ပိုင်ဆိုင်ရမည်။ သောကြာနံလုပ်ငန်းများ၊ အင်္ဂါနံ လုပ်ငန်းများ အကျိုးပေးမည်။ ကျန်းမာရေး၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ခြေဆစ် လက်ဆစ်ကိုက်သောရောဂါများ ဖြစ်တတ်မည်။ **ယတြာ။ ။ဘုရားမှာ ဆီမီးထွန်းလှူဒါန်းပါ။**



**စနေသားသမီးများအတွက်** မကောင်းသော ကိစ္စရပ်များပျောက်ကင်းပြီးချမ်းသာခြင်းများ ကြုံတွေ့ရမည်။ ခက်ခဲသောကိစ္စရပ်များ လုံးဝမရှိတော့ဘဲ အကျိုးပေးကောင်းခြင်းကြုံမည်။ လက်ရှိလုပ်ကိုင်လျက်ရှိသော လုပ်ငန်းများတိုးတက်မည်။ လုပ်ငန်းချဲ့ထွင်ရခြင်းများမှ အောင်မြင်မှုရရှိမည်။ တွင်းထွက်ပစ္စည်းများမှ အကျိုးများမည်။ ခရီးသွားလာခြင်းလုပ်ငန်းများမှ အကျိုးအမြတ် များမည်။ မိသားစုအဆင်ပြေမည်။ ဗုဒ္ဓဟူးနံလုပ်ငန်း၊ တနင်္ဂနွေနံလုပ်ငန်းများ အကျိုး ပေးမည်။ ကျန်းမာရေး၊ ခါးနာရောဂါ၊ အကြောရောဂါများဖြစ်တတ်မည်။ **ယတြာ။ ။ထီးအဖြူကို မွေးနံဒေါင့်တွင် လှူဒါန်းပါ။**

# ပွင့်လင်းရာသီ ပုသိမ်ထီး ဈေးကွက် ပြည်တွင်း၊ ပြည်ပ အရောင်းအဝယ် သွက်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ပေါ်ရှိ ပုသိမ်ထီးဈေးကွက်မှာ ပွင့်လင်းရာသီ၌ ပို၍အရောင်းအဝယ်သွယ်လျက်ရှိကြောင်း၊ ပင်လယ်ကမ်းခြေဒေသများဖြစ်သော ချောင်းသာ/ငွေဆောင်သို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအနက် ပြည်ပနိုင်ငံသားများမှာ ပုသိမ်ထီးလုပ်ငန်းကို နေ့စဉ်နီးပါး လာရောက်လေ့လာ ဝယ်ယူလျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်မှာ ရန်ကုန် ၊ မန္တလေး၊ ပုဂံ၊ ညောင်ဦး၊ တောင်ကြီး၊ အင်းလေး၊ မော်လမြိုင် မြို့ကြီးများအပြင် ရှင်ပြုမင်္ဂလာပွဲများ၊ ဖျော်ဖြေရေး အခမ်းအနားများ၊ မင်္ဂလာဆောင်များတွင် လက်ဆောင်အဖြစ်ပြန်လည်ပေးအပ်၍ ခရီးသွားကုမ္ပဏီများက ကုမ္ပဏီ Logo တံဆိပ်များ အော်ဒါပြုလုပ်ပေးရပြီး စားသောက်ဆိုင်များတွင် ပုသိမ်ထီးများနှင့် အလှဆင်ပေးရခြင်း၊ ပင်လယ်ကမ်းခြေနှင့် ဟိုတယ်များတွင် အလှဆင်ရာ၌ ဝယ်ယူလျက်ရှိကြောင်း ဈေးကွက်မှသိရပါသည်။

ပြည်ပဈေးကွက်တွင် ဥရောပနိုင်ငံများဖြစ်သော အီတလီ၊ ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်နှင့် အမေရိကန် နိုင်ငံတို့က နှစ်စဉ် ဝယ်ယူလျက်ရှိပြီး ယခုအခါတွင် နယ်သာလန်၊ ဒိန်းမတ်၊ ရုရှား၊ စလိုဗက်ကီးယားနှင့် အခြားနိုင်ငံများကလည်း လာရောက်ဝယ်ယူလျက်ရှိပြီး ဈေးကွက်တွင် အဓိက ရောင်းချလျက်ရှိသော မိုးရေခံထီး ၄ လက်မမှ ၁၀ လက်မအထိကို ဈေးနှုန်းမှာ ၃၀၀၀ ကျပ်မှ တစ်သိန်းကျော်အထိ ထီးအရွယ် အစားအလိုက် ဈေးနှုန်းကွာခြားမှုရှိကြောင်း၊ ထီးတစ်ချောင်းလုံးကိုဝါး၊ သစ်၊ ပိတ်စများ အသုံးပြုလျက် လက်ဖြင့်သာ ပြုလုပ်၍ ထီးပေါ်တွင် မြန်မာ့လက်မှု အနုပညာကို ပုံဖော်ထားသော ကနုတ်ပန်းချီဖြင့် ရှုခင်းပုံအမျိုးမျိုးကို ရေးခေတ်လက်ရာနှင့် ခေတ်ပေါ် ပန်းချီလက်ရာနှင့် ခေတ်ပေါ် ပန်းချီရေးဆွဲထားကြောင်း၊ ထို့ကြောင့် ပြည်ပနိုင်ငံသားများက အလွန်ကြိုက်နှစ်သက်မှုရှိပြီး မြန်မာ့ရိုးရာအစစ် ဖြစ်သည့်အတွက် တန်ဖိုးထားဝယ်ယူလျက်ရှိကြောင်း၊ ပုသိမ်မြို့၊ တောရကျောင်းလမ်း၊ ရွှေစာထီး လုပ်ငန်းရှင် ဦးအောင်နိုင်က ပြောပါသည်။

**မြစိန်(ပသ)**

# တရုတ်နိုင်ငံသို့ သရက်သီးများ စတင်တင်ပို့

သင်္ကြန်ကာလဖြစ်တဲ့ ဧပြီ ၈ ရက် မှ ၁၄ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၄ သန်း တန်ဖိုးရှိ သရက်သီး တန် ၆၆၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စိန်တစ်လုံး သရက်သီး အများ ဆုံးထွက်ရှိတဲ့ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း တန်ချိန် ၂၅၀၀ မှ ၃၀၀၀ ကြားထွက်ရှိနေပြီး ယင်းတို့ကို မူဆယ်(၁၀၅) မိုင်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေကြောင်း သရက်စိုက်တောင်သူများက ပြောပါတယ်။ မြန်မာ နိုင်ငံတွင် သရက်စိုက် ဧကခုနစ်သောင်းကျော်ရှိပြီး စိန်တစ်လုံး သရက် တစ်ဧက စိုက်တဲ့ခြံက တစ်နှစ်ကို ပျမ်းမျှ တစ်တန်ခွဲထွက်သလို ရင်ကွဲသရက် တစ်ဧကစိုက်ခင်းကတော့ တစ်နှစ်ကို ပျမ်းမျှ သုံးတန်လောက် ထွက်ရှိတယ်လို့ သိရ ပါတယ်။

**မော်မော်အောင်**

# ဈေးသက်သာသည့် ပြည်တွင်းထွက်ဗီယက်နမ်ဆန်ထက် ဈေးကြီးသည့် ပြည်ပဆန်များကို စားသုံးရန် ဗီယက်နမ်ပြည်သူများ ပိုမိုနှစ်သက်လာ

ဗီယက်နမ်ပြည်သူအများစုသည် ယခုအခါ ဈေးသက်သာသည့် ဗီယက်နမ်တန်းနိမ့်ဆန်များကို စားသုံးလိုခြင်း မရှိဘဲ ထိုင်းနိုင်ငံ သို့မဟုတ် ဂျပန်နိုင်ငံမှတင်သွင်းသည့် အရသာရှိသောဆန်များကို ဈေးပိုပေး၍ ဝယ်ယူစားသုံးရန် ဆန္ဒရှိကြောင်း ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာအသင်း၏ ဒါရိုက်တာဖြစ်သူ Nguyen Do Anh Tuan က သုံးသပ်ထားသည်။

ဗီယက်နမ်တန်းနိမ့်ဆန်များမှာ ပြည်တွင်းစားသုံးရန်အတွက် မဟုတ်ဘဲ ပြည်ပသို့တင်ပို့ရန်အတွက်သာ ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် လူတို့စားသုံးရန်အတွက်ဆန်ကို ပြည်ပသို့တင်ပို့လျက်ရှိကြောင်း၊ အဆိုပါ ဆန်များကို ဖွဲနုဆီ၊ rice milk ၊ အလှကုန်ပစ္စည်း ထုတ်လုပ်ရာတွင် လည်းကောင်း၊ ပြုပြင်ထားသည့် တိရစ္ဆာန်အစာအဖြစ် လည်းကောင်း အသုံးပြုနိုင်ကြောင်း Tuan က ပြောကြားခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ဆန်တင်ပို့နိုင်သလောက်များများတင်ပို့သွားရန် ကြိုးပမ်းလျက်ရှိသော်လည်း ဆန်အရည်အသွေး တိုးတက်ကောင်းမွန်အောင်ဆောင် ရွက်နိုင်ခြင်းမရှိသေးကြောင်း၊ နိုင်ငံအနေဖြင့် တန်းနိမ့်ဆန်များကိုသာ ပြည်ပသို့ အများဆုံးတင်ပို့လျက်ရှိပြီး တရုတ်ဈေးကွက်ကို အားထားနေရကြောင်း ဖော်ပြထားသည်။

ယခင်နှစ်များစွာက ကြုံတွေ့ခဲ့ရသည့် အစားအစာလိုအပ်မှုပြဿနာများမှာ ဗီယက်နမ်နိုင်ငံအတွက် ဒဏ်ရာဒဏ်ချက်အဖြစ် ကျန်ခဲ့ကြောင်း၊ နိုင်ငံအနေဖြင့် အစားအစာပြတ်လပ်မှုရှိခဲ့သည့် ယခင်နှစ်များတွင်သာမက နှစ်စဉ် ပြည်ပသို့ ဆန်တန်ချိန် သန်းပေါင်းများစွာ တင်ပို့နေသည့် ယခုအချိန်ကာလများတွင်ပါ ဆန်ကို စိုက်ပျိုးထွက်ရှိနိုင်သမျှ အထွက်နှုန်း တိုးတက်အောင် ကြိုးစားလျက်ရှိကြောင်း စီးပွားရေးပညာရှင် ဖန်ချီလန် က သုံးသပ်ထားသည်။

ဗီယက်နမ် မူဝါဒချမှတ်သူများအနေဖြင့် ဆန်အထွက်နှုန်းနှင့် ပြည်ပသို့ ဆန်တင်ပို့မှုဆိုင်ရာ ကိစ္စရပ်များအတွက် မူဝါဒသစ်တစ်ရပ် ချမှတ်ရန်လိုကြောင်း လန်က အလေးထားပြောဆိုခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ဆန်အထွက်နှုန်း မြှင့်တင်ရန်နှင့် ဈေးနည်းသည့် တန်းနိမ့်ဆန် ထွက်ရှိရေးကိုသာ အလေးထားဆောင်ရွက်နေပြီး၊ ဗီယက်နမ်လူမျိုး အများစုမှာ အရည်အသွေးမြင့်မားသည့် ဆန်ကိုသာ စားသုံးလိုကြောင်း၊ ၎င်းတို့အနေဖြင့် ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အရသာကောင်းမွန်သည့် အရည်အသွေးမြင့်ဆန်များကို ဈေးပိုပေး၍ ဝယ်ယူစားသုံးရခြင်းကို နှစ်ခြိုက်လျက်ရှိကြောင်းဖော်ပြထားသည်။

ဗီယက်နမ် ပြည်သူများ၏ဝင်ငွေ မြင့်မားလာသဖြင့် အရည်အသွေးမြင့်ဆန်များကို ဝယ်ယူစားသုံးလိုကြကြောင်း လေ့လာဆန်းစစ်သူများက သုံးသပ်ထားကြသည်။

ဗီယက်နမ်နိုင်ငံသည် ဆန်ထွက်ရှိသည့်နိုင်ငံဖြစ်သော်လည်း ကမ္ဘောဒီးယား၊ ထိုင်း၊ ဂျပန်နှင့် တရုတ်(တိုင်ပေ)တို့မှ ဆန် တင်သွင်းလျက်ရှိသည်။ ထိုင်းနိုင်ငံသည် နှစ်စဉ် ဆန်မွှေး တန်ချိန် ၁၂ သန်း ပုံမှန်ထွက်ရှိပြီး၊ ဆန်တန်ချိန် ၈ သန်းကို ပြည်ပသို့ တင်ပို့လျက်ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သက်ဆိုင်သည့် မျိုးရိုးဗီဇဆိုင်ရာ အဖွဲ့အစည်း၏ ညွှန်ကြားရေးမှူးဟောင်းဖြစ်သူ Tran Duy Quy က ပြောကြားခဲ့သည်။

**စန္ဒာထွန်း(TTI)**



## မြို့ကြီးများ၏ ၂၄-၄-၂၀၁၇ မှ ၂၈-၄-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၄-၄-၂၀၁၇) | အင်္ဂါ(၂၅-၄-၂၀၁၇) | ဗုဒ္ဓဟူး(၂၆-၄-၂၀၁၇) | ကြာသပတေး(၂၇-၄-၂၀၁၇) | သောကြာ(၂၈-၄-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၇°C/၉၈°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F |
| မန္တလေးမြို့ | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F |
| မြစ်ကြီးနား | ၁၀၀% ၂၄°C/၇၆°F | ၈၀% ၂၆°C/၇၉°F | ၄၀% ၂၉°C/၈၄°F | ၄၀% ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F |
| လားရှိုး | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F |
| ကျိုင်းတုံ | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၇°F |
| လွိုင်ကော် | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| တောင်ကြီး | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F |
| မော်လမြိုင် | နေသာ ၃၃°C/၉၁°F | ၄၀% ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | ၄၀% ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F |
| ဘားအံ | ၄၀% ၃၄°C/၉၄°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| တောင်ငူ | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F |
| မုံရွာ | နေသာ ၃၆°C/၉၇°F | ၄၀% ၃၆°C/၉၇°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F |
| ပုသိမ် | နေသာ ၃၅°C/၉၅°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F |
| မြိတ် | ၄၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | ၆၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F |
| စစ်တွေ | ၅၀% ၃၀°C/၈၆°F | ၅၀% ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F |
| မကွေး | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၈°C/၁၀၀°F |
| ဖလမ်း | ၆၀% ၂၃°C/၇၄°F | ၆၀% ၂၄°C/၇၆°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F | နေသာ ၂၈°C/၈၂°F | ၃၀% ၂၈°C/၈၂°F |

## ရေလွှမ်းမိုးမှုများဖြစ်ပွားပြီးနောက် နယူးဇီလန်နိုင်ငံတွင် ဟင်းသီးဟင်းရွက်များ၏ ဈေးနှုန်းများ အဆမတန်မြင့်တက်

နယူးဇီလန်နိုင်ငံတွင် မတ်လနှင့် ဧပြီလအတွင်း မုန်တိုင်းသုံးကြိမ်တိုက်ခတ်ခဲ့မှုများကြောင့် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။

ယင်းကဲ့သို့ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ဟင်းသီးဟင်းရွက်များ၏ ဈေးနှုန်းများ အဆမတန် မြင့်တက်ခဲ့ကြောင်း နယူးဇီလန်သတင်းတွင် ဖော်ပြထားသည်။

မုန်တိုင်းသုံးကြိမ်တိုက်ခတ်ခဲ့မှုကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သဖြင့် ကောက်ပဲသီးနှံများအားလုံး ရေနစ်မြုပ်ကာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ ရှားပါးခဲ့ပြီး ဈေးနှုန်းများမှာ ဒုံးကျည်ပစ်လွှတ်သကဲ့သို့ အဆမတန်မြင့်တက်ခဲ့သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

နိုင်ငံတစ်ဝန်းလုံးရှိ စူပါမားကက်များတွင် လတ်ဆတ်သည့် သားငါးဟင်းသီးဟင်းရွက်များကို ရောင်းချနိုင်ခြင်း မရှိတော့သည့်အပြင် ရောင်းချနေသည့် သားငါးနှင့် ဟင်းသီးဟင်းရွက်များမှာလည်း ဈေးနှုန်းများမြင့်တက်နေကြောင်း စားသောက်ကုန်ဆိုင်ရာ ဝန်ထမ်းတစ်ဦးဖြစ်သူက ပြောကြားခဲ့သည်။

အထူးသဖြင့် အာလူးနှင့် ကြက်သွန်နီတို့၏ ဈေးနှုန်းများမှာ ထင်မှတ်မထားသည့် ဈေးနှုန်းများဖြင့် ရောင်းချနေကြသည်ကို တွေ့ကြရသည်ဟု ဆိုသည်။

နယူးဇီလန်နိုင်ငံတွင် မတ်လနှင့် ဧပြီလအတွင်း ဆိုင်ကလုန်းမုန်တိုင်း ဒက်ဘီနှင့်ကွတ်ခ်တို့ ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် နိုင်ငံတစ်ဝန်းလုံး အဆိုပါမုန်တိုင်း၏အကျိုးသက်ရောက်မှုကို ခံစားခဲ့ကြရသည်။

ထို့ပြင် မတ်လနှင့်ဧပြီလတို့သည် နယူးဇီလန်နိုင်ငံတွင် ဟင်းသီးဟင်းရွက်များ ဆွတ်ခူးချိန်ဖြစ်ကြောင်း၊ အထူးသဖြင့် ပန်းဂေါ်ဖီများ ဆွတ်ခူးရမည့်အချိန်တွင် ယခုကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် စိုက်ခင်းများအားလုံး ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ရေပြန်ကျသွားသော်လည်း စိုက်ခင်းများတွင် ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် အချိန်အတန်ကြာယူရဦးမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့သော ဖြစ်ရပ်မျိုးသည် နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံးသော အခြေအနေပင်ဖြစ်ကြောင်း၊ အောက်ကလန်းဈေးမှ ဥယျာဉ်ခြံစိုက်ပျိုးသူ ဖေးဂေ့ါက ပြောကြားခဲ့သည်။

**မယ်သီတာ**



## ကိုလံဘီယာနိုင်ငံတွင် မြေပြိုကျမှုများကြောင့် နှစ်ပတ်အတွင်း လူ ၁၇ ဦး သေဆုံး

ကိုလံဘီယာနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် မြေပြိုမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ နှစ်ပတ်အတွင်း လူ ၁၇ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဧပြီလဆန်းပိုင်းကတည်းက မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၃၀၀ ကျော် သေဆုံးခဲ့ရသည်။

ရေလွှမ်းမိုးမှု ဖြစ်ပွားပြီးနောက် မြေပြိုမှုများ နှစ်ပတ်ဆက်တိုက် ဖြစ်ပေါ်လျက်ရှိရာ လူပေါင်း ၁၇ ဦး သေဆုံးခဲ့ရပြီး ၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ပျောက်ဆုံးနေသူများလည်း ရှိနေကြောင်း သတင်းများက ဖော်ပြထားသည်။

ကိုလံဘီယာနိုင်ငံ အလယ်ပိုင်းရှိ မြို့တော်တစ်ခုဖြစ်သည့် မန်နီဆာလေ့မြို့တော်တစ်ခုတည်းတွင် မြေပြိုမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ထို့ပြင် ပူတူမာယိုပြည်နယ် တောင်ပိုင်းရှိ မိုကို့အာမြို့တွင်လည်း ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပြီး မြေပြိုမှုများ ဖြစ်ပေါ်လျက်ရှိသည်ဟုဆိုသည်။

ကိုလံဘီယာနိုင်ငံသမ္မတ ဂျူအန်မန်နျူရယ်ဆန်းတို့စ်သည် အဆိုပါမြေပြိုကျသည့် နေရာများသို့ ရောက်ရှိလာခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား အမြန်ဆုံးပေးပို့သွားမည်ဖြစ်ကြောင်း ပြောကြား ခဲ့သည်။

သမ္မတဆန်းတို့စ်က မြေပြိုမှုများကြောင့် သေဆုံးသူ အရေအတွက် တိုးလာနိုင်ကြောင်း၊ ပျောက်ဆုံးနေသူများကိုလည်း အမြန်ဆုံးရှာဖွေတွေ့ရှိအောင် လုပ်ဆောင်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် မန်နီဆာလေ့စ်မြို့တော်ဝန် ဂျိုစေကာဒိုနာက “မန်နီဆာလေ့စ် မြို့တော်ဟာ မြေပြိုကျမှုတွေ၊ ကျောက်ဆောင်ကျောက်တုံးတွေ ပြိုကျခဲ့တာတွေကြောင့် လမ်းပန်းဆက်သွယ်ရေးတွေအားလုံး ပြတ်တောက်ခဲ့ပါတယ်”ဟု ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့သည်။

မန်နီဆာလေ့စ်မြို့တော် အပါအဝင် အနီးတစ်ဝိုက်ဒေသများအား သဘာဝဘေးအန္တရာယ်ကျရောက်နေသည့်ဇုန်အဖြစ် သတ်မှတ်ခဲ့ပြီး အရေးပေါ် အကူအညီများ ပေးအပ်ကြရန် နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးအား တောင်းဆိုထားကြောင်း မြို့တော်ဝန်က ဆက်လက်ပြောကြားခဲ့သည်။

**မယ်သီတာ**

# အိန္ဒိယနိုင်ငံအစိုးရက လက်ရှိ ခွင့်ပြုပေးလျက်ရှိသော ဗီဇာအမျိုးအစားများနှင့် စီးပွားရေး ဗီဇာ၊ အလုပ်အကိုင်ဗီဇာနှင့် Entry ဗီဇာဆိုင်ရာမူဝါဒများ

ယခင်တစ်ပတ်မှအဆက်

ယဉ်ယဉ်နွယ် (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့)

**စီးပွားရေးဗီဇာ (Business Visa -B)**

ကုန်ပစ္စည်းရောင်းချမှုများ၊ အိန္ဒိယနိုင်ငံပြည်ပရှိ ကုမ္ပဏီကိုယ်စား အဆက်အသွယ် ချိတ်ဆက်ရန် စသည့်ကိစ္စများအတွက် အိန္ဒိယနိုင်ငံသို့ စီးပွားရေးနှင့်စပ်လျဉ်း၍ ခရီးလာရောက်သူများအား စီးပွားရေးဗီဇာ (Business Visa -B) ခွင့်ပြုပေးလေ့ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးဗီဇာရရှိရန်အတွက် လျှောက်ထားသူသည် အောက်ဖော်ပြပါ အခြေအနေများနှင့်ကိုက်ညီရမည်ဖြစ်ကြောင်း သိရှိရပါသည်-

* လျှောက်ထားသူသည် ဘဏ္ဍာရေး အခြေအနေတောင့်တင်းရမည်ဖြစ်ပြီး ရည်ရွယ်ထားသော/ဖော်ပြထားသော စီးပွားရေးလုပ်ငန်း နယ်ပယ်၌ ကုမ္ပဏီ/လုပ်ငန်းရှိသူ ဖြစ်ရမည်၊

* လျှောက်ထားသူသည် အိန္ဒိယနိုင်ငံတွင် ငွေတိုးချေးသည့် လုပ်ငန်း(သို့မဟုတ်) အသေးစားကုန်သွယ်မှု လုပ်ငန်း(သို့မဟုတ်) လစာငွေ ရရှိသည့်လုပ်ငန်းအပါအဝင် အချိန်ပြည့် အလုပ်လုပ်ကိုင်ရန်အတွက် လာရောက်ခြင်း မဖြစ်စေရ။

*လျှောက်ထားသူသည် အခြား လိုက်နာရန် လိုအပ်သည်များနှင့် အတူ အခွန်ပေးဆောင်ရန်ကဲ့သို့သော တာဝန်များကိုလည်း ကျေပွန်စွာ လိုက်နာရမည်။

* အိန္ဒိယအစိုးရက ပြည်ပနိုင်ငံနှင့် အပြန်အလှန် အလေးထားမှုများကိုအခြေခံကာ အချိန်နှင့်တစ်ပြေးညီ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များအပေါ် မူတည်၍ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပြည်ဝင်ခွင့်ဗီဇာကို ခွင့်ပြုမည်ဖြစ်ကြောင်း သိရပါသည်။

**စီးပွားရေးဗီဇာခွင့်ပြုပေးခြင်း**

အိန္ဒိယနိုင်ငံတွင် စက်မှုလုပ်ငန်း/စီးပွားရေးလုပ်ငန်းတည်ထောင်ရန်(သို့မဟုတ်) စက်မှုပစ္စည်း/ထုတ်ကုန်ပစ္စည်း ဝယ်ယူရန်/ရောင်းချရန် တို့အတွက် လုပ်ငန်းရှင်များ၏ လိုအပ်ချက်အပေါ်မူတည်၍ နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းရှင်များအတွက် အိန္ဒိယသံရုံး/ကောင်စစ်ဝန်ရုံးတို့သည် ငါးနှစ်နှင့် အောက်သက်တမ်းရှိ စီးပွားရေးဗီဇာကို ခွင့်ပြုပေးနိုင်ပါသည်။ ဗီဇာလျှောက်ထားသူမှာ ပြင်းပြသည့်ဆန္ဒရှိပါက သံရုံး/ ကောင်စစ်ဝန် ရုံးတို့မှ ခွင့်ပြုထားသည့် စီးပွားရေးဗီဇာ သက်တမ်းအား အိန္ဒိယနိုင်ငံအတွင်း၌ ထပ်မံသက်တမ်းတိုးခွင့်ပြုထားကြောင်း သိရှိရပါသည်။

စီးပွားရေး ဗီဇာကိုင်ဆောင်သူအနေဖြင့် အိန္ဒိယနိုင်ငံအတွင်း တစ်ကြိမ်ဝင်ရောက်ပါက အများဆုံး ခြောက်လအထိသာ နေထိုင်နိုင်ပြီး၊ ဗီဇာသက်တမ်းကာလအတွင်း အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုထားကြောင်း သိရပါသည်။

အိန္ဒိယနိုင်ငံအတွင်း ပြည်တွင်း အစိုးရ/လုပ်ငန်းရှင်တစ်ဦးနှင့် ဖက်စပ်လုပ်ငန်း တည်ထောင်ထားသူ/တည်ထောင်ရန် ဆောင်ရွက်နေသည့် နိုင်ငံခြားသားစီးပွားရေး လုပ်ငန်းရှင်များအတွက်မူ အကြိမ်ကြိမ် ပြည်ဝင်ခွင့်ဖြင့် ၁၀ နှစ်သက်တမ်းအများဆုံးရှိ စီးပွားရေးဗီဇာကို ခွင့်ပြုပေးနိုင်ကြောင်း သိရပါသည်။

**ဝင်ပေါက်/ဂိတ်ပေါက်**

နိုင်ငံခြားသား ဗီဇာကိုင်ဆောင်သည့် ခရီးသည်များအတွက် ခွင့်ပြုထားသည့် မည်သည့်လေဆိပ်/သင်္ဘောဆိပ်မှမဆို စီးပွားရေးဗီဇာရရှိထားသူများအား ဝင်ရောက်ခွင့်ပြုထားကြောင်း သိရှိရပါသည်။

**စီးပွားရေးလုပ်ငန်းဆိုင်ရာ ပြည်ဝင်ခွင့် ဗီဇာကြေး**

စီးပွားရေးပြည်ဝင်ခွင့် ဗီဇာကြေးမှာ နိုင်ငံအလိုက် သံရုံးများအပေါ် မူတည်၍ ကွဲပြားမှုရှိပြီး ယင်းဗီဇာကြေးမှာ ဗီဇာခွင့်ပြုသည့် သက်တမ်း(၁ နှစ်၊ ၅ နှစ်၊ ၁၀ နှစ်) တို့အပေါ် အခြေခံ၍လည်း တွက်ချက်ကောက်ခံကြောင်း သိရှိရပါသည်။

**စီးပွားရေးဗီဇာအတွက် လိုအပ်သည့် စာရွက်စာတမ်းများ**

စီးပွားရေးဗီဇာလျှောက်ထားရန်အတွက် အောက်ပါစာရွက်စာတမ်းများ တင်ပြရန် လိုအပ်ကြောင်း သိရှိရပါသည်-

* (၆)လ သက်တမ်းရှိ ပတ်(စ်)ပို့မူရင်း

* ပတ်စ်ပို့မိတ္တူ

* ပတ်စ်ပို့အရွယ်အစားဓာတ်ပုံများ

* အွန်လိုင်းမှတစ်ဆင့် အချက်အလက်များ ဖြည့်စွက်ထားသော လျှောက်လွှာပုံစံ

* အာမခံပေးသည့်စာများ( အိန္ဒိယ နိုင်ငံအတွင်းရှိ အဖွဲ့အစည်းနှင့် ပြည်ပရှိကုမ္ပဏီ ရုံးချုပ်)

* ရည်ရွယ်ထားသည့် လုပ်ငန်းနယ်ပယ်၌ ကုမ္ပဏီ/ လုပ်ငန်းအထောက်အထားနှင့် ဘဏ္ဍာရေးအခြေအနေ တောင့်တင်းခိုင်မာကြောင်း အထောက်အထား။

**"Investor Visa" Scheme**

ဝန်ကြီးချုပ် နရိန္ဒရာမိုဒီ ဦးဆောင်သော အစိုးရအဖွဲ့သည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်ရန် အတွက် ပြည်ဝင်ခွင့် အစီအစဉ်သစ်အနေဖြင့် အိန္ဒိယနိုင်ငံသား မဟုတ်သူများအား နိုင်ငံအတွင်း ကာလရှည် နေထိုင်ခွင့်ပြုမည့် အစီ အစဉ်သစ်တစ်ခုဖြစ်သည့် Investor Visa Scheme ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်တွင် အတည်ပြုခဲ့ပါသည်။ စင်ကာပူနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင်လည်း အလားတူ မူဝါဒများ ချမှတ် ကျင့်သုံးလျက်ရှိကြောင်း သိရှိရပါသည်။

အဆိုပါ အစီအစဉ်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတကာ ငွေပင်ငွေရင်းများအား ပိုမိုဆွဲဆောင်နိုင်စေရန် ရည်ရွယ်ကာ အိန္ဒိယနိုင်ငံအတွင်းသို့ အရင်းအနှီး ငွေပမာဏ ရူပီး ၁၀ ကုဋေအနည်းဆုံး ယူဆောင်လာသည့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအား Residency Status အဖြစ် နေထိုင် ခွင့်ပြုပေးသွားမည်ဖြစ်ပြီး၊ ပိုမိုလွယ်ကူသည့် ဗီဇာမူဝါဒများကိုလည်း ခွင့်ပြုပေးမည်ဖြစ်ကာ ၎င်းတို့၏မိသားစုဝင်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေမည်ဟု အိန္ဒိယဘဏ္ဍာရေးဝန်ကြီး Arun Jaitley က ပြောထားကြောင်း သိရပါသည်။

အိန္ဒိယ နိုင်ငံအတွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အားပေးရန်နှင့် Make in India အစီအစဉ် လွယ်ကူချောမွေ့စေရန် မျှော်မှန်းကာ အဆိုပါစီမံချက်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ၎င်းစီမံချက်အရ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအား Payment Residency Status အဖြစ် ခွင့်ပြုပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန် ဗီဇာလက်စွဲစာအုပ်တွင် သင့်လျော်သည့် လျာထားချက်များကို တရားဝင်ထည့်သွင်းဖော်ပြသွားမည် ဖြစ်ကြောင်း တရားဝင် သတင်းထုတ်ပြန်ချက်များအရ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအတွက် ခွင့်ပြုပေးမည့် Payment Residency Status အား အကြိမ်ကြိမ် ပြည်ဝင်ခွင့်နှင့်အတူ နေထိုင်ခွင့်သက်တမ်း ၁၀ နှစ်ခွင့်ပြုပေးမည် ဖြစ်ကြောင်း၊ ထိုသို့ ခွင့်ပြုချက်ရရှိထားသူများအနေဖြင့် ဆိုးရွားသည့် သတိပေးခံရခြင်းများ မရှိပါက နောက်ထပ် ၁၀ နှစ်သက်တမ်း ထပ်မံခွင့်ပြုပေးမည် ဖြစ်ကြောင်း သိရပါသည်။

ထို့အပြင် အဆိုပါ PR Status ကိုင်ဆောင်ထားသည့် လုပ်ငန်းရှင်နှင့် မိသားစုနေထိုင်ရန်အတွက် နေအိမ်ခြံမြေတစ်ခု ဝယ်ယူခွင့်ပြုပေးမည် ဖြစ်ကြောင်း၊ ၎င်း၏ အိမ်ထောင်ဖက်နှင့် မှီခိုသူများအား အလုပ်အကိုင်ဗီဇာအတွက် လစာသတ်မှတ်ချက်များ ဖြေလျှော့ပေးကာ ပုဂ္ဂလိက ကဏ္ဍတွင် အလုပ်ဝင်ရောက် လုပ်ကိုင်ခွင့်နှင့် အိန္ဒိယနိုင်ငံအတွင်း ပညာသင်ယူခွင့်များကိုလည်း ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရပါသည်။

အဆိုပါအစီအစဉ်သည် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ဇနီး/ခင်ပွန်းနှင့် မှီခိုသူများအတွက်သာလျှင် အကျုံးဝင်မည်ဖြစ်ကြောင်း၊ ၎င်းအစီအစဉ်အား ရယူအသုံးပြုနိုင်ရန်မှာ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူသည် အိန္ဒိယနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံရန်အတွက် ရင်းနှီးငွေပမာဏ အနည်းဆုံး ရူပီး ၁၀ ကုဋေ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း) ကို ၁၈ လအတွင်း (သို့မဟုတ်) ရူပီး ၂၅ ကုဋေ (အမေရိကန် ဒေါ်လာ ၃ ဒသမ ၇ သန်း ) ကို ၃၆ လ အတွင်း ယူဆောင်လာရမည်ဖြစ်ပြီး အဆိုပါ ရင်းနှီးမြှုပ်နှံမှုသည် ဘဏ္ဍာနှစ်တိုင်း၌ နိုင်ငံအတွင်းနေ အိန္ဒိယနိုင်ငံသား အနည်းဆုံး ၂၀ ဦးအား အလုပ်အကိုင်ဖန်တီးပေးနိုင်ရမည်ဟု သတ်မှတ်ထားကြောင်း သိရပါသည်။

အိန္ဒိယနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများလုပ်ကိုင်ရန် ကုမ္ပဏီ မှတ်ပုံတင်ထားသူများသည် ၎င်းတို့၏ ပစ္စည်းအသုံးအဆောင်များကို အိန္ဒိယနိုင်ငံသို့ ယူဆောင်လာနိုင်ပြီး သွင်းကုန်ခွန် ကင်းလွတ်ခွင့်ပြုကြောင်း၊ အဆိုပါပစ္စည်းများအား အိန္ဒိယနိုင်ငံသို့ မရောက်ရှိမီ နှစ်လအလို (သို့မဟုတ်) ရောက်ရှိပြီး တစ်လအတွင်း သင်္ဘောတင်သွင်းခွင့်ရှိပြီး၊ အဆိုပါပစ္စည်းများအား အနည်းဆုံး တစ်နှစ်လက်ဝယ်ထားရှိ အသုံးပြုရမည် ဖြစ်ကြောင်း သိရှိရပါသည်။

**LDC နိုင်ငံများမှ နိုင်ငံသားများအတွက် စီးပွားရေးနှင့် အလုပ်အကိုင်ဗီဇာကြေး ကင်းလွတ်ခွင့်ပြုခဲ့ခြင်း**

အိန္ဒိယနိုင်ငံအစိုးရသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ မြန်မာနိုင်ငံအပါအဝင် LDC နိုင်ငံများအတွက် စီးပွားရေးဗီဇာနှင့် Employment ဗီဇာကြေးများ ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

**Employment၊Business၊ Research၊Student Visa တို့ဖြင့် အိန္ဒိယနိုင်ငံသို့ လာရောက်သူများ၏ မှီခိုသူများအတွက် Entry Visa**

အိန္ဒိယ နိုင်ငံသားဟောင်းဖြစ်ခဲ့သည့် နိုင်ငံသားများနှင့် ၎င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/ သမီးများ၊ အိန္ဒိယနိုင်ငံသို့ Employment၊Business၊ Research၊ Student Visa တို့ကဲ့သို့သော ကာလရှည် ဗီဇာဖြင့် လာရောက်မည့် ပြည်ပ နိုင်ငံခြားသားများ၏ ဇနီး/ခင်ပွန်းနှင့် မှီခိုသူများအတွက် Entry Visa ဖြင့်ခွင့်ပြုပေးကြောင်း သိရှိရပါသည်။ စီးပွားရေးလုပ်ငန်းအတွက် သွားရောက်မည့် ပုဂ္ဂိုလ်၏ မှီခိုသူများအနေဖြင့် ခေတ္တသာ သွားရောက်ခြင်းဖြစ်ပါက Tourist Visa ကိုသာ လျှောက်ထားသင့်ကြောင်း သိရှိရပါသည်။

မှီခိုလိုက်ပါသူများသည် Entry Visa ဗီဇာလျှောက်ထားမည်ဆိုပါက Employment၊ Business၊ Research၊Student Visa ကာလရှည် ဗီဇာလျှောက်ထားသူနှင့် ဆွေမျိုးတော်စပ်ကြောင်း အထောက်အထားများ တင်ပြရမည်ဖြစ်ကာ၊ မူရင်း လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်၊ ပတ်စ်ပို့နှင့် ဗီဇာ မိတ္တူများကိုလည်း ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း သိရှိရပါသည်။

**နိုင်ငံခြားဖြစ် မှတ်ပုံတင်ခြင်း**

အိန္ဒိယနိုင်ငံအတွင်းသို့ အလုပ်အကိုင် ပြည်ဝင်ဗီဇာနှင့် အခြားသော ကာလရှည်ဗီဇာဖြင့် လာရောက်နေထိုင်သည့် နိုင်ငံခြားသားများသည် ရက်ပေါင်း ၁၈၀ နှင့်အောက်သာ နေထိုင်ပါက နိုင်ငံခြားသားအဖြစ် မှတ်ပုံတင်ရန် မလိုအပ်ဘဲ၊ အိန္ဒိယနိုင်ငံတွင် ရက်ပေါင်း ၁၈၀ အထက် နေထိုင်မည်ဆိုပါက ရောက်ရှိသည့် နေ့မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာပြည်နယ်ရှိ Foreigners Registration Office (FRRO) /(FRO) သို့ နေထိုင်ခွင့်ပြုချက် (Residential Permit) တင်ပြတောင်းခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။ သတ်မှတ်ရက်အတွင်း (Residential Permit) ခွင့်ပြုချက် တင်ပြတောင်းခံခြင်း မရှိဘဲ၊ သတ်မှတ်ရက်ကျော်လွန်၍ ခွင့်ပြုချက် တင်ပြတောင်းခံလာပါက ဒဏ်ကြေးအဖြစ် အမေရိကန်ဒေါ်လာ ၃၀/ အမေရိကန်ဒေါ်လာ ၃၀ နှင့်ညီမျှသော ရူပီးငွေကို ကောက်ခံကြောင်း သိရှိရပါသည်။

**အိန္ဒိယနိုင်ငံ၏ E-Visa Scheme**

အိန္ဒိယနိုင်ငံတွင် E Tourist Visa ဟုခေါ်ခဲ့ပြီး၊ ယခုအခါ E Visa စနစ်ဟု ပြောင်းလဲသတ်မှတ်ခဲ့သည့် ဗီဇာစနစ်ဖြင့် နိုင်ငံပေါင်း ၁၅၈ နိုင်ငံအား ခွင့်ပြုခဲ့ပြီးဖြစ်ရာ၊ E Visa သက်တမ်းအား ယခင်က ရက်ပေါင်း ၃၀ သာ ခွင့်ပြုခဲ့ရာမှ ယခုအခါ ရက်ပေါင်း ၆၀ အထိ ခွင့်ပြုထားပြီး နောင်တွင် ရက်ပေါင်း ၁၈၀ ထိ ခွင့်ပြုရန် စီစဉ်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံသို့ အလည်အပတ် လာရောက်ခြင်း၊ မိသားစု/ သူငယ်ချင်းများအား တွေ့ဆုံရန် လာရောက်ခြင်းနှင့်ကာလတို ဆေးဝါးကုသမှု လာရောက်ခြင်း၊ စီးပွားရေးဆိုင်ရာ ပုံမှန်တွေ့ဆုံမှုအတွက် လာရောက်ခြင်းတို့အတွက် E Visa လျှောက်ထားရယူနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်ရာ၌ သတ်မှတ်ထားသည့် လေဆိပ် ၁၆ ခုမှသာ ဝင်ရောက်ခွင့်ရှိကြောင်း၊ သိရှိရပါသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် စီးပွားရေးဗီဇာနှင့် အလုပ်အကိုင် ပြည်ဝင်ခွင့် ဗီဇာ၊ Entry ဗီဇာမူဝါဒများ၊ နိုင်ငံအတွင်းသို့ အရင်းအနှီး အမြောက်အမြား ယူဆောင်လာမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အိန္ဒိယ အစိုးရက ဆွဲဆောင်မှုတစ်ရပ်အနေဖြင့် ဗီဇာမူဝါဒ ဖြေလျှော့သည့် အစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ မေလတွင် စတင်ကျင်းပမည်



ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အားကစား အဖွဲ့ချုပ်အသီးသီးတို့ ပူးပေါင်းကျင်းပမည့် ၂၀၁၇-၂၀၁၈ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများကို မေလတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ဧပြီ ၆ ရက်က နေပြည်တော်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည့် ပေါင်းစပ်ညှိနှိုင်းအစည်း အဝေးမှ သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများကို ၂၀၁၇ ခုနှစ် မေလမှ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ အထိ အားကစားနည်းပေါင်း ၃၀ဖြင့် ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် လစဉ် အားကစားနည်းများအလိုက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို မေလတွင် ကြက်တောင်၊ ဘိလိယက်၊ စနူကာ၊ စစ်တုရင်၊ ဘော်လီဘော၊ ဇွန်လတွင် ရေကူး၊ ဂျူဒို၊ သေနတ်ပစ်၊ ပိုက်ကျော်ခြင်း၊ ဇူလိုင်လတွင် ရိုးရာလက်ဝှေ့တိုက်ကွမ်ဒို၊ ကရာတေးဒို၊ အလေးမ၊ စက်တင်ဘာလတွင် ခြင်းလုံး၊ ဟော်ကီ၊ လက်ဝှေ့၊ ဝူရှူး၊ အောက်တိုဘာလတွင် ယူ-၁၈ အမျိုးသား ဘောလုံး၊ စားပွဲတင်တင်းနစ်၊ ခရစ်ကက်၊ ယူ-၁၈ ပြေးခုန်ပစ်၊ နိုဝင်ဘာလတွင် ဖူဆယ်၊ ဘတ်စ်ကက်ဘော၊ ကိုယ်ကာယကြံ့ခိုင်မှု၊ လှေလှော်၊ ဒီဇင်ဘာလတွင် အမျိုးသမီး ဘောလုံး၊ စက်ဘီး၊ သိုင်း၊ တင်းနစ်၊ ၂၀၁၈ခုနှစ် ဇန်နဝါရီလတွင် ပြေးခုန်ပစ်၊ ဗိုဗီနမ်၊ ယူ-၂၂ အမျိုးသားဘောလုံး၊ အေရိုးဗစ်၊ ဖေဖော်ဝါရီလတွင် ဂေါက်သီးရိုက်ပြိုင်ပွဲတို့ကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိ သက်ဆိုင်ရာ အားကစားကွင်းများတွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲနှင့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း အားကစားပြိုင်ပွဲများမှ ထွက်ပေါ်လာသော သွေးသစ် အားကစားသမားများအား လက်ရွေးစင် ကစားသမားများဖြစ်လာအောင် မိမိတို့ဦးစီးဌာနနှင့် အဖွဲ့ချုပ်တို့က ပူးပေါင်းပြီး ကူညီပံ့ပိုးပေးရန်နှင့် အားကစားလောကမှ ထွက်ခွာမသွားနိုင်အောင် National Plan များ ချမှတ်ပြီး ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း အဆိုပါပြိုင်ပွဲ ကျင်းပရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးတွင်အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပြောကြားခဲ့သည်။



# ဆီရီနာဝီလျံ ရင်သွေးလေးလွယ်ထားရပြီဟုဆို

ဂရင်းဆလင်းတင်းနစ်ချန်ပီယံ ဆီရီနာဝီလံသည် ၎င်း၏ရင်သွေးလေးကို လွယ်ထားရပြီဖြစ်ကြောင်း ၎င်း၏ကိုယ်စားလှယ်ဖြစ်သူက အတည်ပြုပြောကြားခဲ့သည်။ ဆီရီနာသည် ၂၃ခုမြောက် ဂရင်းဆလင်းဖလားကိုရယူပြီး ၁၂ ပတ်မြောက်တွင် ရင်သွေးလေးကိုလွယ်ထားရပြီဟု ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

အသက် ၃၅နှစ်အရွယ်ရှိ ဆီရီနာဝီလျံသည် ၎င်း၏ရင်သွေးလေးကို လာမည့် ဆောင်းဦးပေါက်တွင် မွေးဖွားမည်ဖြစ်ကြောင်း အဆိုပါအတည်ပြုချက်တွင် ဖော်ပြထားသည်။ ထို့ပြင် ဆီရီနာကိုယ်တိုင်ကလည်း ၎င်း၏ အင်စတာဂရမ်တွင် ရင်သွေးလေးရနေပြီဖြစ်ကြောင်း၊ ရင်သွေးလေးမှာ ရက်သတ္တပတ် ၂၀ ရရှိနေပြီဖြစ်ကြောင်း ပို့စ်တစ်ခုတင်ခဲ့ပြီး ခဏအကြာတွင် ၎င်းပို့စ်ကို ပြန်လည်ဖြုတ်ချသွားခဲ့သည်ဟု ဆိုသည်။

ဆီရီနာဝီလျံ၏ အတည်ပြုချက်အရ ၎င်းသည် ရင်သွေးလေးကို မဲလ်ဘုန်းတွင် ကျင်းပခဲ့သည့် ဩစီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်စဉ်ကတည်းက ရရှိနေခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအချိန်က ၎င်း၏ရင်သွေးလေးသည်ရှစ်ပတ်မြောက်တွင် ရှိနေနိုင်ကြောင်း၊ ကိုယ်ဝန်ကိုလွယ်ထားခဲ့ပြီး ဂရင်းဆလင်းချန်ပီယံဆုကို ရယူနိုင်ခဲ့ခြင်းမှာ အံ့ဩဖွယ်ရာဖြစ်ကြောင်း သုံးသပ်လျက်ရှိသည်။ ထို့ကြောင့် ဆီရီနာဝီလျံသည် ယခုလာမည့် တင်းနစ်ရာသီတစ်ရာသီအတွင်း ပြိုင်ပွဲများနှင့် ဝေးကွာရတော့မည် ဖြစ်သည်။

# ကမ္ဘာ့အပျော်တမ်း စစ်တုရင်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်းထွန်း ဗိုလ်စွဲ

ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၇ကမ္ဘာ့အပျော်တမ်း တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်စစ်တုရင်ကစားသမားတစ်ဦးဖြစ်သူ ဝင်းထွန်း ဗိုလ်စွဲခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို အီတလီနိုင်ငံ၊ စပိုလက်တိုမြို့၌ ဧပြီ ၁ ရက်မှ ၉ ရက် အထိကျင်းပခဲ့ရာ မြန်မာ စစ်တုရင်ကစားသမား နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲ၏ လက်ရည်အဆင့် ၂၃၀၀ အောက်ပြိုင်ပွဲတွင် ဝင်းထွန်းက ပွဲစဉ်ကိုးပွဲ၌ ရမှတ်ခုနစ်မှတ်ဖြင့်ဗိုလ်စွဲခဲ့ပြီး စည်သူက အဆင့် ၂၈ နေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသို့ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ စစ် တုရင်အားကစားသမားပေါင်း ၆၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ဝင်းထွန်းသည် ဆုကြေးငွေ ယူရို ၂၀၀၀ ရရှိခဲ့ကြောင်း သိရသည်။



ဝင်းထွန်းသည် ကမ္ဘာ့အပျော်တမ်း စစ်တုရင် တံခွန်စိုက်ပြိုင်ပွဲတွင် ပထမဦးဆုံးဗိုလ်စွဲခဲ့သည့် မြန်မာ့စစ်တုရင် ကစားသမားတစ်ဦးဖြစ်သည်။

ကမ္ဘာ့အပျော်တမ်း စစ်တုရင် ပြိုင်ပွဲတွင် လက်ရည်အဆင့် ၂၃၀၀ အောက်ပြိုင်ပွဲ၊ ၂၀၀၀ အောက်ပြိုင်ပွဲ၊ ၁၇၀၀ အောက်ပြိုင်ပွဲ၊ ၁၇၀၀ အောက် (အမျိုးသမီး) ပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့သည်။

# တော့တင်ဟမ်ဟော့စပါးအသင်း ယူ-၂၃ အသင်း၏ နည်းပြဖြစ်သူ Ugo Ehiogu နှလုံးသွေးကြောကျဉ်းရောဂါဖြင့် လဲကျသေဆုံး



တော့တင်ဟမ် ဟော့စပါးအသင်း ယူ-၂၃ အသင်း၏ နည်းပြဖြစ်သူ Ugo Ehiogu သည် စပါးအသင်း၏ လေ့ကျင့်ရေးကွင်းတွင် နှလုံးအမောဖောက်ကာ လဲကျခဲ့သဖြင့် ဆေးရုံသို့ တင်ပို့ခဲ့ရာ ဧပြီ ၂၁ ရက်နံနက်ပိုင်းက ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း စပါးအသင်းက အတည်ပြုပြောကြားခဲ့သည်။

အသက် ၄၄ နှစ်အရွယ်ရှိ Ugo Ehiogu သည် ဧပြီ ၂၀ ရက်က စပါးအသင်း၏ လေ့ကျင့်ရေးကွင်းတွင် ယူ-၂၃ အသင်းသားများနှင့်အတူ လေ့ကျင့်ခန်းဆင်းနေစဉ် လဲကျခဲ့ခြင်းဖြစ်သည်။ အသင်းမှ တာဝန်ရှိသူများက ၎င်းအား ဆေးရုံသို့ တင်ပို့ကုသစေခဲ့သော်လည်း Ugo Ehiogu သည် သတိပြန်လည်ရရှိလာခြင်းမရှိဘဲ ကွယ်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း စပါး၏သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"ကျွန်တော်တို့မှာ ပြောစရာစကားလုံး မရှိတော့ပါဘူး။ အသင်းအတွက် ဝမ်းနည်းကြေကွဲဖို့ ကောင်းသလို တကယ်လည်း စိတ်မကောင်းဖြစ်မိပါတယ်။ ကျွန်တော်တို့အသင်းသားတွေအားလုံးလည်း သူ့ရဲ့မိသားစုနဲ့ ထပ်တူ ဝမ်းနည်းကြေကွဲမိပါတယ်"ဟု စပါးအသင်း၏ နည်းပြစီမံအုပ်ချုပ်မှုအဖွဲ့မှ အကြီးအကဲဖြစ်သူ ဂျွန်မက်ဒါးမောက်က ပြောကြားခဲ့သည်။

Ugo Ehiogu သည် ၁၉၉၁ ခုနှစ်မှ ၂၀၀၀ ခုနှစ်အတွင်း အက်စတွန်ဗီလာအသင်းတွင် ကစားခဲ့စဉ် ပွဲပေါင်း ၂၀၀ ကျော်ကစားခဲ့သူဖြစ်သည်။

ထို့နောက် Ugo Ehiogu သည် မစ်ဒယ်ဘရော့အသင်းတွင် ခုနစ်နှစ်ကြာမျှ ဝင်ရောက်ကစားခဲ့သည်။ အက်စတွန်ဗီလာအသင်းတွင် ရှိနေစဉ် ၁၉၉၄ နှင့် ၁၉၉၆ ခုနှစ်တို့တွင် ဗီလာအသင်းအတွက် လိဂ်ဖလား နှစ်ကြိမ်ရယူပေးခဲ့သည်။

ထို့ပြင်၂၀၀၄ခုနှစ်တွင် မစ်ဒယ်ဘရော့အသင်းအတွက် လိဂ်ဖလား ရယူပေးခဲ့သည်။ Ugo Ehiogu သည် ဝက်စ်ဘရွန်း၊ လိဒ်၊ ရိန်းဂျား၊ ရှက်ဖီးယူနိုက်တက်အသင်းတို့တွင် ဝင်ရောက်ကစားခဲ့ ပြီးနောက် ၂၀၀၉ခုနှစ်တွင် ကစားသမားဘဝမှ အနားယူခဲ့သည်။

Ugo Ehiogu သည် အင်္ဂလန် ယူ-၂၁လက်ရွေးစင်အသင်းတွင် ၁၉၉၂ ခုနှစ်၌ စတင်ပါဝင်ကစားခဲ့ပြီး အင်္ဂလန်အသင်း၏ (ခ)အသင်းတွင် ၁၉၉၆ ခုနှစ်၌ ပါဝင်ကစားခဲ့သည်။ ထို့နောက် အင်္ဂလန်လက်ရွေးစင်အသင်းကြီးတွင် ၁၉၉၆ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ပါဝင်ကစားခဲ့သည်။

ဘောလုံးကစားသမား ဘဝမှ အနားယူခဲ့ပြီးနောက် Ugo Ehiogu သည် ၂၀၁၄ ခုနှစ်တွင် စပါး ယူ-၂၃ အသင်း၏နည်းပြအဖြစ် တာဝန်ထမ်းဆောင်ရင်း နှလုံးသွေးကြောကျဉ်းရောဂါဖြင့် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

# မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နဲ့ လုပ်ငန်းကော်မတီနှစ်ရပ်တို့ရဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၁၇) ကျင်းပ



မန္တလေးတိုင်းဒေသကြီး၊စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေး ခန်းမတွင် ဧပြီ ၆ ရက်က မန္တလေးတိုင်း ဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၇) ကျင်းပခဲ့ပါသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အောင်မြင့်က ယခင် (၁/၂၀၁၇)လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက် ပြီးစီးမှုများနှင့် ရှေ့ဆက်လက်လုပ်ဆောင်ရန် လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပြီး လုပ်ဆောင်သွားရန်ဖြစ်ကြောင်း စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ဆက်လက် လုပ်ဆောင်သွားရမည့် အဓိက လိုအပ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဝိုင်းဝန်း ဆွေးနွေးစေလိုကြောင်း ဖြင့်အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး မန္တလေးတိုင်း ဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဦးက စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏(၁/၂၀၁၇)လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များမှ ဆောင်ရွက်ပြီးစီးသည့် လုပ်ဆောင်ချက်များဖြစ်သော မန္တလေးတိုင်းဒေသကြီး အတွင်း စားသုံးသူ အသိပညာပေး ကြော်ငြာဆိုင်းဘုတ် ၁၇ ခု စိုက်ထူပြီးစီးမှု၊ သက်ဆိုင်ရာ အဖွဲ့ဝင်များ၊လွှတ်တော်ကိုယ်စားလှယ်တို့နှင့် ပူးပေါင်း၍ မန္တလေးမြို့နယ်များရှိ ရေခဲစက်များအား သွားရောက်စစ်ဆေးခဲ့မှု၊ မန္တလေးခရိုင်အတွင်းရှိကျောင်းများနှင့် ကျောင်းမုန့်ဈေးတန်း ရောင်းချသူများအား အသိပညာပေး ဆွေးနွေးနိုင်မှု၊ စားသောက်ကုန်များတွင် တားမြစ်ဆိုးဆေး သုံးစွဲတတ်စေရန် ဈေးများ၊ ရပ်ကွက်များရှိလုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှု သင်တန်းကျောင်းရှိ သင်တန်းသား လုပ်ငန်းရှင်များအား အသိပညာပေးနိုင်မှုနှင့် မိတ္ထီလာမြို့ အထက(၂)တွင် လုပ်ငန်းရှင်များအား ဖိတ်ကြား၍ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးအလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပနိုင်ခဲ့မှု၊ မန္တလေးခရိုင် ခုနစ်ခုရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများအား တစ်မြို့နယ်ချင်းစီအလိုက် အသိပညာပေး ဆောင်ရွက်နိုင်ခဲ့မှုများကို မှတ်တမ်းဓာတ်ပုံများနှင့်တကွ အကျယ်တဝင့် ရှင်းလင်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနအနေနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းစဉ် ရှစ်ရပ်တို့ကို အကြိမ်အရေအတွက်အနေနှင့် ၁၂၆၈ ကြိမ်၊ ရာခိုင်နှုန်းအားဖြင့် ၁၁၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် နောင်လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းစဉ် ရှစ်ရပ်တို့အား လျာထား ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်ပြီး စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာန( Consumer Information Complaint Center ) ကို ချမ်းအေးသာစံမြို့နယ်၊ ၈၄ လမ်း၊ ၃၀ x ၃၂ လမ်းကြားတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဈေးကွက်အတွင်းမှ သိမ်းဆည်းခဲ့သည့် ပစ္စည်းများဖြစ်သော စားသုံးရန် မသင့်ကုန်ပစ္စည်းများဖြစ်သော လားရှိုး စပါယ်ရှယ် ပဲငါးပိနှင့် ကျင်းထုံ ခြင်ဆေးခွေများ ယခုအစည်းအဝေးတွင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ တင်ပြ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးတွင် တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များက ဆွေးနွေးရာတွင် ပါမောက္ခ ဒေါက်တာ အောင်မြင့်က စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့မှ မန္တလေးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီဝင်များအနေနှင့်အဖွဲ့၏လုပ်ငန်းစဉ်များအား လုပ်ဆောင်ရာတွင် အရေးကြီး လုပ်ငန်းများကို ရှေးဦးစွာ ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှ ဗဟိုအဆင့်ထိ တင်သွင်းပြီး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အစားအသောက်များ ဘေးအန္တရာယ် ကင်းရှင်းမှု ရှိ/မရှိ စစ်ဆေးနိုင်ရန် လိုအပ်နေသည့် ဓာတ်ခွဲခန်းများကို မန္တလေးတိုင်းဒေသကြီးအတွင်း ဖွင့်လှစ်နိုင်အောင် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့လုပ်ငန်းရှင်များ ဖိတ်ခေါ်၍ စားသုံးသူ အသိပညာပေး ဟောပြောဆွေးနွေးမှုများ ကျင်းပပေးစေလိုကြောင်းနှင့် အဖွဲ့တွင် ပါဝင်သော အဖွဲ့ဝင်များ၏ လှုပ်ရှားဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ရင်း စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်ဟု သိရှိရပါသည်။

**နေခြည်ဦး**

## ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ရပ်ကွက်၊ ကျေးရွာများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများဆောင်ရွက်

ကယားပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧပြီ ၁ ရက်က လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာနှင့် ဒေါတမရပ်ကွက်ရှိ နေ့စားလပေး ဆရာ/ဆရာမ သင်တန်းကျောင်း၌ လည်းကောင်း၊ ဧပြီ ၃ ရက်တွင် လောပိတ ရှမ်းရွာ၌ လည်းကောင်း၊ ဧပြီ ၄ ရက်တွင် ရှမ်းစုရပ်ကွက်တို့၌လည်းကောင်း စုစုပေါင်း လူဦးရေ ၂၂၅ ဦးကို စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ ဟောပြောဆွေးနွေးပွဲများတွင် ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် စားသုံးသူ ပြည်သူများ မိမိတို့၏ အခွင့်အရေးကို အပြည့်အဝ နားလည်ပြီး တောင်းဆိုရယူတတ်စေရန်အတွက် စားသုံးသူအခွင့်အရေးများနှင့် တာဝန်များ၊ လုပ်ငန်းရှင် လိုက်နာရမည့် တာဝန်နှင့် တားမြစ်ချက်များ၊ ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲခြင်း မပြုမီ သတိပြုရမည့်အချက်များ၊ မိမိတို့ နေ့စဉ် ဝယ်ယူသုံးစွဲတဲ့ ကုန်ပစ္စည်းများအပေါ် ပေးထားသော ဝန်ဆောင်မှုများ အပြည့်အဝ ရရှိရေးများကို လည်းကောင်း၊ ကုန်စည်နဲ့ ဝန်ဆောင်မှုကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုကို တိုင်ကြားနိုင်သည့် အခွင့်အရေးများ၊ တိုင်ကြားလာသည့် နစ်နာ ဆုံးရှုံးမှုများအပေါ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖြေရှင်းဆောင်ရွက်ပုံနည်းလမ်းများကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပြီး စားသုံးသူပြည်သူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကာ လက်ကမ်းစာစောင်များ ဖြန့်ဝေနိုင်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**မြို့ရီ**

## မြိတ်မြို့ပေါ်ရှိ နည်းပညာတက္ကသိုလ်နှင့် ပရဟိတဂေဟာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာ ပညာပေးဟောပြော

မြိတ်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနသည် မတ်လ ၃၀ ရက်က မိဘမဲ့ မိန်းကလေးဂေဟာနှင့် တိုင်းရင်းသား လူငယ်ဖွံ့ဖြိုးရေး ပရဟိတ (ယောကျ်ားလေး) ဂေဟာ တို့၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေး ဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးရာတွင် မြိတ်ခရိုင် ဦးစီးမှူး ဦးမျိုးညွန့်က စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံနှင့် လုပ်ငန်းဆောင်ရွက်မှုအား လည်းကောင်း၊ ဦးစီးမှူး ဦးမျိုးအေးက အစားအစာတွင် သုံးစွဲရန် ခွင့်မပြုဓာတုဆိုးဆေးများအကြောင်း၊ လုံခြုံစိတ်ချရမှု မရှိသော စားသုံးရန်/သုံးစွဲရန် မသင့်တားမြစ်ထားသော စားသောက်ကုန်ပစ္စည်းများ၏ ဆိုးကျိုးများအကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ရာ ဟောပြောပွဲသို့ ဂေဟာမှူးနှင့် ကျောင်းသား/ကျောင်းသူများ စုစုပေါင်း ၉၂ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**ညိုညိုစန်း (မြိတ်)**

## မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနတွင် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မှိုဆိပ်ဆိုင်ရာ သင်တန်းဖွင့်လှစ်

မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနနှင့် မွန်ပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ စိုက်ပျိုးရေး လုပ်ငန်းသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မှိုဆိပ်ဆိုင်ရာ သင်တန်းကို ဧပြီ ၆ ရက်က မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါ သင်တန်း၌ မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက အဖွင့်အမှာစကား ပြောကြားရာတွင် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော အစားအသောက်ကို ရွေးချယ်စားသောက် တတ်စေရန်၊ စိုက်ပျိုးရေး ထုတ်ကုန်များတွင် ပိုးသတ်ဆေး အကြွင်းအကျန်၊ Aflatoxin မှိုဆိပ်များ ပါရှိနိုင်သဖြင့် မည်ကဲ့သို့ ရွေးချယ်စားသောက်ရမည်ကို သိရှိစေရန်၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာတို့နှင့် ပတ်သက်သည့် ဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ လာရောက် သင်တန်းပို့ချသည့် မွန်ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဆရာများအားလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းလွင်က 'သီးနှံကာကွယ်ရေး သိကောင်းစရာ' ခေါင်းစဉ်ဖြင့် ပို့ချရာတွင် ပိုးသတ်ဆေး၊ ဓာတုဆေး သုံးစွဲသည့်အခါ ကျန်းမာရေး ထိခိုက်မှုမရှိစေရေး၊ ကန့်သတ်ထားသော ပိုးသတ်ဆေးများ အကြောင်း၊ ပိုးသတ်ဆေး၏ ဆိုးကျိုးများ၊ ပိုးသတ်ဆေးဖျန်းပြီးသည့်အခါ ဆောင်ရန်/ရှောင်ရန် အချက်များ၊ ပိုးသတ်ဆေးအဆိပ်သင့်မှုလက္ခဏာများ၊ ပိုးသတ်ဆေး ဥပဒေအကြောင်း၊ Aflatoxin မှိုဆိပ်အကြောင်းများအား သင်ကြားပို့ချခဲ့ပါသည်။

ထို့ပြင် မွန်ပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မူမူတန်က 'မြေဩဇာနှင့် စားနပ်ရိက္ခာ လုံခြုံစိတ်ချရမှု အကြောင်းသိကောင်းစရာ' ခေါင်းစဉ်ဖြင့် သင်ကြားပို့ချရာတွင် စားနပ်ရိက္ခာ လုံလောက်မှုနှင့် စားနပ်ရိက္ခာ လုံခြုံစိတ်ချရမှုကြား ဆက်စပ်မှု၊ လူဦးရေနှင့် စိုက်ပျိုးမှု ဧရိယာ၊ ရာသီဥတုပြောင်းလဲလာမှုကြောင့် စားနပ်ရိက္ခာအပေါ် အကျိုးသက်ရောက်မှု၊ ဓာတ်မြေဩဇာဖြင့် ကြီးပြင်းသော ဟင်းရွက်စိမ်းများ၏ အန္တရာယ်အကြောင်း၊ မြေဩဇာ၏ အဓိပ္ပါယ်၊ မြေဩဇာ အမျိုးအစား၊ မြေဩဇာ အသုံးပြုပုံ၊ မြေဩဇာဥပဒေအကြောင်း၊ တားမြစ်ထားသော မြေဩဇာများအကြောင်း စသည်တို့အား သင်ကြားပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းသို့ မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ သင်တန်းသား/သင်တန်းသူ ၄၁ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **မိုးမိုး(မွန်)**

# ယင်းမာပင်ခရိုင်အတွင်းရှိ ကျေးရွာများတွင် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူးဦးသန်းပိုဦးဆောင်၍ သက်ဆိုင်ရာ မြို့နယ်တာဝန်ခံများနှင့် ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မတ်လအတွင်း ဆားလင်းကြီး၊ ပုလဲ၊ ကနီနှင့် ယင်းမာပင်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ဈေးများတွင် ကွင်းဆင်း၍ စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ဆားလင်းကြီးမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာရှိ စည်ပင်ဈေးနှင့် ဖောင်းကတာကျေးရွာရှိ စည်ပင်ဈေးတို့တွင်လည်းကောင်း၊ အေးကုန်းကျေးရွာ၊ ပလောင်ကျေးရွာ၊ အိမ်တွင်းမှုသင်တန်းကျောင်း၊ ဖောင်းကတာကျေးရွာရှိ ရေခဲစက်လုပ်ငန်းရှင်များနှင့် လည်းကောင်း၊ ကနီမြို့နယ်တွင် နတ်လာဘို့ကျေးရွာ (တောင်)၊ နတ်လာဘို့ကျေးရွာ (မြောက်) နှင့် နွားခြံကုန်းကျေး ရွာတို့တွင်လည်းကောင်း၊ ပုလဲမြို့နယ် မြကုန်းကျေးရွာ၊ ဇောင်ဂျမ်းကုန်းကျေးရွာ၊ ချောင်းကန်ကျေးရွာ၊ အိမ်တွင်းမှု သင်တန်းကျောင်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပုလဲမြောက်ရပ်ကွက်ကျေးရွာတို့တွင် လည်းကောင်း၊ ယင်းမာပင်မြို့နယ် (က) ရပ်ကွက်၊ မြို့မဈေး၊ အိမ်တွင်းမှုသင်တန်းကျောင်းနှင့် စိုက်ပျိုးရေး ဦးစီးဌာနတို့တွင်လည်းကောင်း စားသုံးသူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ဤသို့ကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့ရာတွင် ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာ ယာရေးအဖွဲ့ စသည့်အဖွဲ့များနှင့် ပူးပေါင်း၍ ယင်းမာပင်ခရိုင်ရှိ စည်ပင်သာယာဈေးများသို့ စစ်ဆေးခဲ့ရာ တားမြစ်စားသောက်ကုန်များ တွေ့ရှိခဲ့၍ ဆက်လက်မရောင်းချရန်နှင့် အာမခံချက်ရှိပြီး လုံခြုံစိတ်ချရသည့် ကုန်ပစ္စည်းများကိုသာ ရောင်းချသင့်ကြောင်း အသိပညာပေးဆွေးနွေးခဲ့ပါသည်။ ကျေးရွာများသို့ ကွင်းဆင်းဟောပြောခဲ့ရာတွင် မီးဖိုချောင်အစားအစာများဖြစ်သော ငရုတ်သီးမှုန့်များတွင် ဆိုးဆေးများ အလွန်အကျွံ အသုံးပြုထားပုံ၊ ဟင်းချိုမှုန့်၊ ကြက်သားမှုန့်များ အလွန်အကျွံသုံးစွဲပါက ဖြစ်ပေါ်နိုင်သော ရောဂါဝေဒနာများအကြောင်း၊ စံမမီမြေပဲဆီများ၏ ဆိုးကျိုး အန္တရာယ်နှင့် ဒေသတွင်းထွက်ရှိသည့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကိုသာ စားသုံးသင့်ကြောင်း၊ ဟင်းသီးဟင်းရွက်များတွင် ဓာတုပိုးသတ်ဆေးဓာတ်ကြွင်းများ ကျန်ရှိမှုကြောင့် ချက်ပြုတ် စားသောက်ရာတွင် ရေကို လုံလောက်စွာ ဆေး၍ စားသုံးသင့်ကြောင်းနှင့် စားသုံးသူမှ အမှန်တကယ် နစ်နာဆုံးရှုံးမှုများရှိခဲ့လျှင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ထံ တိုင်ကြားနိုင်ကြောင်း အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါသည်။ **သူဇာကျော် (ယင်းမာပင်)**

# လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူအထူးဒေသတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ



လှိုင်းဘွဲ့မြို့၊ မြိုင်ကြီးငူအထူးဒေသတွင် မတ်လ ၂၄ ရက်က မြိုင်ကြီးငူဘုန်းတော်ကြီးကျောင်း ဓမ္မာရုံအတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက ယခု ဟောပြောပွဲဆောင်ရွက်ရသည့် နေရာဒေသသည် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဆောင်ရွက်နေရသော ဒေသဖြစ်သဖြင့် အသိပညာဗဟုသုတများလည်း ပိုမိုလိုအပ်ပါကြောင်း၊ မိမိတို့ဒေသ၏ အခြေအနေအရ စိုက်ပျိုး ထုတ်လုပ်မှု၊ စားသုံးမှုအပေါ် သက်ရောက်နိုင်သည့် ကောင်းကျိုး၊ ဆိုးကျိုးတို့အပေါ်၌ ခံနိုင်ရည်ရှိရေးအတွက် တိုးတက်ဖော်ဆောင်ရေးတို့ ပြုလုပ်နိုင်ရန် စားသုံးသူတိုင်း သိသင့်သိထိုက်သည်များကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်မှစ၍ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ ပြဋ္ဌာန်းပြီးသည့် အချိန်မှစ၍ ယခု ၂၀၁၆-၂၀၁၇ ခုနှစ်အထိ ကရင်ပြည်နယ်အတွင်း မြို့နယ်ဒေသအသီးသီးတို့၌ ကွင်းဆင်းဟောပြောပွဲများ၊ ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်နေကြောင်း၊ စားသုံးသူတို့နှင့်သက်ဆိုင်သည့် စားသုံးသူအခွင့်အရေးနှင့် တာဝန်များရှိနေပြီး၊ နစ်နာမှုရှိလာလျှင်လည်း တိုင်တန်းဆောင်ရွက်နိုင်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အခွင့်အရေးနှင့်တာဝန်များရှိနေပြီး ပြစ်မှုကျူးလွန်ခဲ့လျှင်လည်း ပြစ်ဒဏ်များကျခံရမည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့သည်။ ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက ကရင်ပြည်နယ်အတွင်း ဝင်ရောက်နေသည့် အေးခဲအသား၊ ငါး၊ ပုစွန်များကို စားသုံးသဖြင့် အစာအဆိပ်သင့်နိုင်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုအခြေအနေကြောင့် မိမိတို့ဒေသအနေဖြင့် ထိခိုက်နိုင်ကြောင်းများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်**
**(ကရင်ပြည်နယ်၊ စားသုံးသူ)**

## ရေကြည်မြို့နယ်တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ

ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ် စားသုံးသူ အကာအကွယ်ပေးရေး ဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးအေးသိန်းနှင့် တာဝန်ရှိသူများသည် မတ်လ ၃၁ ရက်က ရေကြည်မြို့နယ်၊ ဒိုးကုန်းကျေးရွာ အုပ်စု၊ တောကျောင်းကုန်းကျေးရွာတွင် စားသုံးသူအကာ အကွယ်ပေး ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူ/ ရွာသား ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါသည်။

ဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဦးအေးသိန်းက စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ စားသုံးရန်မသင့်သော အစားအစာများ စားသုံးခြင်းဖြင့် ကျန်းမာရေးကို ထိခိုက်နိုင်၍ နာတာရှည်ရောဂါများ ဖြစ်ပွားနိုင်မှု၊ ဆိုးဆေးပါဝင်သည့် အစားအစာများ ရှောင်ကြဉ်စားသုံးနိုင်ရန်နှင့် FDA မှ တားမြစ်ထားသော ကုန်စည်နှင့် အလှကုန်ပစ္စည်းများအကြောင်းသာမက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပေါ်ပေါက်လာပုံ၊ စားသုံးသူများ၏ အခွင့်အရေးများ၊ လုပ်ငန်းရှင်များ၏ တာဝန်များအပြင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ အသေးစိတ် ဆွေးနွေးဟောပြောခဲ့ပြီး ဟောပြောပွဲ ပြီးဆုံးချိန်တွင် စားသုံးသူ ဥပဒေပါ စာစောင်များ၊ လက်ကမ်းစာစောင်များ၊ စားသုံးသူ အသိပညာပေးဂျာနယ်များ ဖြန့်ဝေပေးခဲ့ပါသည်။ **ကျော်ငွေး(ပုသိမ်)**

## ကသာမြို့ရပ်ကွက် (၅) အတွင်းရှိ ကုန်စုံဆိုင်များအား စားသုံးရန် မသင့်သော ကုန်ပစ္စည်းများနှင့် တားမြစ်စားသောက်ကုန်များ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေး

ကသာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဧပြီလ ၇ ရက်က ကသာမြို့ရပ်ကွက် (၅) အတွင်းရှိ ကုန်စုံဆိုင်များ၌ စားသုံးရန် မသင့်သော သက်တမ်းလွန်ကုန်ပစ္စည်းများနှင့် တားမြစ်စားသောက်ကုန်များ ရောင်းချခြင်းရှိ/မရှိကို အဖွဲ့စုံဖြင့် ဝင်ရောက်စစ်ဆေးခဲ့ရာ Mya BAYIN နို့ဆီ ၃၂ ဘူး၊ Dawn နို့ဆီ ၅၄ ဘူး၊ Dawn နို့စိမ်း ၁၆ ဘူး၊ DE.DO အချိုရည် ခြောက်လုံး၊ A ငါးသေတ္တာ ၁၈ ဘူး၊ RANBUTAN IN SYRUP ယို နှစ်ဘူး၊ POP စတော်ဘယ်ရီယို ၂၈ ဘူး၊ Fire DRAGON အချိုရည်ကိုးဘူး၊ Asia အချိုရည် ၃၂ ဘူး၊ CocaCoLa အချိုရည် ၁၀ ဘူး၊ V-Coade အချိုရည် ၂၄ ဘူး၊ Bulve-Tain အချိုရည် ၁၈ ဘူး၊ GoldenPan အချိုရည် နှစ်ဘူး၊ Queen ဖျော်ရည် လေးဘူးတို့အား ရက်လွန်ပစ္စည်းများအဖြစ် တွေ့ရှိရ၍ ကုမ္ပဏီသို့ ပြန်လည်လဲလှယ်ရန်၊ ကန့်သတ်ရက်များကြည့်ပြီး ဝယ်ယူကြရန်၊ တားမြစ်စားသောက်ကုန်များအား မရောင်းချကြရန် ဆိုင်ရှင်များအား အသိပညာပေးဆွေးနွေးခဲ့ပြီး နိုင်ငံတော်မှ တရားမဝင် ကုန်ပစ္စည်းအဖြစ် ထုတ်ပြန်ထားသော ခေါက်ဆွဲအစိမ်းထုတ် ၁၈ ထုတ်နှင့် ရက်လွန်နေသော Falcon နို့ဆီဘူး ၁၄ ဘူး၊ ချန်ပီယံခေါက်ဆွဲ ခြောက်ထုတ်၊ ရွှေလမင်းကိတ်မှုန့် မှိုတက် ငါးခုတို့အား သိမ်းဆည်းခဲ့ပြီး နိုင်ငံတော်မှ တရားဝင်ထုတ်ပြန်ထားသော အန္တရာယ်ရှိ စားသောက်ကုန်လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ဈေးဆိုင်များအား အသိပညာပေးဆွေးနွေးခဲ့ပါသည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့တွင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး နှင့်ဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မူးယစ်အထူးတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်ကြောင်း သတင်းရရှိပါသည်။ **လှလှခိုင်(ကသာ)**

## မြင်းမူမြို့နယ်မြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခိုင်မို့မို့သည် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ မတ်လ ၂၈ ရက်က မြင်းမူမြို့နယ် မြို့မဈေးအတွင်း ကုန်မျိုးစုံ ၁၀ ဆိုင်၊ ပျံကျဈေးဆိုင် ၂၀၊ စုစုပေါင်း ဆိုင် ၃၀ တို့အား ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူရှုထောင့်အရ Aflatoxin B1 ပါရှိသော အစားအသောက်ထုတ်လုပ်ခြင်းနှင့် FDA ကစားသုံးရန် မသင့်ကြော်ငြာထားသည်များ ရောင်းချမှုရှိ/မရှိ စစ်ဆေး၍ စားသုံးသူပြည်သူအကျိုး ဘေးကင်း လုံခြုံစိတ်ချမှု ရှိစေရန်အတွက် ရောင်းချသူ၊ ဝယ်ယူသူများအား မှန်ကန်သော ရောင်းချမှု၊ ရွေးချယ်ဝယ်ယူစေရန်နှင့် ရက်လွန်မှိုတက်၊ ခွင့်မပြုအရောင်ဆိုးဆေး များ၊ ငါးပိ၊ ငါးခြောက်များတွင် ယင်မနားဆေးသုံးစွဲခြင်းများသည် လိုအပ်သည်ထက် ပိုမိုသုံးစွဲမှုများ မရှိစေရန် ပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ထုတ်လုပ်သူ၊ ရောင်းချသူ၊ သုံးစွဲသူအားလုံး ဘေးကင်းလုံခြုံနစ်နာမှု မရှိစေရန်များကို သတိအသိနဲ့ယှဉ် ဆောင်ရွက်နိုင်စေရန် ဆွေးနွေးဟောပြောခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်မို့မို့(မြင်းမူ)**

# မသန့်ရှင်းသော အစားအစာများနှင့် အဏုဇီဝပိုးမွှားများအန္တရာယ်

ခဲ မာမာရီ (CTQM)




သီးနှံ၊ ဟင်းသီးဟင်းရွက်၊ သားငါးများကို သန့် ရှင်းအောင် ကိုင်တွယ် ထားသိုခြင်းမရှိခဲ့လျှင် အန္တရာယ်ပေးသော အဏုဇီဝများ ပေါက်ပွားလာနိုင်ပါသည်။ အဏုဇီဝဆိုသည်မှာ သာမန်မျက်စိနှင့် မမြင်နိုင်သော သက်ရှိများဖြစ်၍ အဏုကြည့် မှန်ဘီလူးဖြင့် ကြည့်မှသာ မြင်နိုင်သည့် ပိုးမွှားကလေးများကို ဆိုလိုပါသည်။ ထိုအဏုဇီဝအုပ်စုတွင် ဘက်တီးရီးယားများ၊ မှိုအုပ်စုဝင်မှိုနှင့် အချဉ်ဖောက်စေသောမှိုများ၊ အလွန်သေးသည့် ကပ်ပါးကောင်များ၊ သန်ကောင်ဖြစ်စေသည့် ပိုးမွှားများ၊ ရေ/လေ/သွေးမှ တစ်ဆင့် ရောဂါဖြစ်စေသည့် ဗိုင်းရပ်စ်များ၊ တိရစ္ဆာန်များအပေါ် အရူးရောဂါဖြစ်စေသည့် ပိုး (ပရိုင်အွန်)စသည့် ပိုးမွှားကလေးများ ပါဝင်ပါသည်။ အဏုဇီဝပိုးများအကြောင်းကို ရှေးလွန်ခဲ့သော (ဘီစီ ၁၁၆- ဘီစီ ၂၇)ခေတ်ကာလက ရောမနိုင်ငံမှ စတင် စူးစမ်းလေ့လာခဲ့ပြီး ခေတ် အဆက်ဆက် ပညာရှင်များ လက်ဆင့်ကမ်း ရှာဖွေခဲ့ရာမှ ၁၆၃၂-၁၇၂၃ ခုနှစ်တွင် ဒတ်ချ်လူမျိုး အန်တိုနီလီဝမ်ဟုပ်က အဏုဇီဝပိုးမွှားများဟု ခေါ်ဆို၍ ထိုပိုးမွှားကလေးများအား ပုံကြီးချဲ့မြင်နိုင်ရန် လက်ကိုင်ပါအဏုကြည့်မှန်ဘီလူးကို စတင်တီထွင်ပေးခဲ့သည်။ ၁၈၅၄-၁၉၁၅ ခုနှစ်ရောက်သောအခါ ဂျာမနီလူမျိုး ရောဘတ်တိုက ထိုအဏုဇီဝပိုးမွှားများမှာ လူ၊ တိရစ္ဆာန်နှင့် အပင်တို့အား ပျက်စီးစေ၍ ရောဂါ အန္တရာယ်ဖြစ်စေတတ်ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။

ထိုအဏုဇီဝအုပ်စုထဲတွင် ပါဝင်သော ဘက်တီးရီးယားများကို ခွဲခြားပြီးကြည့်မည်ဆိုလျှင် အကျိုးပြု ဘက်တီးရီးယား၊ ပျက်စီးစေတတ်သော ဘက်တီးရီးယား ၊ ဥပဒ်အန္တရာယ်ပေးသော ဘက်တီးရီးယားဟူ၍ သုံးမျိုးတွေ့နိုင်သည်။

- အကျိုးပြု ဘက်တီးရီးယားများကို သန့်ရှင်းလတ်ဆတ်သော နွားနို့များမှ အချဉ်ဖောက်ထားသည့် ဒိန်ချဉ်၊ ဒိန်ခဲများ၊ ဟင်းသီးဟင်းရွက် အချဉ်ခတ်များ၊ အချဉ်ရည်များ၊ အချဉ်ဖောက်ထားသော ငါးချဉ်၊ ပုစွန်ချဉ်နှင့် အချဉ်ဖောက်ဆန်များ၊ ဝိုင်အရက်များတွင် ပါရှိနိုင်ပါသည်။ ထိုဘက်တီးရီးယားများကြောင့် စားသုံးသူအားရောဂါအန္တရာယ်မဖြစ်စေနိုင်ကြောင်း သိရပါသည်။ (ယင်းအုပ်စုတွင် Lactic acid ဘက်တီးရီးယား Yeast တို့ ပါဝင်ပါသည်။)

- ပျက်စီး၍ ဖျက်ဆီးစေတတ်သော ဘက်တီးရီးယားများကို အစားအစာများ၏ ယိုယွင်းပျက်စီးစအချိန်တွင် အပေါ်ယံနံဘေး၊ အောက်နေရာများတွင် မှိုစွဲခြင်း၊ ညှိုခြင်း၊ ပုပ်ခြင်း၊ ရိရွဲခြင်း ဖျက်ဆီးသည့် အခြေအနေကို မျက်စိနှင့်သိသာစေပြီး အနံ့နှင့်အရသာပါ ပျက်လာသည့် လက္ခဏာပြစေပါသည်။

ထိုမသန့်ရှင်းသော အစားအစာများကို မသိ၍သော်လည်းကောင်း၊ သိသိနှင့်ပျက်စီးသော အပိုင်းများအား ဖယ်ရှား၍ ကျန်အပိုင်းများ စားသောက်မိမည်ဆိုလျှင် ချက်ချင်း ရောဂါ လက္ခဏာ မပြသော်လည်း အချိန်ကာလတစ်ခုကြာမှ ရောဂါဖြစ်ပေါ်တတ်သဖြင့် ကုသရန် ခက်ခဲသည့် အခြေအနေရောက်ရကြောင်း သိရသည်။ ယင်းအုပ်စုတွင် bacteria, yeasts, molds များ ပါဝင်ပါသည်။

-ဘေးဥပဒ်အန္တရာယ်ပေးသော ဘက်တီးရီးယားများကို မလတ်ဆတ်သော အစားအစာများ၏ အတွင်းပိုင်းတွင် ပေါက်ပွားနေသော်လည်း၊ မျက်စိနှင့်မမြင်နိုင်ပါ။ ထိုအစားအစာများကို ကိုယ်ခံအားနည်းသော လူနှင့်တိရစ္ဆာန်များ စားသုံးမိပါက၊ ချက်ချင်း သိသာသော ဆိုးကျိုးဖြစ်သည့် မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်နာ၍ဝမ်းလျှောခြင်း၊ ဖျားနာပြီး အစာအဆိပ်သင့်၍ သေစေသည်အထိ ဘေးဥပဒ်အန္တရာယ်ပေးကြောင်း တွေ့ရသည်။ (ယင်းအုပ်စုတွင် bacteria, viruses, parasites နှင့် toxins/ aflatoxin မှိုဆိပ်များ ပါဝင်ပါသည်။)

ထိုအန္တရာယ်ပေးသော ဘက်တီးရီးယား အပါအဝင် အဏုဇီဝများ ပေါက်ပွားရန် သီးနှံ ဟင်းသီးဟင်းရွက်၊ သားငါးနှင့် အသင့်စားသောက်ကုန်တို့၏ သဘာဝနှင့် ဖွဲ့စည်းပုံပေါ် မူတည်၍ ပြင်ပမှ ပေါက်ပွားစေနိုင်သော အကြောင်းရင်း အချက်များနှင့် ပင်ကိုအတွင်း မှပေါက်ပွားစေသော အကြောင်းရင်းအချက်များပေါ် တည်မှီပြီး ပေါက်ပွားရန် အခြေအနေပေးမှသာ ပေါက်ပွားနိုင်ကြောင်း သိရပါသည်။

ပြင်ပမှ ပေါက်ပွားစေနိုင်သော အကြောင်း ရင်းအချက်တွင် -

- အပူချိန်အရ အမျိုးမျိုးသော အပူချိန် အလိုက်ဆိုင်ရာ ဘက်တီးရီးယားများ ပေါက်ပွားနိုင်ကြသော်လည်း အလွန်မြင့်သော အပူချိန်နှင့် (7°C)အောက်တွင် အန္တရာယ်ပေး သော အဏုဇီဝပိုးမွှားများမှာ များသောအားဖြင့် မပေါက်ပွားနိုင်ကြောင်း သိရပါသည်။

- ပတ်ဝန်းကျင်လေထုဖိအားအနေဖြင့် လေထုထဲရှိ $(CO_2)$ကာဗွန်ဒိုင်အောက်ဆိုဒ်၏ အခြေအနေအရ ပေါက်ပွားနိုင်ပါသည်။

- စိုထိုင်းဆနှင့် အစိုဓာတ်ပါဝင်မှု အနည်းအများအခြေအနေတွင် များသောအားဖြင့် ပေါက်ပွားတတ်ကြောင်း လေ့လာသိရှိရသည်။

စားသောက်ကုန်တို့၏ ပင်ကိုအတွင်းမှ ဖြစ်ပေါ်ပေါက်ပွားစေသော အကြောင်းရင်းများတွင်-

- သီးနှံ၊ ဟင်းသီးဟင်းရွက်၊ သားငါး အစားအစာများအလိုက် စေးပြစ်ခြင်း pH Level အဆင့်သင့်မြတ်သော အခြေအနေအရ ပေါက်ပွားနိုင်ကြသော်လည်း အန္တရာယ်ပေးသော အဏုဇီဝပိုးများမှာ pH(၄ ဒသမ ၆)အောက်တွင် မပေါက်နိုင်ကြောင်း တွေ့ရသည်။

- အစားအစာများအပေါ် ပြင်ပလေ ထိတွေ့ခြင်း အနည်းအများအလိုက် အခွင့်သာလျှင် ပေါက်ပွားနိုင်ပါသည်။

- ရေ၏လုပ်ဆောင်ချက် (Water activity= $a_w$ Level) အဆင့်မြင့်သော အခြေအနေတွင် ပေါက်ပွားနိုင်သော်လည်း နိမ့်ကျသော အခြေအနေတွင် များသောအားဖြင့် မပေါက်ပွားနိုင်ကြောင်း လေ့လာသိရှိရပါသည်။

- ထို့အပြင် အစားအစာများအတွင်း အာဟာရဓာတ်ပါဝင်မှု အနည်းအများပေါ် မူတည်ပြီး ထိုဘက်တီးရီးယားအပါအဝင် အဏုဇီဝတို့ ပေါက်ပွားရန် အားပေးနိုင်သော်လည်း Antimicrobial agentsနှင့် မှိုမကျရောက်ရန် Antifungal constrituents ပစ္စည်းများကို ချိန်ဆပြီး အသုံးပြုခဲ့မည်ဆိုလျှင် အချိန်ကာလတစ်ခုအထိ ဘက်တီးရီးယားများ ပေါက်ပွားမှုကို ဟန့်တားထားနိုင်ကြောင်း တွေ့ရသည်။

ထိုဘက်တီးရီးယားအပါအဝင် အဏုဇီဝပိုးမွှားများမှာ အကယ်၍ ပေါက်ပွားရန် အခွင့်အရေးရခဲ့မည်ဆိုလျှင် မိနစ်(၃၀) တိုင်း ဘက်တီးရီးယားတစ်ကောင်၏ ခါးအလယ်မှပြတ်၍ နှစ်ကောင်ကွဲထွက် ပေါက်ပွားလာပြီး ထိုနှစ်ကောင်မှ ထပ်မံ ခါးအလယ်ပြတ်၍ ထပ်ပေါက်ပွားလာသဖြင့် ထပ်ဆင့်ပေါက်ပွားခြင်းဖြင့် အကောင်ပေါင်း များစွာ ဖြစ်ပေါ်လာစေကြောင်း သုတေသန လေ့လာ ရှာဖွေခြင်းမှ သိရှိ ခဲ့ရသည်။

လူနှင့်တိရစ္ဆာန်တို့အား အန္တရာယ်ပေးသည့် ဘက်တီးရီးယား အပါအဝင် အဏုဇီဝအုပ်စုများကို သန့်ရှင်းလတ်ဆတ်မှုမရှိသော ဝက်သားနှင့် အသားကုန်ကြမ်း၊ မသန့်ရှင်းသော သီးနှံဟင်းသီး ဟင်းရွက်များ၊ မကျက်တကျက်၊ မနူးမနပ်ပေါင်းထားသော ကြပ်တင်ထားသော အသားနှင့် ငါးများတွင် လည်းကောင်း၊ နှစ်ကာလလွန် အသင့် အစားအစာများ (အသားဆီသွတ်ဗူး၊ နှစ်လွန် အချိုရည်ဗူးများ၊ ကြက်၊ဝက်၊ အမဲသားအူချောင်းများ)၊ ရက်လွန် အသားညှပ်ပေါင်မုန့် (ဆိတ်သားမုန့်/ဘဲသားမုန့်) ရက်လွန် ကြက်ဥနို့ပေါင်း၊ ပူတင်းများနှင့် သတ်မှတ်ရက်လွန် အဆင်သင့် နို့ဗူးများ၊ ညစ်ညမ်းပြီး မလတ်ဆတ်သော ပျက်စီးစ၊ အစို့အညှောင့် အပင်များ(မှိုနှင့်ပဲပင်ပေါက်) မမြင်ရသော မှိုစွဲ၊ ချောကလက်၊ မြေပဲလိပ်၊ နှစ်ကာလလွန် အိတ်ပိတ်အာလူးကြော်၊ ငရုတ်သီး၊ မုန့်၊ ပဲမုန့်၊ ခေါက်ဆွဲခြောက်၊ ဟင်းခတ်အမွှေးအကြိုင်များတွင် ပါဝင်နိုင်ပါသည်။

ထိုဘေးဥပဒ်အန္တရာယ်ပေးသော ပိုးမွှားများကြောင့် အူရောင်ငန်းဖျား၊ အဆုတ်တီဘီနာ၊ လေးဘက်နာ၊ အသည်းရောဂါနှင့် မှိုဆိပ်များကြောင့် မူးဝေ အော့အန်ပြီး၊ ကင်ဆာရောဂါဖြစ်စေရန် အားပေးနိုင်ကြောင်း ဆေးပညာ အရသိရပါသည်။ မသန့်ရှင်းသော အစားအစာများ စားသုံးမိခြင်းကြောင့် လူတိုင်းကို တိကျသေချာသော ရောဂါဆိုးကျိုးပေးတတ်သည်မဟုတ်ပါ။ စားသုံးလိုက်သော အစားအစာတွင် ပါဝင်နေသည့် ပိုးမွှားအရေအတွက် အနည်းအများနှင့် စားသုံးသူ၏ခံနိုင်ရည်၊ ကိုယ်ခံအားပေါ် မူတည်ပြီးမှသာ ဆိုးကျိုးဖြစ်နိုင်ကြောင်း သိရသည်။

နိဂုံးချုပ်အနေဖြင့် သဘာဝတရားအရ အချိန်တန်လျှင် ပျက်စီးယိုယွင်းကြရမည်ဖြစ်သော်လည်း စားသောက်ကုန်များတွင် ဘက်တီးရီးယား အပါအဝင် အဏုဇီဝပိုးများ ပေါက်ပွားစေပြီး အချိန်မတိုင်မီ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရန်၊ ထုတ်လုပ်စဉ်၊ ထားသိုစဉ်၊ အစားအစာအမျိုးအစားအလိုက် သတ်မှတ်ထားသောစံနှင့် သတ်မှတ်ချက်များကို သိရှိလိုက်နာရန် လိုပါသည်။ ထုတ်လုပ်သူများအနေဖြင့် များများထုတ် များများရောင်းနိုင်ပြီး များများစားသုံးနိုင်ရန် ဝါဒကျင့်သုံးသော Consumerism မဖြစ်စေဘဲ အရေအတွက်ထက် အရည်အသွေးကောင်းသည့် စားသောက်ကုန်များ ထုတ်လုပ်ခဲ့မည်ဆိုလျှင် စားသုံးသူထံမရောက်မီ ရောင်းဝယ်သူများလက်ထဲတွင်လည်း အချိန်ကာလတစ်ခုအထိ မပျက်စီးဘဲ အထားခံနိုင်မည်ဖြစ်သည်။ အစစ်အမှန်နှင့် အတုအပ အရောအနှောများစွာ ရှိနေသည့် စားသောက်ကုန်တို့အား ပြည်တွင်းဈေးကွက်တွင် စံမီခြင်း မမီခြင်းရှိသော အမယ်အလိုက် နေ့စဉ် စစ်ဆေးရန် မလွယ်ကူလှပါ။ ထိုကိစ္စရပ် များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပြည်ပနိုင်ငံတချို့မှ ပညာရှင်များမှာ အသိပညာနှင့် စမ်းသပ်စစ်ဆေးနိုင်သည့် နည်းပညာအပိုင်းများကို အကူအညီပေးနေသော်လည်း ရှာဖွေ စမ်းသပ် စစ်ဆေးပေးနိုင်သော အဏုဇီဝပိုးမွှား ဓာတ်ခွဲခန်း အရေအတွက် အနည်းအကျဉ်းသာ ရှိသေးကြောင်း တွေ့ရသည်။

စားသုံးသူများအနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်စဉ် အသုံးပြုပစ္စည်းများအား ရေများများဖြင့်စင်အောင် ဆေးကြော၍ အပူချိန်မြင့်မြင့်ပေးပြီး ချက်ပြုတ်ရန်လိုသလို ပိုလျှံသော အသားနှင့်ငါးများအား ရေခဲသေတ္တာတွင် (7°C) အောက်တွင် ထားရှိရန် သီးနှံဟင်းသီးဟင်းရွက်များအား ရိရွဲမသွားရန် ခံနိုင်ရည်ရှိသည့် 18°C နှင့် 17°C အတွင်း အအေးခံ၍ သိမ်းဆည်း ရမည်ဖြစ်သည်။ အဖုံးမလုံ ဖွင့်ဖောက်စားထားသော စည်သွတ်ဗူးနှင့် အစားအစာများအား ရက်ရှည်ကြာစွာထားပြီး မစားသင့်ပါ။

ထို့ကြောင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာနှင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့်သက်ဆိုင်သော ဗဟုသုတများကို သိရှိထားရန် လိုအပ်သလို ရာသီဥတုကိုလိုက်၍ မိမိနှင့်သင့်တင့် လျောက်ပတ်သော သန့်ရှင်းလတ်ဆတ်သော အစားအစာများ သတိထား ရွေးချယ်စားတတ်ရန် လိုအပ်ပါကြောင်း အသိပညာပေး ရေးသားလိုက်ပါသည်။

# အိန္ဒိယပဲရက်သတ္တပတ်

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံရက်သတ္တပတ်အစီရင်ခံစာကို အဂရီဝပ်ချ်က ဧပြီလ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဂရီဝပ်ချ်၏ပဲမျိုးစုံရက်သတ္တပတ် အစီရင်ခံစာတွင် အိန္ဒိယအစိုးရ၏ ပဲမျိုးစုံဝယ်ယူဖြည့်တင်းမှု၊ နိုင်ငံခြားပဲများ အိန္ဒိယနိုင်ငံအတွင်းသို့ တင်သွင်းမှု၊ မြန်မာနိုင်ငံမှ တင်သွင်းသောပဲမျိုးစုံ အခြေအနေနှင့် အခြားပဲများ၏ ဈေးနှုန်းအခြေအနေကို ဖော်ပြထားသည်။

**အိန္ဒိယအစိုးရ၏ ပဲမျိုးစုံဝယ်ယူဖြည့်တင်းမှု**

အစိုးရရဲ့ ပဲမျိုးစုံဝယ်ယူဖြည့်တင်းမှုကို မူလက ဧပြီ ၁၅ ရက်အထိ ဆောင်ရွက်ရန် သတ်မှတ်ခဲ့ရာမှ ဧပြီလ ၂၂ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားသုံးသူရေးရာ၊ အစားအစာနဲ့ ပြည်သူ့ဖြန့်ဖြူးရေးလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီးက ပြောကြားသည်။ ဝယ်ယူဖြည့်တင်းရေးကို အကောင်အထည်ဖော် ဆောင်ရွက်မည့် အေဂျင်စီအားလုံးက ပဲမျိုးစုံကို အနိမ့်ဆုံး အစိုးရထောက်ပံ့ဈေးနှုန်း (Minimum Support Price) ဖြင့် ပဲတောင်သူများထံမှ တိုက်ရိုက်ဝယ်ယူကြမည်ဖြစ်သည်။ ယခုနှစ်အတွင်း ဝယ်ယူဖြည့်တင်းရန် လျာထားချက်မှာ ပဲမျိုးစုံတန်ချိန်သန်း ၂၀ ဖြစ်ရာ၊ အစိုးရအေဂျင်စီများမှ ဝယ်ယူရရှိမှုမှာ တန်ချိန် ၁၄ ဒသမ ၁၀ သိန်းရှိပြီး၊ ပြည်ပမှ တင်သွင်းလာသော ပဲများမှဝယ်ယူဖြည့်တင်းမှု တန်ချိန်မှာ လေးသိန်းရှိသဖြင့် စုစုပေါင်းတန်ချိန် ၁၈ ဒသမ ၁၀ သိန်းအထိ ရရှိပြီးဖြစ်သည်။ ပဲမျိုးစုံအနက် ပဲစင်းငုံမှာ အများအပြားထွက်ရှိနေပြီဖြစ်သည့်အတွက်အစိုးရ၏ ဝယ်ယူဖြည့်တင်းမှုကို တန်ချိန်သိန်း ၂၀ ကျော်အထိ ဆောင်ရွက်နိုင်ဖွယ်ရှိသည်။

**ပဲမျိုးစုံတင်သွင်းမှု**

အစိုးရက ပဲစင်းငုံတင်သွင်းခွန်ကို ၁၀ ရာခိုင်နှုန်း သတ်မှတ်ပြဋ္ဌာန်းထားသော်လည်း ဈေးကွက်အတွင်း ပဲစင်းငုံဝင်ရောက်မှုများပြားခြင်းနှင့် မြန်မာနိုင်ငံမှ ဝင်ရောက်သော ပဲများဈေးသက်သာခြင်းတို့ကြောင့် လက်ငင်းဈေးကွက်တွင် ပဲစင်းငုံဈေးကျဆင်းမည့် အလားအလာကို တွေ့ရသည်။ ထို့အပြင် မြန်မာ၊ ဆူဒန်နှင့်ဩစတြေးလျနိုင်ငံတို့မှ တင်သွင်းသောပဲစင်းငုံကို အစိုးရက သွင်းကုန်ခွန်ကောက်ခံခြင်း မရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် ပြည်တွင်းကုန်သည်တို့က ဈေးကွက်အတွင်းသို့ ပဲစင်းငုံများ တင်ပို့ရောင်းချလာသည့်အတွက် ဈေးနှုန်းများ ကျဆင်းလာသဖြင့် ပြန်လည်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ဥတ္တရာပရာဒေ့ရှ်အချို့ဒေသများတွင်ပဲများ ရိတ်သိမ်းလျက်ရှိသဖြင့် ဈေးကွက်အတွင်းသို့ ပဲစင်းငုံများဆက်လက်ဝင်ရောက်လာဖွယ်ရှိသည်။ မြန်မာနိုင်ငံမှ ပဲစင်းငုံဈေးမှာ CNF အခြေခံဖြင့် တွက်ချက်ပါက တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၂၀ မှ ၆၃၀ အတွင်းရှိနေသည်။

အိန္ဒိယဆိပ်ကမ်းများဖြစ်သော ခရစ်ရှနာပက်တနမ်နှင့်ချင်နိုင်းသင်္ဘောဆိပ်တို့တွင် မတ်လ ၂၂ ရက်မှ ၂၇ ရက်အတွင်း ပဲမျိုးစုံကုန်သေတ္တာ တင်သွင်းမှုမှာ ၃၄၅ လုံးရှိခဲ့ရာမှ မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်အထိ ကုန်သေတ္တာတင်သွင်းမှုမှာ ၂၉၆ လုံးအထိ ကျဆင်းခဲ့သည်။ စုစုပေါင်း တင်သွင်းခဲ့သော ကုန်သေတ္တာ ၂၉၆ လုံးအနက် မတ်ပဲမှာ ကုန်သေတ္တာ ၁၅၈ လုံးဖြင့် အများဆုံးဖြစ်ပြီး ဒုတိယနှင့် တတိယအများဆုံးမှာ ကုလားပဲနှင့်ပဲစင်းငုံတို့ဖြစ်သည်။

**ပဲမျိုးစုံဈေးနှုန်း**

ကုလားပဲဈေးကွက်တွင် ကုလားပဲကို အဝယ်လိုက်လာပြီး အဝင်လည်းနည်းသည့်အတွက် ရက်သတ္တပတ်အလယ်လောက်တွင် ကုလားပဲဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၃၀၀ မှ ၄၀၀ မြင့်တက် ခဲ့သည်။ ဈေးကွက်အတွင်းသို့ သီးနှံအဝင် ကျဆင်းမှု၊ ပဲတောင်သူတို့က ပဲများကို ဈေးကွက်သို့ မတင်သေးဘဲ ထိန်းထားသည့်အတွက် လာမည့်ရက်သတ္တပတ်များတွင် လက်ငင်းဈေးကွက်၌ ကုလားပဲဈေးမြင့်တက်မည်ဟု ခန့်မှန်းရသည်။ ဈေးကွက်အတွင်း၌ ဝယ်လိုအားမြင့်တက်လာမည်ဖြစ်သည့်အတွက် ဧပြီဒုတိယလဝက်တွင် ကုလားပဲ၊ ပဲတီစိမ်းနှင့် မတ်ပဲတို့၏ ဈေးနှုန်းများ မြင့်တက်လာမည်ဟု ခန့်မှန်းရသည်။ လောလောဆယ်တွင် မွမ်ဘိုင်းဈေးကွက်၌ ကုလားပဲဈေးနှုန်းမှာ တစ်ကွင်တယ်ကို ရူပီး ၆၀၅၀ မှ ၆၁၀၀ အတွင်းရှိသည်။

ပဲနီလေးဈေးမှာ ရက်သတ္တပတ်အကုန်တွင် ပြန်လည်ကျဆင်းမည့် လက္ခဏာရှိသော်လည်း ဈေးနှုန်းမှာ ခိုင်မာနေဆဲဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ပဲနီလေးထုတ်လုပ်မှုမှာ မူလခန့်မှန်းချက်အောက် ကျဆင်းခြင်းနှင့် ၂၀၁၇ ခုနှစ်တွင် ကနေဒါ၌ စိုက်ဧရိယာကျဆင်းမှုတို့ကြောင့် ပဲနီလေးဈေးမှာ လက်ရှိအဆင့်ထက် မြင့်တက်လာမည့် အခြေအနေရှိသည်။ ပဲနီလေးထုတ်လုပ်ရာဒေသများတွင် ဈေးကွက်ဝင်ရောက်မှု နည်းပါးနေသေးသည့်အတွက် အားလုံးခြုံငုံကြည့်ပါက ဈေးနှုန်းအခြေအနေမှာ ခိုင်မာနေဆဲဖြစ်သည်။

မွမ်ဘိုင်းဈေးကွက်တွင် ပဲစင်းငုံနီ (အဟောင်း) ကို တစ်ကွင်တယ်လျှင် ရူပီး ၄၁၀၀ မှ ရူပီး ၄၁၅၀ နှုန်းနှင့်ပဲစင်းငုံနီ (အသစ်) ဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၄၂၀၀ ဈေးရှိသည့်အတွက် ယခင်ဈေးအောက်ကျဆင်းခဲ့သော်လည်း ဆက်လက်ကျဆင်းမည့် လက္ခဏာကို မတွေ့ရပါ။ မြန်မာနိုင်ငံမှ ပဲစင်းငုံအဝင်မှာ အကန့်အသတ်ရှိနေခြင်းနှင့် ပြည်တွင်းပဲတောင်သူတို့က ဈေးကွက်မတင်သေးသည့်အတွက် ဈေးနှုန်းမှာ တက်ရိပ်ပြနေဆဲဖြစ် သည်။ မွမ်ဘိုင်းဈေးကွက်တွင် ပြည်ပမှတင်သွင်းလာသော ကုလားပဲဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၆၁၀၀ မှ ၆၁၅၀ အထိရှိသည်။ ကနေဒါပဲနီလေးဈေးနှုန်းမှာ တစ်ကွင်တယ်ကို ရူပီး ၄၁၅၀ နှင့် ဩစတြေးလျပဲနီလေးဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၄၂၅၀ နှုန်းရှိသည်။ ဧပြီ တတိယပတ်တွင် ဈေးအနည်းငယ်ဆက်လက်မြင့်တက်ဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။

စားတော်ပဲဈေးကွက်ကိုကြည့်ပါက ကနေဒါတွင် ပဲရာသီကုန်ဆုံးပြီး အိန္ဒိယစားတော်ပဲမှာလည်း စက်တင်ဘာ၊ အောက်တိုဘာမတိုင်မီဈေးကွက်သို့ ဝင်လာဦးမည်မဟုတ်သေးသည့်အတွက် စားတော်ပဲဈေးမှာ အနည်းငယ်မြင့်တက်နေဦးမည်ဖြစ်သည်။ ဝယ်လိုအား မြင့်တက်လာဦးမည်ဟု ခန့်မှန်းထားသည့်အတွက် လာမည့်ရက်သတ္တပတ်များတွင် မတ်ပဲ၊ ပဲတီစိမ်းနှင့် ကုလားပဲတို့နည်းတူ စားတော်ပဲဈေးမှာလည်း မြင့်တက်နေဦးမည်ဟု ခန့်မှန်းရသည်။

**မြန်မာပဲများအခြေအနေ**

မြန်မာပဲစင်းငုံနီ၏ CIF ဈေးနှုန်းမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၂၀ မှ ၆၂၅ ဒေါ်လာနှုန်းရှိသည်။ မတ်ပဲ FAQ ဈေးက တစ် တန်ကို အမေရိကန်ဒေါ်လာ ၆၅၀ နှင့် SQ ဈေးက တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၁၀၀၊ ပဲတီစိမ်း Pedisheva ကတစ်တန်ကို အမေရိကန်ဒေါ်လာ ၁၀၁၀ မှ ၁၀၂၀၊ ပဲတီစိမ်း Pakakois က တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၇၀ ဈေးရှိသည်။ မြန်မာပဲများ၏ CIF ဈေးများမှာမူ လာမည့်ရက်သတ္တပတ်များတွင် ဈေးငြိမ်နေဦးမည်ဟု ခန့်မှန်းရပြီး အိန္ဒိယဈေးကွက်တွင် ပဲအဝင်လျှိုင်နေသဖြင့် အိန္ဒိယနိုင်ငံဈေးကွက်၏ ဝယ်လိုအားမှာ ကျဆင်းနိုင်သည်။

**အပြည်ပြည်ဆိုင်ရာဈေးကွက်**

၂၀၁၆-၁၇ သီးနှံနှစ်အတွင်း ကနေဒါနိုင်ငံ၏ ပဲထုတ်လုပ်မှုအခြေအနေကိုကြည့်ပါက ပဲနီလေး တန်ချိန် ၄၈ ဒသမ ၃၆ သိန်းနှင့် ကုလားပဲတန်ချိန် ၈၂၀၀၀ ရှိမည်ဟု ခန့်မှန်းထားသည်။ ဤထုတ်လုပ်မှု အခြေအနေကိုကြည့်ပါက ၂၀၁၇-၁၈ သီးနှံနှစ်တွင် ကုလားပဲတန်ချိန် ၁ ဒသမ ၄၅ သိန်း၊ စားတော်ပဲတန်ချိန် ၄၂ ဒသမ ၅၀ သိန်းနှင့် ပဲနီလေးတန်ချိန် ၃၅ သိန်း ထုတ်လုပ်နိုင်လိမ့်မည်ဟု ခန့်မှန်းထားသည်။ လက်ရှိဈေးနှုန်း နိမ့်ကျနေမှုနှင့် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအား ကျဆင်းနေမှုကြောင့် စားတော်ပဲထုတ်လုပ်မှုကို လျှော့ချလိမ့်မည်ဟု ခန့်မှန်းထားသည်။

ရာသီဥတုကောင်းမွန်မှုနှင့် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားမြင့်တက်မှုကြောင့် ၂၀၁၇ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၏ ကုလားပဲစိုက်ပျိုးမှုမြင့်တက်မည်ဟု ခန့်မှန်းထားသည်။ မတ်လအတွင်းက ဩစတြေးလျနိုင်ငံ၏ ကုလားပဲဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၂၅ နှင့် ၁၃၅ ဒေါ်လာ အတွင်းရှိနေရာမှ တစ်တန်ကို အမေရိကန်ဒေါ်လာ ၉၁၅ အထိ တစ်ဟုန်ထိုးမြင့်တက်ခဲ့သည်။ အိန္ဒိယ၊ ပါကစ္စတန်နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ကုလားပဲဝယ်လိုအားမှာ ဆက်လက်မြင့်တက်လျက်ရှိသည့်အတွက်ဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် ယခင်နှစ်က ကုလားပဲတန်ချိန် မက်ထရစ်တန် တစ်သန်းအထိ ဝယ်ယူခဲ့သည်။ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကမူ တန်ချိန် ၃၂၅၀၀၀ နှင့် တန်ချိန် ၆၀၀၀၀ အသီးသီးဝယ်ယူခဲ့သည်။ ဈေးနှုန်းကောင်းမွန်မှုကြောင့် လာမည့်နှစ်တွင် ဩစတြေးလျပဲ တောင်သူတို့က ကုလားပဲစိုက် ဧရိယာကို ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းထိ တိုးချဲ့စိုက်ပျိုးမည်ဟု ခန့်မှန်းရသည်။

ဩစတြေးလျနိုင်ငံက ပဲနီလေးတစ်တန်ကို အမေရိကန်ဒေါ်လာ ၆၇၅ မှ ဒေါ်လာ ၆၈၀ အကြားတင်ပို့ရန် ကမ်းလှမ်းထားပြီး ကနေဒါနိုင်ငံကမူ တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၅၀ ဖြင့် တင်ပို့ရန် ကမ်းလှမ်းထားသည်။ ဩစတြေးလျနိုင်ငံ၏ ပဲနီလေးဈေးနှုန်း သက်သာမှုက ကနေဒါ ပဲနီလေး ဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်သည်။

ညဏ်တင်-စုစည်းတင်ပြသည်

## အိန္ဒိယ ငရုတ်စိုက်တောင်သူများကို အကူအညီပေးရန် ဝယ်ယူရေးအစီအစဉ်ကို အန္ဒရာပရာဒေ့ရှ် ပြည်နယ်အစိုးရချမှတ်

အိန္ဒိယနိုင်ငံတွင် အကြီးမားဆုံး ဈေးကွက်ကြီးတစ်ခုဖြစ်သော ဂွန်တူးရ်ဈေးကွက်တွင် ဈေးနှုန်းများကျဆင်းခဲ့ပြီးနောက် ယခုနှစ် နွေရာသီတွင် အိန္ဒိယငရုတ်တောင်သူများ အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရကြောင်း ယခုအချိန်တွင်မူ ဈေးနှုန်းများ ပြန်လည်မြှင့်တင်နိုင်ရေးအတွက် ဈေးကွက်ကို ကိုင်တွယ်ဖြေရှင်းရေးအတွက် ဆောင်ရွက်ရမည့် လမ်းညွှန်မှုများကို အန္ဒရာပရာဒေ့ရှ်ပြည်နယ် အစိုးရက ချမှတ်ခဲ့သည့်အတွက် တောင်သူများ အသက်ရှူချောင်ခဲ့ရကြောင်း ဟိန္ဒူဘိဇနက်လိုင်းသတင်းတွင်ဖော်ပြသည်။

ဈေးကွက် ဝင်ရောက်စွက်ဖက်ရေး အစီအစဉ်ကို ဧပြီ ၂၀ ရက်မှ စတင်ပြီး ဇွန် ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်ဈေးကွက်ဖော်ဆောင်ရေးဌာနက ချမှတ်ထားသော လမ်းညွှန်မှုတွင် ဖော်ပြထားသည်။ သို့ရာတွင် မေ ၁၂ ရက်မှ ဇွန် ၁၁ ရက်အထိ ကာလမှာ နွေရာသီအားလပ်ရက်အဖြစ် ဈေးပိတ်ထားမည်ဖြစ်ရာ အဆိုပါကာလတွင် ယခုအစီအစဉ်ကို ဆောင်ရွက်မည်မဟုတ်ပေ။

လမ်းညွှန်ချက်အရဆိုပါက ငရုတ်သီး ကွင်တယ် ၂၀ အထိ ရောင်းချသော တောင်သူတိုင်းအား နောက်ထပ်ထောက်ပံ့ကြေးအဖြစ် တစ်ကွင်တယ်ကို ရူပီး ၁၅၀၀ ပေးမည်ဖြစ်သည်။ သို့ဖြစ် ရာ အစိုးရက ထောက်ပံ့သော ရူပီး ၁၅၀၀ အပါအဝင် တစ်ကွင်တယ်၏ဈေးနှုန်းမှာ ရူပီး ၈၀၀၀ အထက်တွင်ရှိသည်။

ငရုတ်သီးဈေးများမှာ ယခင်နှစ်က တစ်ကွင်တယ်ကို ရူပီး ၁၂၀၀၀ မှ ၁၄၀၀၀ အထိရှိခဲ့ရာမှ ယခုနှစ်တွင် တစ်ကွင်တယ်ကို ရူပီး၅၀၀၀ အောက် အထိ ကျဆင်းခဲ့သည့်အတွက် ပြည်နယ် အစိုးရက ဈေးကွက်အတွင်း ဝင်ရောက်ကိုင်တွယ် ဖြေရှင်းမှုများကို ဆောင်ရွက်ခဲ့ရသည်။



# သီးနှံများတွင် အာဟာရတန်ဖိုးကျဆင်းမှုကို ထိန်းချုပ်ဆောင်ရွက်ရန် အိန္ဒိယကေရာလလယ်ယာ စိုက်ပျိုးရေးတက္ကသိုလ်ကကြိုးပမ်း

ကေရာလဒေသတွင် ဓာတ်မြေဩဇာများကို မဆင်မခြင်သုံးစွဲမှုကြောင့် ဆန်စပါး၊ အုန်း၊ ငှက်ပျောနှင့် ဟင်းသီးဟင်းရွက်များအပါအဝင် သီးနှံများတွင် အာဟာရချို့တဲ့မှုကို ပိုမိုဆိုးရွားစေနိုင်ကြောင်းနှင့် တီထွင်ဆန်းသစ်မှုရှိသော အာဟာရဖြည့်တင်းရေး ဖော်မြူလာများကို ဖော်ထုတ်ကာ ဤပြဿနာများကို ဖြေရှင်းရေးအတွက် ကေရာလလယ်ယာစိုက်ပျိုးရေး တက္ကသိုလ်က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဟိန္ဒူဘိဇနက်လိုင်းသတင်းတွင် ဖော်ပြသည်။



စိုက်ပျိုးရေးတက္ကသိုလ်မှ စမ်းသပ်ဖော်ထုတ်ထားသည့် ပစ္စည်းများတွင် အာဟာရစုံပါဝင်သော မြေဩဇာ အရောအနှောများ၊ အာဟာရပါဝင် အောင်ပြင်ဆင်မှုများ၊ အာဟာရ ပြည့်ဝစေသည့် မြေဩဇာတောင့်နှင့် အစေ့များ၊ မြေဩဇာအပြားများ၊ အာဟာရမြေဩဇာပါဝင်ပြီး ရေတွင်ပျော်ဝင်နိုင်သည့် အပြားများစသည်တို့ ပါဝင်သည်။

သီးနှံများ ထုတ်လုပ်မှုကျဆင်းရသည့် အဓိကအချက်များအနက် မြေဆီလွှာတွင် အဓိကနှင့်သာမန်အာဟာရများချို့တဲ့မှုသည် အဓိကဖြစ်ကြောင်း တက္ကသိုလ်က ဖော်ထုတ်တွေ့ရှိခဲ့သည်။ ပြည်နယ်အတွင်း ဒေသအတော်များများတွင်ရှိသော မြေဆီလွှာများတွင် အဓိကမြေဆီလွှာ အာဟာရများသာမက မဂ္ဂနီဆီယမ်၊ ကယ်လ်ဆီယမ်စသည့် ဒုတိယတန်းစား မြေဆီလွှာ အာဟာရများပါ ချို့တဲ့လျက်ရှိကြောင်း မြေဆီလွှာ အရည်အသွေး စစ်ဆေးချက်များအရ သိရသည်။

အရေးကြီးသော အခြေခံ မြေဆီလွှာအာဟာရလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အာဟာရစုံပါဝင်သော မြေဩဇာအရောအနှောများ (Multi-nutrient Mixture) မှာ တက္ကသိုလ်မှ ပထမဆုံးအကြိမ်အဖြစ် ထုတ်လုပ်လိုက်သော ထုတ်ကုန်များဖြစ်သည်။

"လယ်သမားတွေက ဓာတ်မြေဩဇာနဲ့ အပင်အာဟာရဖြည့် ပစ္စည်းများကို အသုံးပြုတဲ့အခါ အလွယ်တကူအသုံးပြုနိုင်အောင် တီထွင်ဆန်းသစ်မှုတွေကို ကျွန်တော်တို့ အများကြီး ဆောင်ရွက်ထားပါတယ်"ဟု ကေရာလ လယ်ယာစိုက်ပျိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် အာရ်ရာဂျင်ဒရန် က ပြောသည်။

သစ်ပင်တွေကို အာဟာရဓာတ် တိုက်ရိုက်ကျွေးတာက အခြားနည်းလမ်းများကို အသုံးပြုခြင်းထက် ပိုမို လျင်မြန်ကောင်းမွန်သော ရလဒ်များကို ရရှိစေနိုင်ပါသည်။

အရေအတွက်အားဖြင့် အများ ကြီး မလိုအပ်ဘဲ မြေဆီလွှာနှင့် သီးနှံပင်များတွင် ဓာတုပစ္စည်းများ ပါဝင်မှုကို လျှော့ချပေးနိုင်သည့်အပြင် အလေအလွင့်ကိုလည်း ထိန်းသိမ်းနိုင်သည်။

# မသန်စွမ်းသူများအား အလုပ်ခန့်ထားသည့်အတွက် ထောက်ပံ့မှုပေးခြင်းကို ဖိလစ်ပိုင်အလုပ်ရှင်တို့ထောက်ခံ

လုပ်ကိုင်နိုင်စွမ်းရှိသော မသန်စွမ်းသူ (Persons with Disabilities-PWD) များအား လစ်လပ်သောလုပ်ငန်းနေရာများတွင် ခန့်ထားပေးသော လုပ်ငန်းများအား ထောက်ပံ့မှုများပေးရန် အဆိုပြုထားသော အစီအမံများကို ဖိလစ်ပိုင်အလုပ်ရှင်တို့က ထောက်ခံကြကြောင်း ဖိလစ်ပင်းစတား သတင်းတွင်ဖော်ပြသည်။

အလုပ်အကိုင်နေရာသစ်များကို ခန့်ထားရာတွင် စုစုပေါင်း လစ်လပ်နေရာ၏ နှစ်ရာခိုင်နှုန်းအထိ PWD များကို ခန့်ထားခြင်းမရှိသော လုပ်ငန်းရှင်များကို အပြစ်ဒဏ်ပေးခြင်းထက် PWD များကို အလုပ်အကိုင်များ ခန့်ထားသည့် အလုပ်ရှင်များအား အခွန်လျှော့ပေါ့ခြင်းအပါအဝင် မက်လုံးပေး၍ ဆွဲဆောင်မှုပေးသော အစီအမံများကို ထောက်ခံကြောင်း အောက်လွှတ်တော် လူမှုရေးရာ ကော်မတီဥက္ကဋ္ဌထံသို့ တင်သွင်းသော အစီရင်ခံစာတွင် ဖိလစ်ပိုင်အလုပ်ရှင်များအသင်း (Employers Confederation of the Philippine-ECOP) က ဖော်ပြထားသည်။

ပုဂ္ဂလိကကုမ္ပဏီများအပေါ်တွင် ကန့်သတ်ချက်များ ချမှတ်ခြင်းမှာမူ အခြေခံဥပဒေပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်းဖြစ်ကြောင်း ECOP က ပြောသည်။

"စီးပွားရေးလုပ်ငန်းတွေ လုပ်ငန်းဆောင်ရွက်ရာမှာ အလုပ်ရှင်တွေရဲ့ ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်တာကို ဥပဒေက ခွင့်ပြုမထားပါဘူး။ အလုပ်ရှင်က လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရှိပါတယ်။ တရားဥပဒေမဲ့ ခွဲခြားဆက်ဆံမှုနဲ့ ဥပဒေပြဋ္ဌာန်းချက်များကို ဖောက်ဖျက်တဲ့ ကိစ္စရပ်များမှအပ အလုပ်သမားခန့်ထားမှုမှအစ အလုပ်မှထုတ်ပယ်မှုအဆုံး ကိစ္စရပ်အားလုံးကို သဘောကျဆောင်ရွက်ခွင့်ရှိပါတယ် " ဟု ECOP ယာယီဥက္ကဋ္ဌ ဆာဂျီယိုအောတစ်လူဝစ်ဂျူနီယာက ပြောသည်။

အလုပ်အကိုင်ခန့်ထားရာတွင် ခွဲတမ်းများ သတ်မှတ်ပေးခြင်းဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အခက်အခဲများ ပိုမိုတွေ့ရှိနိုင်ရုံသာမက ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်လာအောင် ဆွဲဆောင်ရာတွင် အခက်အခဲရှိနိုင်ကြောင်း ECOP ကပြောသည်။

အောက်လွှတ်တော်တွင် တင်ပြထားသော ဥပဒေမူကြမ်းလေးခုအနက် သုံးခုတွင် PWD များအား ခန့်ထားရန် ခွဲတမ်းပြဋ္ဌာန်းချက်များပါရှိပြီး ခွဲတမ်းနှင့် မကိုက်ညီပါက ကုမ္ပဏီကို ငွေဒဏ်ချမှတ်ခြင်း သို့မဟုတ် တာဝန်ရှိသူများကို ထောင်ချခြင်းနှင့် နိုင်ငံခြားသားအမှုဆောင်များကို ပြည်နှင်ဒဏ်ပေးသည့် ပြဋ္ဌာန်းချက်များပါဝင်ကြောင်း ECOP ကပြောသည်။

# ဗီယက်နမ်မှထုတ်လုပ်သော ကွန်ပျူတာပစ္စည်းများအား ပြည်ပသို့တင်ပို့မှု စံချိန်တင်မြင့်တက်

ယခုနှစ် မတ်လတွင် ဗီယက်နမ်နိုင်ငံ၏ ကွန်ပျူတာ၊ အီလက်ထရွန်းနစ်ပစ္စည်းထုတ်ကုန်နှင့် အပိုပစ္စည်းများ ပြည်ပသို့ တင်ပို့ရာမှ ရရှိသော ဝင်ငွေသည် မကြုံဖူးအောင် စံချိန်တင်မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၉ ဘီလီယံအထိ ရောက်ရှိခဲ့သည်ဟု အထွေထွေအကောက်ခွန်ဦးစီးဌာနမှ ပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ယခုဝင်ငွေမှာ ယခင်လက ရရှိခဲ့သော ဝင်ငွေနှင့်နှိုင်းယှဉ်ပါက ၂၇ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

၂၀၁၇ ခုနှစ် ပထမသုံးလပတ်တွင် ဤထုတ်ကုန်အမျိုးအစားများကို ပြည်ပသို့တင်ပို့ရာမှ ရရှိသော စုစုပေါင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၂ ဘီလီယံရှိခဲ့ရာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၄၇ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ဗီယက်နမ်မှတင်ပို့သော ဤထုတ်ကုန်အမျိုးအစားများကို တရုတ်နိုင်ငံက အများဆုံး တင်သွင်းလျက်ရှိပြီး ယခုနှစ်ပထမ သုံးလပတ်တွင် ရရှိသော ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇ ဘီလီယံရှိခဲ့ရာ နှစ်အလိုက်နှိုင်းယှဉ်ပါက ၁၂၃ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံပြီးလျှင် ဥရောပသမဂ္ဂ(အီးယူ) က ဒုတိယအများဆုံးတင်သွင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ ဘီလီယံရှိခဲ့ရာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။



ဗီယက်နမ်ကွန်ပျူတာ၊ အီလက်ထရွန်းနစ်ပစ္စည်းနှင့် အပိုပစ္စည်းများကို နိုင်ငံပေါင်း ၃၀ ဝန်းကျင်သို့ တင်ပို့လျက်ရှိသော်လည်း တရုတ်နိုင်ငံနှင့်အီးယူသို့တင်ပို့မှုမှာ စုစုပေါင်း ပြည်ပတင်ပို့မှု၏ ၄၄ ရာခိုင်နှုန်းရှိသည်။

တစ်ချိန်တည်းမှာပင်ကွန်ပျူတာ၊ အီလက်ထရွန်းနစ်ထုတ်ကုန်နှင့် အပိုပစ္စည်းများကို ဗီယက်နမ်နိုင်ငံသို့ တင်သွင်းမှုမှာ မတ်လအတွင်းက အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၉ ဘီလီယံရှိခဲ့ရာ ဖေဖော်ဝါရီနှင့်နှိုင်းယှဉ်ပါက ၂၀ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

၂၀၁၇ ခုနှစ် ပထမသုံးလပတ်တွင် ဤကုန်ပစ္စည်း အမျိုးအစားများကို ဗီယက်နမ်နိုင်ငံသို့ တင်သွင်းမှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး နှစ်အလိုက်နှိုင်းယှဉ်ပါက ၁၆ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ဗီယက်နမ်က အဓိကအားဖြင့် တင်သွင်းသော နိုင်ငံများမှာ တောင်ကိုရီးယား၊ တရုတ်နှင့် တရုတ်(ထိုင်ပေ)တို့ဖြစ်သည်။

# အဆုတ်ကင်ဆာဆေးတွင် ဘေးထွက်ဆိုးကျိုး ရှိကြောင်း သတင်းပို့နောက်ကျသဖြင့် တောင်ကိုရီးယား ဟန်မီကုမ္ပဏီကို တရားစွဲ

ကင်ဆာကုသရေးဆေးဝါး မျိုးဆက်သစ်ကို ဆေးခန်းများတွင် စမ်းသပ်ကုသမှု (Clinical Trials) ကာလအတွင်း လူနာတစ်ဦးတွင် ဆိုးရွားသော ဘေးထွက်ဆိုးကျိုးဖြစ်ပွားခဲ့သည်ကို တောင်ကိုရီးယားဆေးဝါးကုမ္ပဏီ ဟန်မီက သတင်းပေးပို့ရန် နောက်ကျခဲ့ပြီး အဆိုပါဆေးဝါးကို Olite Tab ဟူသော ကုန်အမှတ်တံဆိပ်ဖြင့် ရောင်းချလျက်ရှိနေကြောင်း ကိုရီးယားဟာရယ်သတင်းတွင် ဖော်ပြသည်။

ဆေးခန်းများတွင် စမ်းသပ်ကုသမှု အခြေအနေကို အစီရင်ခံတင်ပြရန် ပြဋ္ဌာန်းထားသော ဥပဒေများကို တောင်ကိုရီးယား ဆေးဝါးကုမ္ပဏီက ချိုးဖောက်ခဲ့ကြောင်း ကိုရီးယားစာရင်းစစ်နှင့် စစ်ဆေးရေးဘုတ်အဖွဲ့ (BAI) က ဧပြီ ၁၇ ရက်တွင် ကြေညာခဲ့သည်။

ဟန်မီကုမ္ပဏီသည် ဆိုးရွားသော ဘေးထွက်ဆိုးကျိုးများကို ရည်ရွယ်ချက်ရှိရှိဖြင့် တမင်နောက်ကျ အစီရင်ခံပြီး ဆေးဝါးကို အတည်ပြုချက် ရယူခဲ့ကြောင်း အချို့သော ရှေ့နေများက စွပ်စွဲခဲ့ပြီးနောက် ဘုတ်အဖွဲ့က စုံစမ်းစစ်ဆေးခဲ့သည်။

အဆုတ်ကင်ဆာပျောက်ဆေးကို ရောင်းချနိုင်ရန် လိုင်စင်ရရှိရေးအတွက် ဆောင်ရွက်ရာတွင် (Boehringer Ingelhein) ကုမ္ပဏီက အမေရိကန်ဒေါ်လာသန်း ၇၃၀ ထည့်ဝင်ပြီး ဟန်မီကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက် ရန် ၂၀၁၆ ခုနှစ်က သဘောတူထားခဲ့သည်။ သို့သော်လည်း ပြင်းထန်ဆိုးရွားသော ဘေးထွက်ဆိုးကျိုးနှင့် ပတ်သက်၍ ပြဿနာပေါ်ပေါက်ခဲ့ပြီးနောက် ပူးပေါင်းဆောင်ရွက်မှုကို ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့သည်။

ဆေးခန်းများ၌ ကုသရာတွင် တွေ့ရှိရသော အခြေအနေများကို စစ်တမ်းပြုလုပ်နေစဉ်ကာလအတွင်း ၂၀၁၅ ခုနှစ် ဇွန်လအတွင်းက Olite Tab ဖြင့် ကုသမှုခံယူနေသော လူနာတစ်ဦးမှာ အသက်အန္တရာယ်ရှိသည့် ရောဂါလက္ခဏာတစ်မျိုးဖြစ်သည့် Stevens Johnson Syndrome ကို ခံစားခဲ့ရသည်ကို တွေ့ရှိခဲ့ရသည်။ သို့သော်လည်း စစ်တမ်းကောက်ယူမှုကို တာဝန်ယူဆောင်ရွက်ရသူက အစီရင်ခံစာကို ကြီးကြပ်ရေး အေဂျင်စီသို့ ချက်ချင်းမတင်ပြခဲ့ကြောင်း တွေ့ရသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ဒေါ်လာ တန်ဖိုးသည်မြင့်မားလွန်းနေကြောင်း၊ ဒေါ်လာတန်ဖိုး မြင့်မားမှုကြောင့် နောက်ဆုံးတွင် အမေရိကန် စီးပွားရေးကို ထိခိုက်နိုင်ကြောင်းနှင့် သူ့အမြင်အရ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်အတိုးနှုန်းကို နှိမ့်ချထားလိုကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဝေါစထရိဂျာနယ်နှင့် ဧပြီ ၁၂ ရက်က ပြုလုပ်သော တွေ့ဆုံမေးမြန်းခန်းတွင် ပြောသည်။ ထိုသို့ ဝေဖန်ပြောကြားပြီးနောက်ပိုင်းတွင် အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းခဲ့သည်။

သို့သော်လည်း လွန်ခဲ့သည့်ရက်သတ္တနှစ်ပတ်ခန့်က အခြေအနေနှင့် နှိုင်းယှဉ်ပါက အာရှငွေကြေးအများစုကို ရင်းနှီးမြှုပ်နှံသူတို့က စိတ်ဝင်စားမှု ကျဆင်းလာခဲ့သည်။ အမေရိကန် ပြည်ထောင်စု၏ အလုပ်အကိုင်နှင့် ပတ်သက်သော အခြေအနေကို ဧပြီ ၂၀ ရက်က ထုတ်ပြန်ခဲ့ရာ အလုပ်လက်မဲ့ခံစားခွင့် တောင်းဆိုမှုများမှာ မူလခန့်မှန်းချက်ထက် ပိုမိုမြင့်မားနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ဧပြီ ၂၀ ရက်က အခြားအဓိက ငွေကြေးများနှင့် ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုးမှာ အတက်အကျ အမျိုးမျိုးရှိခဲ့သည်ကို တွေ့ရပြန်သည်။

**တရုတ်ယွမ်**

အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် တရုတ်ယွမ်ငွေ တန်ဖိုးသည် ဧပြီ ၂၁ ရက်က ဒုတိယနေ့အဖြစ်ဆက်လက် ခိုင်မာလာသည်။ ဟောင်ကောင်ရှိ ငွေလက်ငင်းဈေးကွက်တွင် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာ၌ ယွမ်ငွေတန်ဖိုးသည် သုညဒသမ ဝ၃ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၈၀၀ ယွမ်နှုန်းဖြစ်ခဲ့သည်။ ဟောင်ကောင်တွင် ရောင်းဝယ်လျက်ရှိသော Offshore ယွမ်ငွေကြေးမှာ ယခင်နေ့က အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၈၄၅ ယွမ်နှုန်းရှိရာမှ ဧပြီ ၂၁ ရက်တွင် ၆ ဒသမ ၈၈၀၁ ယွမ်နှုန်းထိ ယွမ်တန်ဖိုးမြင့်တက်ခဲ့သည်။ တရုတ် ဗဟိုဘဏ်ကမူ ဗဟိုဘဏ်ရည်ညွှန်းဖလှယ်နှုန်းအဖြစ် အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၈၈၂၃ ယွမ်နှုန်း သတ်မှတ်ခဲ့သည့်အတွက် ယခင်နေ့က ဖလှယ်နှုန်းအောက် သုညဒသမ ၃၁ ရာခိုင်နှုန်းကျဆင်းသည်။

**အိန္ဒိယရူပီး**

သွင်းကုန် လုပ်ငန်းရှင်များနှင့် ဘဏ်များက အမေရိကန်ဒေါ်လာဝယ်လိုအား မြင့်မားလာသည့်အတွက် ဘဏ်အချင်းချင်း နိုင်ငံခြားငွေ ဖလှယ်ရေးဈေးကွက်တွင် ရူပီးတန်ဖိုးက သုညဒသမ ဝ၉ ရူပီးနှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆၄ ဒသမ ၆၅ ရူပီးနှုန်း ရှိခဲ့သည်။

ပြည်ပဈေးကွက်များတွင် အခြားငွေကြေးများနှင့်ဖလှယ်ရာ၌ ဒေါ်လာတန်ဖိုး ခိုင်မာမှုက ရူပီးတန်ဖိုး ကျဆင်းမှုကို အထောက်အကူ ဖြစ်စေခဲ့သော်လည်း ပြည်တွင်းရှယ်ယာဈေးကွက်တွင် အိန္ဒိယစတော့ ရှယ်ယာများဈေးနှုန်း မြင့်မားမှုက ရူပီးတန်ဖိုး ကျဆင်းမှုကို သက်သာရာရစေခဲ့သည်။

**ဂျပန်ယန်း**

အမေရိကန်နိုင်ငံ၏ အလုပ်အကိုင် အခြေအနေ ကျဆင်းလာသည်ကိုတွေ့ရပြီးနောက် အမေရိကန်ဒေါ်လာတန်ဖိုးမှာ အတက်အကျ အမျိုးမျိုးရှိခဲ့သည်။ သို့သော်လည်း ယန်းငွေနှင့် ဖလှယ်ရာတွင်မူ ဧပြီ ၂၁ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ကို ၁၀၉ ဒသမ ၃၂ ယန်းနှုန်းရှိခဲ့ရာ ယခင်နေ့က ရှိခဲ့သော ၁၀၈ ဒသမ၇၂ ယန်းနှုန်းထက် ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့သည်။ နယူးယောက် ဈေးကွက်တွင် ယူရိုငွေကြေးနှင့် ဖလှယ်ရာတွင်လည်း တစ်ယူရိုကို ၁ဒသမ ဝ၇၂၁ ဒေါ်လာနှုန်း ရှိခဲ့ရာမှ ဧပြီ ၂၁ ရက်တွင် တစ်ယူရိုကို ၁ ဒသမ ဝ၇၁၈ ဒေါ်လာ နှုန်းရှိခဲ့သည့်အတွက် အမေရိကန် ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့သည်။

**မလေးရှားရင်းဂစ်**

အမေရိကန်သမ္မတက အမေရိကန် ဗဟိုဘဏ်အတိုးနှုန်း နိမ့်ကျနေသည်ကို သဘောကျကြောင်း ပြောကြားခဲ့ပြီးနောက်ပိုင်း အမေရိကန်ဒေါ်လာကို ရင်းနှီးမြှုပ်နှံသူတို့ စိတ်ဝင်စားမှုကျဆင်းလာသည့်အတွက် ဧပြီ ၂၁ ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးအနည်းငယ် မြင့်တက်ခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ငွေကြေးတို့၏ ဖလှယ်နှုန်းသည် ဧပြီ ၂၀ ရက် ညနေ ၆ နာရီတွင် အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၃၉၆၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၃၉၅၀ ရင်းဂစ်နှုန်းရှိခဲ့သည်။ အခြားငွေကြေးများနှင့် ဖလှယ်ရာတွင်လည်း ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့သည်။

**တောင်ကိုရီးယားဝမ်**

နည်းပညာ ကုမ္ပဏီများနှင့် ဆက်သွယ်ရေး ကုမ္ပဏီများ၏ စတော့ရှယ်ယာများမြင့်တက်မှုကြောင့် ဧပြီ ၁၉ ရက်နေ့ နံနက်ပိုင်းက တောင်ကိုရီးယား စတော့ရှယ်ယာများ၏ တန်ဖိုးမြင့်တက်ခဲ့သည်။ မြောက်ကိုရီးယားနှင့် ပတ်သက်သော ပထဝီနိုင်ငံရေး တင်းမာမှုများက ယခုရက်သတ္တပတ်အတွင်း ရိုက်ခတ်မှုရှိခဲ့သည်။ သို့သော်လည်း အမေရိကန်ဒေါ်လာနှင့် ဝမ်ငွေကြေး ဖလှယ်နှုန်းမှာ ဧပြီ ၂၁ ရက်က တစ်ဒေါ်လာကို ၁၁၃၈ ဒသမ ၁၀ ဝမ်နှုန်းရှိခဲ့ရာ ယခင်နေ့ ဈေးပိတ်ချိန်ကထက် ၁ ဒသမ ၇၀ ဝမ်နှုန်း မြင့်တက်ခဲ့သည်။

**ထိုင်းဘတ်**

ထိုင်းဘတ်ငွေတန်ဖိုး အတက်အကျ မြင့်မားလာမည်ဆိုပါက ဗဟိုဘဏ်က အရေးယူရန် အသင့်ရှိကြောင်း ထိုင်းဗဟိုဘဏ် အုပ်ချုပ်ရေးမှူး ဗီးရာထိုင်းဆန်တီပရာဘိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ထိုင်းဘတ်ငွေတန်ဖိုးသည် ၂၁ လအတွင်း အမြင့်ဆုံးဖြစ်သော ဖလှယ်နှုန်း ဝန်းကျင်တွင်ရှိနေကြောင်း သူကပြောသည်။ အမေရိကန်ဒေါ်လာနှင့် ထိုင်းဘတ်ငွေဖလှယ်နှုန်းသည် ဧပြီ ၂၀ ရက်က အမေရိကန် တစ်ဒေါ်လာကို ၃၄ ဒသမ ၂၉ ဘတ်နှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့ နံနက်ပိုင်းတွင် တစ်ဒေါ်လာကို ၃၄ ဒသမ ၃၅ ဘတ်နှုန်းအထိ ရောက်ရှိခဲ့ပြီး ဘတ်ငွေတန်ဖိုး ကျဆင်းခဲ့သည်။




## စတုတ္ထသုံးလပတ်တွင် မလေးရှား ဗဟိုဘဏ်မူဝါဒ အတိုးနှုန်း မြှင့်တင်ပေးမည့် အလားအလာ ၃၀ ရာခိုင်နှုန်းသာရှိ

၂၀၁၇ ခုနှစ် စတုတ္ထသုံးလပတ် တွင် မလေးရှားဗဟိုဘဏ်၏ မူဝါဒအတိုးနှုန်းဖြစ်သည့် Overnight Policy Rate (OPR) ကို သုညဒသမ ၂၅ ရာခိုင်နှုန်း တိုးမြှင့်ပေးမည့် အလားအလာမှာ ၃၀ ရာခိုင်နှုန်းသာရှိသည်ဟု AmBank Research သုတေသနဌာနကပြောကြောင်း စတားအွန်လိုင်း သတင်းတွင် ဖော်ပြသည်။

သို့သော်လည်း အခြေခံကျသော အလားအလာများအရ ယခုနှစ်အတွင်း အတိုးနှုန်းကို တိုးမြှင့်ပေးမည့် အလားအလာမရှိကြောင်း AmBank Research သုတေသနအဖွဲ့ အကြီးအကဲ အန်ထော်နီဒပ်စ်က ပြောသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ အဓိကအားဖြင့် ပြည်ပတွင်ဖြစ်ပေါ်နေသည့် မရေရာမှုများကြောင့် ဖြစ်သည်။ လောလောဆယ်တွင် မလေးရှားဗဟိုဘဏ်က OPR အတိုးနှုန်းကို သုံးရာခိုင်နှုန်း သတ်မှတ်ထားသည်။

“ဖြစ်နိုင်တဲ့ အခြေအနေကတော့ ၂၀၁၇ ခုနှစ်၊ စတုတ္ထပတ်လောက်မှာ မလေးရှားဗဟိုဘဏ်က OPR နှုန်းကို သုည ဒသမ ၂၅ ရာခိုင်နှုန်းတိုးပြီး ၃ ဒသမ ၂၅ ရာခိုင်နှုန်းသတ်မှတ်ဖို့ အလားအလာက ၃၀ ရာ ခိုင်နှုန်းရှိနေပါတယ်” ဟု သူကပြောပါတယ်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်က မလေးရှားဗဟိုဘဏ်သည် OPR နှုန်းကို သု ညဒသမ ၂၅ ရာခိုင်နှုန်း လျှော့ချပြီး သုံးရာခိုင်နှုန်း သတ်မှတ်ပေးခဲ့သည်။ ယခုကဲ့သို့ လျှော့ချခြင်းမှာလည်း ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်သည့် ဂယက်ကြောင့် ဖြစ်သည်။ ဗဟိုဘဏ်၏ ငွေကြေးမူဝါဒဆုံးဖြတ်ချက်ကို မေ ၁၂ ရက်တွင် ကြေညာမည်ဖြစ်သည်။

## ဂျပန်အစိုးရက ပုဂ္ဂလိက စီးပွားရေး ပညာရှင်များကို ဂျပန်ဗဟိုဘဏ် ဘုတ်အဖွဲ့ဝင်အဖြစ် အမည်စာရင်းတင်သွင်း

အဖွဲ့ဝင်ကိုးဦးရှိသော ဂျပန် ဗဟိုဘဏ်ဘုတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရန် မစ်ဆူဘီရှိဘဏ် သုတေသနနှင့် အတိုင်ပင်ခံလုပ်ငန်းဆိုင်ရာ စီးပွားရေးပညာရှင် ဂိုရှိကာတာအိုကာအား ဂျပန်အစိုးရက ဧပြီ ၁၈ ရက်က အမည်စာရင်း တင်သွင်းခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အလားတူပင် တိုကျိုမစ်ဆူဘီရှီဘဏ်၏ ညွှန်ကြားရေးမှူး တစ်ဦးဖြစ်သူ အသက် ၆၃ နှစ်အရွယ်ရှိ ဟိတိုရှိဆူဇူကီးကို ဘုတ် အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ရန်လည်း အစိုးရက အမည်စာရင်း တင်သွင်းထားကြောင်း ပါလီမန်အရာရှိတစ်ဦးက ပြောသည်။

ကာတာအိုကာနှင့် ဆူဇူကီးတို့သည် ဇူလိုင်တွင် သက်တမ်းပြည့်တော့မည့် ဈေးကွက်ပညာရှင် တာကာဟိဒဲကီအုချိနှင့် တာကာဟိဒဲဆာတိုတို့ နေရာများတွင် အစားထိုး ဝင်ရောက်ရမည်ဖြစ်သည်။

ကီအုချိနှင့် ဆာတိုတို့သည် ဗဟိုဘဏ်မူဝါဒများနှင့် ပတ်သက်၍ ကာလရှည်ကြာစွာ ဆန့်ကျင်ခဲ့ကြသူများဖြစ်ရာ ယခုကဲ့သို့ လူသစ်များကို အစားထိုး ခန့်အပ်လိုက်သည်ကို ကြည့်ခြင်းအားဖြင့် ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး ဟာရူဟိကိုကူဆိုဒါ၏ စီးပွားရေးလှုံ့ဆော်အားပေးရေး အစီအစဉ်ကို ဆန့်ကျင်သူနည်းသွားမည်ဟု ယူဆရသည်။

ကာတာအိုကာသည် ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ စီးပွားရေးဖွံ့ဖြိုးမှု မူဝါဒများကို နှစ်သက်သူဖြစ်သဖြင့် ရွေးချယ်ခံရခြင်းဖြစ်ဟန်တူကြောင်း ကာတာအိုကာ၏အကြောင်းကို သိသူတစ်ဦးက ပြောသည်။ ဆူဇူကီး၏ ငွေကြေးမူဝါဒ ရပ်တည်ချက်ကို သိသူနည်းသော်လည်း ဗဟိုဘဏ်မူဝါဒကို အဟန့်အတားပြုမည့်သူ မဟုတ်ဟု ယူဆကြသည်။

ဘဏ်တင်-စုစည်းတင်ပြသည်




No (42/A), New University Avenue Road, Bahan Township, Yangon. ( 5 Movie ရုံးချုပ်အနီး၊ ဆွေထိုင်းစားသောက်ဆိုင်ရှေ့ )၊ Ph: 01 860 3921



C B BANK

# Smart Savings

စုဆောင်းငွေ အလိုက် အတိုး ပိုမိုရရှိနိုင်မည့် အခွင့်အရေး

**8.25%** ကျပ်သိန်း (၁၀၀)အောက်

**8.35%** ကျပ်သိန်း (၁၀၀)နှင့် (၅၀၀) အတွင်း

**8.50%** ကျပ်သိန်း (၅၀၀)နှင့်အထက်

**ဧပြီလ (၃)ရက်**နေ့မှ စတင်၍ **CB Bank** ခွဲတိုင်းတွင်ဆောင်ရွက်နိုင်ပါပြီ . . .

www.cbbank.com.mm Call Center: (95-1) **231 777 0**

# COMMERCE INTERNATIONAL

## ကိုယ်ပိုင်ကုန်အမှတ်တံဆိပ်ထူထောင်ရာတွင် ဗီယက်နမ်အက်စ်အမ်အီးတို့ အထောက်အပံ့လိုအပ်




ဗီယက်နမ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှာ ငွေအရင်းအနှီး၊ စီမံခန့်ခွဲမှု၊ နည်းပညာနှင့် ကုန်အမှတ်တံဆိပ် ထူထောင်ရေးတို့ကို ဆောင်ရွက်ရာတွင် အကန့်အသတ်များရှိနေသည့်အတွက် ကမ္ဘာ့စျေးကွက်ကြီးနှင့် ပေါင်းစည်းရန် ဆောင်ရွက်သည့်အခါ ဗီယက်နမ်ရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (အက်စ်အမ်အီး) အတွက် ထောက်ပံ့ကူညီမှုများ လိုအပ်နေကြောင်း ဗီယက်နမ်လက်လီရောင်းချသူများအသင်း (Vietnam Retailars Association -VRA) က ပြောသည်။

အက်စ်အမ်အီးများသည် ဗီယက်နမ်စီးပွားရေးလုပ်ငန်းတွင် အများဆုံးပါဝင်သော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းနှင့် အရင်းအမြစ်၊သုတေသနနှင့်ဖွံ့ဖြိုးမှုစသည့် နယ်ပယ်စုံတွင် အလူးအလဲရုန်းကန်နေရကြောင်း ဧပြီ ၂၀ ရက်က ဟိုချီမင်းစီးတီးတွင် "Brand Story" အမည်ဖြင့် ကျင်းပသော နှီးနှောဖလှယ်ပွဲတွင် VRA ဥက္ကဋ္ဌ ဒင်သီမိုင်လုန်းက ပြောကြောင်း ဗီယက်နမ်နယူးစ်တွင် ဖော်ပြသည်။

ကုန်ကျစရိတ်မြင့်မားခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မှု မရှိခြင်းနှင့် လက်လီရောင်းချရေး လုပ်ငန်းရှင်များ၊ ကုန်ပစ္စည်းဖြန့်ဖြူးသူများနှင့် ဆက်သွယ်ရာတွင် အခက်အခဲရှိခြင်းတို့ကြောင့် အက်စ်အမ်အီးလုပ်ငန်းများမှာ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ စွမ်းဆောင် ရည်ကိုပြည့်ဝစွာ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း သူမက ပြောသည်။

ကုမ္ပဏီများ အထူးသဖြင့် အက်စ်အမ်အီးများအတွက် ကုန်အမှတ်တံဆိပ် ထူထောင်ရေးမှာ အရေးပါကြောင်းနှင့် ဗီယက်နမ် အက်စ်အမ်အီးများမှာ ကုန်အမှတ်တံဆိပ် ထူထောင်ရာတွင် ခက်ခဲပင်ပန်းစွာ ရုန်းကန်နေရကြောင်းလည်း ထပ်လောင်းပြောကြားသည်။

သူ၏ ကုမ္ပဏီမှထုတ်လုပ်သော ကော်ဖီကို သမားရိုးကျ လမ်းကြောင်းမှ ဖြန့်ဖြူးရာတွင် ကောင်းမွန်စွာ ရောင်းချနိုင်ခဲ့ကြောင်း၊ ခေတ်မီလမ်းကြောင်းများမှ ဖြန့်ဖြူးရာတွင်မူ အရည်အသွေး၊ ထုပ်ပိုးမှုနှင့် လက်လီရောင်းချရေး လုပ်ငန်းများအတွက် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းရာတွင်မူ အခက်အခဲရှိသဖြင့် ပြဿနာများနှင့်ရင်ဆိုင်ခဲ့ရကြောင်း လောင်ထရီယူ ကော်ဖီထုတ်လုပ်ရေးလုပ်ငန်းပိုင်ရှင် ငုယင်ဇွမ်တွန်က သူ့အတွေ့အကြုံကို ပြောပြသည်။

အလားတူ အခက်အခဲများကြောင့် စူပါမားကက်များတွင် သူ၏ထုတ်ကုန်များကို ရောင်းချရာ၌ အခက်အခဲရှိကြောင်း ဟွန်ထိုင်းလက်ဖက်ခြောက် ကုမ္ပဏီမှ ညွှန်ကြားရေးမှူး ဒိုမန်းကွန်က ပြောသည်။

လက်လီရောင်းချရေးစျေးကွက်အတွင်း ဝင်နိုင်စေရန်၊ စီမံခန့်ခွဲမှု အရည်အသွေး ပြည့်ဝစေရန်နှင့် ထုတ်ကုန်ဖွံ့ဖြိုးရေး တိုးတက်စေရန် အရည်အသွေးရှိသော အက်စ်အမ်အီးများအား သင်တန်းများ ပေးလျက်ရှိကြောင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ ကုန်အမှတ် ထူထောင်ရေးနှင့် အရင်းအမြစ်များ စီမံခန့်ခွဲရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း၊ အထောက်အပံ့များ ပေးလျက်ရှိကြောင်း Big C ကုမ္ပဏီ၏ အက်စ်အမ်အီးထောက်ပံ့ရေးနှင့် ဖွံ့ဖြိုး ရေးဌာနခွဲ ညွှန်ကြားရေးမှူး လေသန်းထရန်က ပြောသည်။

ပြိုင်ဆိုင်မှု ပြင်းထန်လျက်ရှိသော စျေးကွက်အတွင်းသို့ ဝင်ရောက်နိုင်ရန်အတွက် အက်စ်အမ်အီးများက ကုန်အမှတ်တံဆိပ်ထူထောင်ရာတွင် ကုန်ပစ္စည်းဖြန့်ဖြူးသူများ၊ အာဏာပိုင်များနှင့် စီးပွားရေးလုပ်ငန်းအုပ်စုများ၏ ထောက်ပံ့မှုလိုကြောင်း VRA ဥက္ကဋ္ဌက ပြောသည်။

## အိန္ဒိယနိုင်ငံတွင် သကြားရှားပါးပြတ်လပ်မှုမရှိစေရန် သကြားပိုမိုတင်သွင်းရန်လိုအပ်



အိန္ဒိယ၏ သကြားလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ကြံကြိတ်ခွဲရေးနှင့် သကြားသန့်စင်ရေးလုပ်ငန်းများအား သကြားကုန်ကြမ်း တန်ချိန် ငါးသိန်းကို အခွန်လွတ် တင်သွင်းခွင့်ပြုထားပြီးဖြစ်သော်လည်း လာမည့် လများတွင် ဖြစ်ပေါ်လာမည့်လိုအပ် ချက်များကို ဖြည့်ဆည်းရန် လုံလောက်မှုမရှိနိုင်သေးကြောင်း ဟိန္ဒူဘိစနက်လိုင်းသတင်းတွင် ဖော်ပြထားသည်။

စျေးနှုန်းများအဆမတန် မြင့်တက်မှု မဖြစ်စေရန်နှင့် ဒေသတွင်းစျေးကွက်များတွင် ဆိုးရွားသော အကျိုးဆက်များကို မဖြစ်ပေါ်စေရန်အတွက် နောက်ထပ် တန်ချိန် ၁၅ သိန်းနှင့် သိန်း ၂၀ ကြား တင်သွင်းရလိမ့်မည်ဟု ခန့်မှန်းကြသည်။

သကြားရှားပါးမှု ဖြစ်နေသည်ဟု အပြောများနေသော အရှေ့ပိုင်းဇုန်အတွက် သကြားတန် ၅၀၀၀၀မျှသာတင် သွင်းခွင့်ရထားသည်။ တောင်ပိုင်းဇုန်မှာမူ ကြံအထွက် အဆမတန် နည်းပါးနေသည့်အတွက် တန်ချိန်သုံးသိန်းတင်သွင်းရပြီး အနောက်ပိုင်းဇုန်များမှာကျန်ရှိသော ပမာဏကို တင်သွင်းခွင့်ရရှိထားသည်။

ပြည်ပမှ တင်သွင်းမည့် သကြားကုန်ကြမ်းမှာ အိန္ဒိယနိုင်ငံအတွင်းသို့ ဇွန် ၃၀ ရက်မတိုင်မီ ရောက်ရှိလာ တော့မည်ဖြစ်သည်။ အပြည်ပြည် ဆိုင် ရာ စျေးကွက်တွင် သကြားကြမ်း တန်ဖိုးမှာ တစ်တန်ကို အမေရိကန် ဒေါ်လာ ၃၇၀ ရှိသည်။ မကြာသေးမီက အမေရိကန် ဒေါ်လာနှင့် ဖလှယ်ရာတွင် ရူပီးတန်ဖိုး မြင့်တက်လာသည့်အတွက် သွင်းကုန်သမားများကို အကျိုးဖြစ်ထွန်းစေနိုင်သည်။ တစ်တန်ကို ရူပီး ၅၀၀၀ သာရှိမည်ဖြစ်သည့်အတွက် ပြည်ပမှ တင်သွင်းလာသော သကြားကြမ်းနှင့် ပြည်တွင်းသကြားစျေးနှုန်း ကွာခြားချက်မှာ မက်လောက်စရာဖြစ်သည်။ ကမ္ဘာ့စျေးကွက်တွင် ဖြစ်ပေါ်နေသော သကြားစျေးမှာ စားသုံးသူ စိတ်ကြိုက် စျေးမျိုးဖြစ်နေသည်။

သကြားကို အက်သနော ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့်အတွက် ရေနံစိမ်းစျေးနှုန်းကျဆင်းမှုကလည်း သကြားစျေးအတက်အကျကို အထိန်းအကွပ်ဖြစ်စေနိုင်သည်။ အချို့သော လေ့လာဆန်းစစ်သူတို့က ရေနံစျေးနှုန်း မြင့်တက်လာနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းထားရာ အမှန်တကယ် ဖြစ်လာပါက သကြားစျေးနှုန်း ထပ်မံမြင့်တက်ရန် အထောက်အကူဖြစ်နိုင်သည်။

အိန္ဒိယနိုင်ငံ၏ ကြံစိုက်ပျိုးမှု သည် ဟက်တာ ငါးသန်း ကျော်လွန်မည်၊ လာမည့်ရာသီတွင် ကြံအထွက်သည် တန် သန်း ၃၀၀ ကျော်အထိ ထွက်ရှိမည်ဖြစ်ရာ သကြားထုတ်လုပ်မှုသည် ၂၀၁၆-၂၀၁၇ ခုနှစ်က ထုတ်လုပ်ခဲ့သော တန်ချိန် သန်း ၂၀ ထက် ပိုမိုလာမည်ဟု ခန့်မှန်းရသည်။ ဤအခြေအနေအရ ဆိုပါက သကြားစျေးသည် ဆက်လက်မြင့်တက်နိုင်ဖွယ်ရှိသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ဒစ်ဂျစ်တယ်ထူထောင်စ လုပ်ငန်းသစ် စီမံကိန်းများအတွက် ထိုင်းနိုင်ငံက တက္ကသိုလ် ၄၃ ခုနှင့် ပူးပေါင်းဆောင်ရွက်မည်

ထိုင်းနိုင်ငံတွင် ဒစ်ဂျစ်တယ် ထူထောင်စလုပ်ငန်းများအတွက် ရည်ရွယ်ပြီး "Digital Start-up Thailand" ဟူသောအမည်ဖြင့် စီမံကိန်းတစ်ခုကို အကောင် အထည်ဖော်ရေးအတွက် ထိုင်းနိုင်ငံ ဒစ်ဂျစ်တယ် စီးပွားရေးမြှင့်တင်ရေး အေဂျင်စီ (Digital Economy Promotion Agency - Depa) က တက္ကသိုလ် ၄၃ ခုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လွန်ခဲ့သော စက်တင်ဘာလက စတင်အကောင်အထည်ဖော်ကာ ယခုနှစ်ကုန်တွင်အပြီးသတ် ဆောင်ရွက်မည့် စီမံကိန်းအေဂျင်စီက ဘတ်ဘီလီယံ ၁၁၇ သန်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း Depa ၏ ယာယီဥက္ကဋ္ဌ မီးသန်းနာရနောင်းက ပြောသည်။ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို နိုင်ငံတစ်ဝန်းရှိ ကျောင်းသားများအား လေ့ကျင့်ပေးနိုင်ရန် အဆိုပါတက္ကသိုလ်များတွင် လုပ်ငန်းအသစ်ထူထောင်ရေး ကလပ်အသင်းများထူထောင်ရန် အေဂျင်စီက တက္ကသိုလ် ၄၃ ခုနှင့် ပူးပေါင်းဆောင်ရွက်သွားရန် စီမံကိန်းတွင် ထည့်သွင်းရေးဆွဲထားသည်။

ဒစ်ဂျစ်တယ် လုပ်ငန်းသစ်များ ဖွဲ့စည်းရေးကို ထူထောင်ရန်အတွက် ပူးတွဲလုပ်ငန်းခွင်နေရာများ ထူထောင်သွားရန်လည်း အေဂျင်စီက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဒစ်ဂျစ်တယ်စွန့်ဦးတီထွင်သူများကို အားပေးသည့်အနေဖြင့် "Digital Start-up Thailand" ပြိုင်ပွဲများကိုလည်း အေဂျင်စီက ကျင်းပပေးသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် လျှောက်ထားသော စီမံကိန်းအဖွဲ့ ၅၀၀အနက်မှ စီမံကိန်းအဖွဲ့ ၄၀ကို ဆန်ကာတင် ရွေးချယ်မည်ဖြစ်သည်။ ရွေးချယ်ခံရသော စီမံကိန်းအဖွဲ့များအတွက် ပြည်တွင်း၊ ပြည်ပ၌ ဒစ်ဂျစ်တယ် ထူထောင်ရေးလုပ်ငန်းများ သင်တန်းတက်ရောက်နိုင်ရန် အခွင့်အလမ်းများ ထူထောင်ပေးသွားမည်ဖြစ်သည်။ နောက်ဆုံးရွေးချယ်သော အဖွဲ့ ၄၀ စာရင်းကို ဧပြီ ၂၈ ရက်မှ မေ ၁ ရက်အတွင်း ကြေညာသွားမည်ဖြစ်သည်။

အေဂျင်စီသည် ဒစ်ဂျစ်တယ်နှင့် တီထွင်ဆန်းသစ်ရေး ဖွံ့ဖြိုးမှုလုပ်ငန်းများကို ထောက်ပံ့ရန်နှင့် နိုင်ငံအတွင်းရှိ ပြည်သူများအတွက် ယှဉ်ပြိုင်နိုင်မှု အခွင့်အလမ်းကောင်းများဖန်တီးရန် နည်းပညာသစ်များကို ဖန်တီးရန်နှင့် စီမံကိန်းရေးဆွဲထားပြီးဖြစ်ကြောင်း Depa ဥက္ကဋ္ဌ ဒုတ်တာပွန်နင်မန်ဖတ်ချာရင်က ယခင်ရက်သတ္တပတ်အတွင်းက ပြောသည်။